
www.burmeseclassic.com

# ဒိုကိုရှူးဇင်

## ဘလက်တိုက်ဂါး



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# နိုက်ကိုရူးဇင်

ဘာလက်တိုက်ဂါး


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၆၇၀၅၀၅

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၀၈၀၅၁၁

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်၊


## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# နိုကဂိုရူးဇင်



## ဘလက်တိုက်ဂါး

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

ကွတ်နိုင်မြို့ထွက် ...

ခရစ်ယာန်သချိုင်းတစ်နေရာ ...

အချိန်က ညရှစ်နာရီ။

မိုးက သဲသဲမဲမဲ ရွာချနေသည်။

လေက တဝေါဝေါ တိုက်နေသည်။

"ဟင်"

သချိုင်းထဲက အုတ်ဂူတစ်ခုအနားမှာ ...

ညနေ ခြောက်နာရီကတည်းက "ကီ" ထိုင်နေတဲ့ ...

Black Tiger ခေါ် စိုင်းစက္က ...

ရုတ်တရက် ခပ်ရှူးရှူးလေး ပေါ်လာတဲ့ မိန်းကလေးတစ်ယောက်အသံကြောင့် ငြိမ်နေသောကိုယ်သည် ဆတ်ခနဲ လှုပ်ခါသွားရသည်။

"ဟော့ ... မပြေးနဲ့"

www.burmeseclassic.com



"မိအောင် လိုက်ဖမ်း"

"ဖြောက် ..."

"ဖြောက် ..."

"ဖျပ် ..."

"ဖျပ် ..."

ပြေးလွှားနေတဲ့ အသံတွေ ...

ပြေးနေတဲ့ မိန်းကလေးတစ်ယောက်နောက်ကို ကိုးတောင်ပြည့်ကျားစာစ်အုပ်က ဝိုင်းလိုက်နေတဲ့ အသံမျိုး ...

"ဟော့ ကောင်တွေ ဓာတ်မီးနဲ့ ထိုးထားစမ်း"

"သချိုင်းထဲ ဝင်ပြေးပြီကွ"

"လိုက်"

"လိုက်"

ရုတ်ရုတ်သဲသဲ ဖြစ်နေတာ သေချာသွားပြီ။

ပြေးနေတာ မိန်းကလေး ...

လိုက်နေတာ ယောကျာ်းလေးတွေ ...

ဘယ်လိုဖြစ်တာလဲ ...

ဒီအချိန်ကြီးကျမှ ...

မိုးတွေက ဒီလောက်သဲသဲမဲမဲ ရွာနေတဲ့ကြားထဲ ...

ပြီးတော့ ...

ပတ်ဝန်းကျင်းတစ်ခုလုံးကလည်း မည်းမှောင်လို့။



BURMESE CLASSIC



ခရစ်ယာန်သချိုင်း ...။

တောင်တန်းတွေပေါ်မှာ အုတ်ဂူတွေ အများကြီး။

"ဖျပ် ..."

"ဖျပ် ..."

"ဟိတ် ..."

"ဟင် ..."

မိပြီ။

ကောင်မလေးတစ်ယောက် ...

စိုင်းစက္က လက်ထဲမှာ ...

လဲကျမလို ဖြစ်သွားကာ စိုင်းစက္ကရဲ့ လက်တွေကာမြန်လို့ ...

"အို ..."

"လွှတ်"

"လွှတ်"

"မင်း ... မင်း ဘယ်သူလဲ"

စိုင်းစက္က ခပ်သွက်သွက် မေးလိုက်သည်။

"လူး ... လူးလူး"

"နောက်က လိုက်လာတဲ့လူတွေက"

"လူဆိုးတွေ"

သိပြီ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို စိုင်းစက္က သဘောပေါက်ပြီ။

"သွား … ဟိုအုတ်ဂူနောက်မှာ သွားပုန်းနေ"

တစ်ချက်တည်း …

စိုင်းစက္ကက သူမကို တွန်းလွှတ်လိုက်သည်။

"ဟင် …"

အမှောင်ထဲမှာ ရပ်နေတဲ့ စိုင်းစက္က …

သူ့ကိုယ်ပေါ်ကို ဓာတ်မီးရောင်တွေ စုပြုံကျလာသည်။

စိုင်းစက္ကရဲ့ မျက်လုံးတွေကို ဓာတ်မီးသုံးလက်က ဝိုင်းထိုးထားသည်။

စိုင်းစက္ကကို ကိုးတောင်ပြည့်ကျားတွေ တွေ့သွားပြီ။

"ဟော့ … ဟော့လူ … ဒီနားက ဖြတ်ပြေးသွားတဲ့ ကောင်မလေးတစ်ယောက်ကို တွေ့လိုက်လား"

"ခင်ဗျားတို့ ဘာလုပ်မလို့လဲ"

"တွေ့ရင် တွေ့တယ်ပြော၊ လျှာမရှည်နဲ့"

သူတို့ စိတ်တိုနေသည်။

ရှူးရှူးရှားရှား ဖြစ်နေသည်။

"ဟာ … ဟိုမှာ ဟိုအုတ်ဂူနောက်မှာ"

ဓာတ်မီးသမားတစ်ယောက် …

ကောင်မလေးကို တွေ့သွားသည်။





ကောင်မလေး လုံအောင်မပုန်းနိုင်။

"ဟိတ်"

"ဟင် …"

"ဖြေးဖြေး …"

တိုက်ကွက်က မြန်သည်။

ကောင်မလေးဆီကို ပြေးဝင်ဖို့ ခြေလှမ်းပြင်လိုက်တဲ့လူ …

တစ်ချက်တည်းနဲ့ မှောက်သွားသည်။

Black Tiger ခေါ် စိုင်းစက္ကရဲ့ သန်မာတဲ့ခြေထောက်။

စီးထားတဲ့ ဖိနပ်ကလည်း ယူအက်စ်အေလုပ် Globe Cat …

နံရိုးတွေ ကျိုးမသွားရင် ကံကောင်း …

"ဟာ …"

"ဟင် …"

ကျန်တဲ့လူတွေ တွန့်သွားသည်။

မသိမသာ နောက်ဆုတ်သွားသည်။

"ဟော့ကောင်တွေ"

ခေါင်းဆောင်လုပ်သူလို့ ထင်ရတဲ့လူတစ်ယောက်။

စိုင်းစက္ကကို ဝိုင်းထားဖို့ အချက်ပြလိုက်သည်။

"ကြာတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်း"

"အပြတ်ရှင်း"

တစ်ယောက်ပြီးတစ်ယောက် ...

ရှေ့ကို မိုက်မိုက်မဲမဲ တက်လာပြီ။

လူငါးယောက် ...

လျှပ်စီးရောင်အောက်မှာ ဓားတွေက ပြိုးခနဲ ပျက်ခနဲ ဝင်းလက်သွားသည်။

"ဝုစ် ..."

"ဝှီး ..."

"ချွင်း ..."

"ဒုတ် ..."

လေထဲကို ဝှီးခနဲ တက်လာတဲ့ ဓားတစ်စင်း။

"ဖြောင်း ..."

"ဘောင်း ..."

"အိ ..."

"အွတ် ..."

ဓားကို လက်နဲ့ ရိုက်အထုတ် ...

ပြီးတော့ လေထဲကို ခုန်အတက် ...

တစ်ပတ်လည်ပြီး မြေပေါ်ကို ပြန်အကျ ...





စိုင်းစက္ကူရဲ့ ခြေထောက်နှစ်ဖက်စလုံးက ဓားစကြာလို ဝှီးခနဲ လည်သွားပြီး မျက်နှာနှစ်ခုကို ပတ်ကန်ပြီးသား ဖြစ်သွားသည်။

"ဟာ ..."

"ဟင် ..."

ကျန်နေတဲ့ သုံးယောက် ...

မျက်လုံးတွေတောင် ပြူးလို့ ...

အသက်ရှူတွေတောင် မှားလို့ ...

Globe Cat နဲ့ ပြင်းထန်တဲ့ တိုက်ကွက် ...

တွဲဖက်ပစ်လိုက်တော့ ...

နောက်ကျတဲ့ခြေထောက် သစ္စာဖောက် ...

"ပြေး ..."

"ပြေး ..."

"ဆက်မလိုက်နဲ့တော့"

သူတို့ လူတွေတောင် သူတို့ ပြန်မသယ်နိုင်။

ပြေးလိုက်တာတန်းလို့ ...

အဖြူရောင် ဗင်ကားတစ်စီး ...

မိုးရွာထဲမှာ သည်အတိုင်း ရပ်ထားသည်။

သူတို့ ဗင်ကားပေါ် အလုအယက် တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လိဘာကုန် ဇွတ်နင်းပြီး မြို့ပြင်ဘက်ကို မောင်းထွက်သွားသည်။

"လာ ..."

မိုးရေတွေ စိုရွှဲပြီး တစ်ကိုယ်လုံး ခိုက်ခိုက်တုန်အောင် ချမ်းနေတဲ့ ကောင်မလေး ...

သူ ...

ကြောက်နေသည်။

စိုင်းစက္ကရဲ့ ဆိုင်ကယ်နောက်မှာ စိုင်းစက္ကကျောကို မျက်နှာအပ်ရင်း ပါလာသည်။

မြေလမ်း ...

တောင်ကုန်းတွေ တစ်ကုန်းပြီးတစ်ကုန်း တက်နေသည်။

"မင်း ... ကြောက်နေပြီလား"

"ကြောက်တာပေါ့"

သူမ မတက်ရဲ ...

"တက်လေကွာ"

သူမသည် မိုးရေထဲမှာ သည်အတိုင်း ရပ်နေသည်။

အိမ်ကလေးကို အံကြဲစော်ပြီး ကြည့်နေသည်။

"မင်း သိပ်ချမ်းနေပြီကွ"

သည်တော့မှ မရဲတရဲနဲ့ တက်လာသည်။





"ဝင်"

"ရေ ... ရေတွေ စိုနေတယ်"

သူမ အခန်းထဲ ဝင်ရမှာ တွန့်နေပုံရသည်။

တောတန်းကြီးတစ်ခုလုံးလည်း မည်းမှောင်နေသည်။

လာခဲ့ရတဲ့ ခရီးကလည်း အဝေးကြီး ...

ဖြတ်ခဲ့ရတဲ့ တောင်ကုန်းတွေကလည်း အများကြီး။

အိမ်ကလေးကို ရောက်တော့လည်း လူတစ်ယောက်မှ မရှိ။

ဒုက္ခပဲ ...

ကျားတွေကြောက်လို့ ပြေးပါတယ်ဆိုမှ ဆင်ကြီးနဲ့ တိုးရတဲ့ကိန်း။

ဆင်ကြီးကလည်း နည်းနည်းနောနော ဆင်ကြီး မဟုတ်။

အရပ်ကြီးက မြင့်သည်။

ကိုယ်လုံးကိုယ်ပေါက် ထွားသည်။

အသားတွေကလည်း ကျစ်မှကျစ် ...

ဟော ...

ဟိုလူတွေကို လေထဲမှာ ဝဲပြီး ခုန်ကန်သွားတော့လည်း ဖက်ရွက်လေးတစ်ရွက်လို ပေါ့နေလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



“နေဦး … ငါ မီးစက် နှိုးလိုက်ဦးမယ်”

ဟွန်း …

တော်ပါသေးရဲ့ …

အပေါ်စား အိမ်သုံးမီးစက်ကလေး ရှိနေလို့။

တစ်အိမ်လုံး မီးတွေလင်းထိန်သွားပြီ။

“အမ်”

အဲသည်တော့မှ …

သူမ ရှက်သွားသည်။

သူမ တစ်ကိုယ်လုံး မိုးရေတွေ စိုထားသည်။ အဝတ်အစားတွေက အသားတွေမှာ ကပ်နေသည်။

တင်းရင်း တောင့်ဖြောင့်အိစက်တဲ့ သူမရဲ့ အလှတွေ အားလုံး ထင်းခနဲ ရှင်းခနဲ ဖြစ်သွားတာ ခက်သွားသည်။

ယောက်ျားတစ်ယောက်ရှေ့မှာ …

သူမ ဘယ်လို နေရပါ့မလဲ …

“ရော့ … ဒီအင်္ကျီနဲ့ဘောင်းဘီ ဝတ်ထား”

“အို …”

အင်္ကျီကလည်း ယောကျ်ားဝတ်အပွကြီး …

ဘောင်းဘီကလည်း ယောကျ်ားဝတ်ဘော ဘီ။

“ငါ့မှာ ဒါတွေပဲ ရှိတယ်ကွ၊ သွား … နောက်ဖေ ျိုး ခန်းရှိတယ်၊ ရေပါချိုးလိုက်”





မတတ်နိုင် …

သည်အတိုင်း နေလို့မှ မရတဲ့ဥစ္စာ …

သူ ပေးတဲ့ အဝတ်အစားတွေပဲ တော်တော်မတော်တော် ဝတ်ရတော့မှာပဲ။

ရေချိုးလိုက်တော့မှ လန်းသွားသည်။

“အောင်မယ်လေးဗျာ”

စိုင်းစက္က …

ကိုယ့်နဖူးကိုယ် ပိတ်ရိုက်ချင်စိတ်ပေါက်သွားသည်။

ဘောင်းဘီက အရမ်းပွနေတော့ …

လက်ကနေ စုကိုင်ပြီး ထွက်လာသည်။

“ခါးပတ်ပေးလေ”

ဟုတ်သားပဲ …

ခါးပတ်နဲ့ ထိန်းထားမှ ကျွတ်မကျမှာ …

“ဆောရီး”

သူမ ရေချိုးခန်းထဲ တစ်ခေါက်ပြန်ဝင်သွားသည်။

ပြီးတော့ ရဲတဲတဲ မျက်နှာလေးနဲ့ ပြန်ထွက်လာသည်။

“ထိုင်”

သူမ …

ခေါင်းကလေးငုံ့ပြီး စိုင်းစက္ကရှေ့မှာ ဝင်ထိုင်သည်။

“ကြောက်နေတုန်းပဲလား”



www.burmeseclassic.com

www.burmeseclassic.com



"အင်း ..."

"ဘာကို ကြောက်တာလဲ"

"ဟို ... ဟိုလူတွေ"

"ကြောက်မနေနဲ့တော့၊ ဒီည မင်း ဒီမှာပဲ အိပ်လိုက်တော့"

"ရှင် ..."

အဲဒါကမှ ပိုကြောက်ဖို့ ကောင်းတဲ့ဥစ္စာကို ...

အသက်နဲ့အရက်ကို ကယ်ပေးခဲ့လို့ ဒီက ယုံယုံကြည်ကြည်နဲ့ လိုက်လာတာ။

ပြီးတော့ ရှင့်ကိုလည်း အခုမှ တွေ့ဖူးတာ။ အိပ်လို့လည်း ရမှာ မဟုတ်ဘူး။

အိပ်လို့လည်း ပျော်မှာ မဟုတ်ဘူး။ အိပ်ရင်လည်း အခန်းတံခါးကို ချက်ထိုးပြီး အိပ်မယ်။

ရှင် စိတ်တော့ မရှိနဲ့။

"ငါ့နံမည်က စိုင်းစက္ကတဲ့"

"ဟုတ်"

"ငါ့ကို မကြောက်ပါနဲ့၊ ငါ့ မျက်နှာကို သေသေချာချာ မော့ကြည့်၊ ငါ မင်းကို မေးစရာရှိလို့"

"မေးလေ"

သူ့ကို မော့ကြည့်လိုက်တော့မှ လူးလူးဆိုတဲ့ ကောမလေး အတွေအသည်းတွေ ဟာသွားသည်။





သူ့မျက်နှာမှာ ...

ပါးမြိုင်းမွေးစိမ်းတွေနဲ့ ...

မျက်ခုံးတန်းကြီးနှစ်ခုကလည်း ထူထဲ နက်မှောင်လို့။

မျက်လုံးတွေကလည်း စူးရှတောက်ပလို့ ...

သူ့ လက်ဖျံနဲ့ လက်မောင်းပေါ်မှာလည်း အမွေးစိမ်းရှည်တွေ။

"မင်း ဘယ်လိုဖြစ်လာတာလဲ"

"လူးလူးကို သူတို့ အတင်းအဓမ္မ ကားပေါ်တင်ခေါ်လာလို့"

"ဘာ"

"လူးလူး နေတာ ပြင်ဦးလွင်"

အဝေးကြီး ...

သူတို့ ဒီအထိရောက်အောင် ဘယ်လိုများ ခေါ်ခဲ့ပါလိမ့်။

"အော်ရင် သတ်ပစ်မယ်ဆိုလို့"

လူးလူးက အကင်းပါးသည်။

စိုင်းစက္က တစ်ချက်တွေးလိုက်တာကို သိပြီး ချက်ချင်း ဖြေရှင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး၊ သူတို့က ဘာဖြစ်လို့ လူးလူးကို ကားနဲ့ အဓမ္မ တင်ခေါ်လာခဲ့ရတာလဲ"

"သူတို့ ဆရာက လူးလူးကို ကြိုက်နေလို့"

"သူတို့ ဆရာက ဘယ်သူလဲ"

"ရန်စေးထန်"

"လူးလူးက ပြန်မကြိုက်ဘူးလား"

"မကြိုက်ဘူး"

"သူက ဘာလုပ်လဲ"

"ပိုက်ဆံရရင် ဘာမဆိုလုပ်တယ်"

"လူးလူးမှာ ချစ်သူရှိလား"

"ယောကျ်ားတစ်ယောက်နဲ့ နှစ်ယောက်တည်း စကားပြောဖူးတာ၊ ဒါ First time ပဲ"

စိုင်းစက္က လက်ဖျားခါသွားသည်။

ဒါကြောင့်မို့ သူမ တစ်ကိုယ်လုံး အိစက်နေတာ။

နှုတ်ခမ်းလေးတွေဆို ...

သွေးရောင်ကလေးတွေတောင် ရဲလို့ ...

ဖူးဖူးတင်းတင်းလေး ...

အနမ်းဆိုတာကို ဘုရားစူး မိုးကြိုးပစ် မသိခဲ့ဖူးတဲ့ နှုတ်ခမ်းလေးတွေ။





"လူးလူးကမှ ရန်စေးထန်ကို မကြိုက်တာ၊ သူက ကြမ်းတယ်၊ ပိုက်ဆံအရမ်းမက်တယ်၊ သူ့မှာ အသည်းနှလုံး မရှိဘူး၊ ရက်စက်စရာရှိရင် ကမ်းကုန်အောင် ရက်စက်တဲ့လူ၊ လူးလူး သူနဲ့ မနေချင်ဘူး၊ အဲဒါကြောင့် ကားကို ရပ်ခိုင်းပြီး ထွက်ပြေးလာတာ"

"ကားကို ဘယ်လို ပြောပြီး ရပ်ခိုင်းတာလဲ"

"ဟို ... အင်း ... အင်း ... ဟိုဟာ ... မထိန်းနိုင်တော့လို့"

လူးလူး ရှက်နေသည်။

ပွင့်ပွင့်လင်းလင်းလည်း ဖြေနေသည်။

"ရတယ်၊ ကိုယ် သဘောပေါက်ပြီ"

"ကဲ ... ဘာသိချင်သေးလဲ"

"လူးလူး"

"ရှင်"

"မင်း ကိုယ့်ကို ဘယ်လိုမြင်လဲ"

"အသည်းယားတယ်"

"ဘာ ..."

လူးလူး ဖြေတာ တစ်ခွန်းတည်း ...

အသည်းယားတယ်တဲ့။

မျက်နှာပေါ်က ပါးမြိုင်းမွေးတွေကို ကြည့်ပြီး ပြောတာပဲနေမှာ။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မဆိုးနဲ့နော်၊ လူးလူးက ခင်လို့ တမင်ပြောတာပါ၊ ရှင့်ကို လူးလူး မစော်ကားတတ်ဘူး၊ ရှင် နေတာ ထိုင်တာကို လည်း နားမလည်ဘူး၊ သချိုင်းထဲမှာ ညဘက် မိုးရွာကြီး ထဲမှာ ရှင်တစ်ယောက်တည်း ဘာလုပ်နေတာလဲ"

"ကိုထိုင်နေတာ"

"ကို ... ဟုတ်လား"

"စိတ်လေ့ကျင့်ခန်းလေ"

လူးလူး နားလည်လွယ်အောင်ပဲ စိုင်းစက္ကက ပြော လိုက်သည်။

"ရှင် ... ရှင်က သိုင်းသမားလား"

"ဆိုပါတော့"

"ရှင် တော်တော်ကျွမ်းတာပဲ"

"ဝါသနာပါလို့ လေ့လာလိုက်စားထားတာပါ၊ ကိုယ့်ရဲ့ အဓိက လုပ်ငန်းက သုတေသန လုပ်တာကို ဝါသနာပါ တယ်၊ အဲဒါကိုလည်း လုပ်နေတယ်"

"ရှင် ဘာဖြစ်လို့ ဒီတောင်ကုန်းပေါ်မှာ တစ်ယောက်တည်း လာနေနေတာလဲ"

"ဒီပတ်ဝန်းကျင်တစ်ဝိုက်မှာ မကြာခင် ကျလာတော့မဲ့ ဆောင်းခိုငှက်တွေကို လေ့လာချင်လို့ ဒီနေရာကို ရောက်နေ တာ"





"ဟင် ... ဆောင်းခိုငှက်တွေ"

"ဟုတ်တယ်၊ အများကြီးပဲ၊ နိုင်ငံတစ်ခုကနေ နိုင်ငံတစ်ခု ကို ကူးပြောင်းသွားလာနေတဲ့ ငှက်တွေ၊ ငှက်မျိုးကွဲတွေက တော့ အမျိုးမျိုးရှိတာပေါ့၊ ဒီရာသီဆိုရင် များသောအားဖြင့် ဟိုး ရုရှဖက်ဒရေးရှင်း နိုင်ငံတွေဘက်ကနေ မြန်မာပြည်ထဲ ကို ကျလာတဲ့ ငှက်တွေများတယ်၊ အဲဒါတွေကို Resuts လုပ်ဖို့ ဒီနေရာကို ကိုယ် ရောက်နေတာ"

"ပျော်စရာကြီးနော်"

လူးလူးရဲ့ မျက်နှာလေး ခုမှ ပိုပြီး ဝင်းပကြည်လာ သွားသည်။

စောစောကလို ကြောက်စိတ်တွေတောင် မရှိတော့။

"မင်း အခု ဘာစားပြီးပြီလဲ"

"ဟင့်အင်း ... ဘာမှ မစားရသေးဘူး၊ ရှင် ပြောမှ ဗိုက် ဆာလာပြီ"

"မင်း ဟင်းချက်တတ်လား"

"မချက်တတ်ဘူး"

"ကောင်းကွာ"

အခန်းထဲမှာ ရယ်သံတွေနဲ့ ညံသွားသည်။

"ဒေါက်"

"ဂျောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အပြင်က တံခါးခေါက်သံ ကြားတယ်"

"မကြောက်နဲ့၊ အဲဒါ လူ မဟုတ်ဘူး"

"ဘာလဲ"

လူလူး မျက်လုံး ဝိုင်းနေသည်။

"ဒီနားတဝိုက်က တောထဲမှာနေတဲ့ မျောက်တွေ"

"ဘုရားရေ"

ရင်ဘတ်ကလေးကို သူမ လက်ကလေးနဲ့ ဖိလိုက်ပြီ။

"နေ့ဘက်ဆိုရင် လုံးဝ မထွက်ဘူး၊ ညဘက်ကျမှ အုပ်လိုက်ထွက်တာ၊ သန်းခေါင်ကျော်ရင် ပိုဆိုးတယ်၊ သူတို့အတွက် ငှက်ပျောသီးတွေ အမြဲဝယ်ပြီး အိမ်အောက်က တန်းမှာ ချိတ်ပေးထားရတယ်၊ မနက်မိုးလင်းရင် ပြောင်သလင်းခါ အောင် စားသွားတာပဲ"

"မျောက် ... မျောက်ဆိုရင် လူးလူး ကြောက်တယ်"

လူးလူး ခေါင်မိုးတွေကို မော့ကြည့်နေပြီ။

"အိမ်ထဲကို မဝင်ပါဘူး လူးလူးရဲ့၊ မကြောက်စမ်းပါနဲ့"

"ဟင် ... ရှင်က ဘယ်သွားမလို့လဲ"

စိုင်းစက္က ထရပ်လိုက်တော့ လူးလူးကပါ သူနဲ့ အတူတူ ထရပ်သည်။

"စားစရာ တစ်ခုခု စီစဉ်မယ်လေ"





"လူးလူးပါ လိုက်မယ်"

လူးလူး ကြောက်နေပြီ။

စိုင်းစက္က တဟားဟားလှပ်ရင်း လူးလူးကိုပါ နောက်ပေးမီးဖိုခန်းထဲ ခေါ်သွားလိုက်သည်။

"ဝုန်း"

"အမယ်လေး"

ကြောက်တတ်လိုက်တာလည်း နှစ်ယောက်မရှိ။

"ဟာ ..."

စိုင်းစက္ကကို တအားဖက်ထားတဲ့တဲ့ လူးလူး ...

ခေါင်မိုးပေါ်ကို မျောက်တစ်ကောင် ခုန်တက်သွားတာကို ကြောက်ပြီး လှမ်းဖက်ထားလိုက်တာလေ။

"လူးလူး မကြောက်နဲ့"

"ဟင့်အင်း ... လူလူး ကြောက်တယ်"

"အို ..."

စိုင်းစက္က ...

ရင်ခုန်သံတွေ မြန်သွားသည်။

လူးလူးက စိုင်းစက္ကရဲ့ ရင်ခွင်ထဲမှာ ...

"ဟင် ..."

သတိရတော့မှ စိုင်းစက္က ရင်ခွင်ထဲက အလူးအလဲ ရုန်းထွက်သွားတဲ့ ကောင်မလေး။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေး ရဲလို့ ...

"ဟား ... ဟား"

စိုင်းစက္က ရယ်လို့မဆုံး ...

"စိုင်း"

အခေါ်အဝေါ်ကိုတောင် လူးလူးက ပြောင်းပစ်လိုက်ပြီ။

စိုင်းတဲ့ ...

တစ်လုံးတည်း ...

"ဟော ..."

"မျောက်တွေက တစ်ညလုံး သောင်းကျန်းနေတော့မှာလား ဟင်"

"အဲဒါ လူးလူးဆိုတဲ့ ကောင်မလေး ရောက်နေတာကို သိလို့ ခဲမိုးလာတောင်းတာ နေမှာပေါ့"

"ခဲမိုး"

လက်သီးဆုပ်တွေနဲ့ စိုင်းစက္က လက်မောင်းတွေကို တအုန်းအုန်း ထုရိုက်နေသည်။

ကြည်နူးမှုလေးက ဘာမှ မကြာလိုက်။

"ဒေါက်"

"ဒေါက်"

မျောက်မဟုတ် ...





လူတစ်ယောက် တံခါးလာခေါက်တဲ့အသံ ...

အိမ်ရှေ့ တံခါးမကြီးဆီကလာတဲ့ အသံ။

"ဟော ... ဘယ်သူလဲ"

"ကျုပ်တို့ပါ၊ တံခါးဖွင့်လိုက်ပါ စိုင်းစက္က"

ကျုပ်တို့ပါဆိုတော့ တစ်ယောက်တည်း မဟုတ်တော့။

စိုင်းစက္က တံခါးကို ဖွင့်လိုက်သည်။

"ဟင် ..."

မျက်နှာစိမ်းတွေ ...

ရုပ်ကြမ်းတွေ၊ မျက်ထောင့်နီတွေနဲ့ ရောက်လာတဲ့ ဧည့်သည်တွေ။

"ခင်ဗျားကို ကျုပ်တို့ လေးစားပါတယ်၊ ပြဿနာလည်း မဖြစ်ချင်ပါဘူး၊ လူးလူးကို ကျုပ်တို့ လက်ထဲ ပြန်ထည့်လိုက်ပါ"

"လူးလူး"

"ခင်ဗျားကြောင့် ကျုပ်တို့ဆရာ စိတ်ထိခိုက်နေတယ်၊ လူးလူး ပျောက်သွားလို့ စိတ်ပူနေတယ်၊ ခင်ဗျား ခေါ်သွားတာကို သိလို့ မနည်းရအောင် စုံစမ်းပြီး ဒီအထိ လိုက်လာတာ၊ ကျုပ်တို့ ပြဿနာတွေထဲမှာ ခင်ဗျား မပါချင်စမ်းပါနဲ့"

"ခင်ဗျားတို့ ဆရာက ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရန်စေးထန်"

"သူ ပါလား"

"ပါတယ်၊ ဟိုဘက်တောင်တန်းထိပ်က ကားပေါ်မှာ ကျန်ခဲ့တယ်"

"ခု ခင်ဗျားတို့က"

"ကားစက်သံကြားရင် သိသွားမှာစိုးလို့ ကားတွေ ထားခဲ့ပြီး တမင် လမ်းလျှောက်လာခဲ့တာ၊ ခင်ဗျား စိတ်မပူပါနဲ့၊ ကျုပ်တို့ လူတွေ ခင်ဗျားအိမ်ကို ဝိုင်းထားပြီးပြီ၊ ကျုပ်တို့ကို ကူညီပါဗျာ၊ ကူညီတဲ့အတွက် ဆရာရန်စေးထန်က ကျေးဇူးမေ့မှာ မဟုတ်ပါဘူး"

ပြောတာကတော့ အေးဆေးပဲ ...

နှုတ်ကလည်း ချိုသလားမမေးနဲ့။

ခက်နေတာက ...

သူတို့ရဲ့ မျက်လုံးတွေ ...

ခက်ထန်ကြမ်းကြုတ်မဲ့ မျက်နှာတွေ ...

"နိုင်း"

လူးလူး ထွက်လာပြီ။

စိုင်းစက္ကုရဲ့ လက်မောင်းတွေကို အားကိုးတကြီး ဆုပ်ဖက်နေပြီ။





"သူတို့ ပြောတာကို မယုံနဲ့၊ သူတို့ နောက်ကို လူးလူး မလိုက်ဘူး၊ ရန်စေးထန်နဲ့လည်း လူးလူး မတွေ့ချင်ဘူး၊ လူးလူးကို ကယ်ပါ စိုင်းရယ်၊ အဟင့် ဟင်း"

လူးလူး ငိုပြီ။

"သူ ပြောတာ ခင်ဗျားတို့ ကြားတယ်မို့လား၊ ခင်ဗျားတို့ နောက်ကို သူ မလိုက်ချင်ဘူးတဲ့၊ အဲဒါ ဘယ်လိုလုပ်မလဲ"

"လွယ်ပါတယ်၊ ခင်ဗျား ဘေးဖယ်လိုက်ပေါ့"

"ဘာ ..."

"ခင်ဗျား လှုပ်ဖို့ မကြိုးစားနဲ့နော် စိုင်းစက္ကူ။ တစ်ချက်လှုပ်လိုက်တာနဲ့ တစ်သက်စာ ပြင်လို့မရတဲ့ အမှားကြီးတစ်ခုကို ခင်ဗျား မှားသွားလိမ့်မယ်"

ခြောင်ခြိမ်းခြောက်နေပြီ။

လူအုပ်စုနဲ့ ဝိုင်းပြီး အကျပ်ကိုင်နေပြီ။

အရေးကြီးတာ ထွက်ပေါက်။

ထွက်ပေါက်ပိတ်နေတာ ခက်နေသည်။ ထွက်ပေါက်ကို ဖွင့်ဖို့ ပရိယာယ်တစ်ခုတော့ သုံးမှ ဖြစ်တော့မည်။

"ခင်ဗျားတို့ ဆရာနဲ့ တွေ့ချင်တယ်"

"လိုက်ခဲ့လေ၊ ဟိုရောက်ရင် တွေ့ရမှာပဲ"

"ဆိုင်ကယ်နဲ့ လိုက်ခဲ့မယ်"

ဟိုလူ ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တော့ တွေသွားသည်။

"လိုက်ပါစေ ဆရာ၊ လမ်းက တစ်လမ်းပဲ ရှိတဲ့ဥစ္စာ၊ သူတို့ ပြေးလို့ မလွယ်ပါဘူး"

နောက်တစ်ယောက်က ဝင်ပြောတော့မှ ခေါင်းညိတ်လက်ခံသွားသည်။

"လူးလူး မလိုက်ဘူး"

ငြင်းနေတာ လူးလူး။

"လိုက်ခဲ့ပါ လူးလူးရယ်"

လူးလူးဘက် လှည့်ပြီး မျက်လုံးတစ်ဖက်မှိတ်ပြလိုက်တာ၊ ဘယ်သူမှ မသိလိုက်။

"ရန်စေးထန့်နဲ့ တွေ့လိုက်တာ မမှားဘူးပေါ့ကွာ"

လူးလူး ငြိမ်သွားသည်။

"ဟောကောင်တွေ တစ်ယောက်အမြန်သွားပြီး ဆရာရန်စေးထန်ကို သတင်းပေးလိုက်၊ ဆိုင်ကယ်နဲ့ ထွက်လာပြီလို့"

လူတွေ ...

အမှောင်ထဲက ထွက်လာသူတွေ ...

ဆယ်ယောက်လောက်တော့ အနည်းဆုံးပဲ ...

အပြင်မှာ မိုးတိတ်နေပြီ။

စိုင်းစက္က ...

ဘီလားဂိုလ်း ဆိုင်ကယ်ကြီးကို စက်နှိုးလိုက်သည်။





"ဝေါ"

"ဝေါ"

"လူးလူး"

"ဟင် စိုင်း"

"ကိုယ့်ကို ဖက်ထား၊ လုံးဝ မကြောက်နဲ့"

"အင်း ..."

"ကိုယ့်ဆိုင်ကယ် ဘယ်လောက် ကောင်းသလဲ ဆိုတာ လူးလူးကို မောင်းပြမယ်"

"အမယ်လေး"

အခုကတည်းက လူးလူး ကြောက်သွားသည်။

အဝင်က တစ်လမ်းတည်း ရှိသလို ...

အထွက်ကလည်း တစ်လမ်းတည်း ရှိတဲ့လမ်း ...

ဟိုဘက်တောင်ကုန်းထိပ်မှာ ရန်စေးထန် ...

စိုင်းစက္ကက သည်ဘက် တောင်ကုန်းထိပ် ...

"ဝေါ ..."

ရန်စေးထန်ရဲ့ လူတွေကို နောက်မှာထားခဲ့ပြီ။

"လူးလူး ဖက်ထား"

ဆိုင်ကယ် စက်ရှိန်က ရုတ်တရက် မြင့်တက်သွားသည်။ အော်တိုဆီလိုင်းတွေကို ဖွင့်ချလိုက်သည်။ အင်ဂျင်ကို ဆီဓာတ်စိမ့် ကျွေးပစ်လိုက်သည်။



www.burmeseclassic.com

"ဟာ ..."

လူတွေအားလုံး မျက်လုံးတွေ ပြူးသွားသည်။

ဆိုင်ကယ်မောင်းဝင်သွားတာ လမ်းပေါ်ကို မဟုတ်။

လမ်းဘေးက ချောက်ကြီးထဲ ...

"အို ..."

လူးလူး အသည်းအေးသွားသည်။

ဆိုင်ကယ်က ဝုန်းခနဲ လေထဲကို မြောက်တက်သွားသည်။

"ဟယ်"

ပြန်ကျတော့ ဝုန်းခနဲ မြောက်တက်သွားသည်။

"ဟယ် ..."

ပြန်ကျတော့ အိခနဲ နွေးခနဲ ...

အေးခနဲ လှိုက်ခနဲ ...

ရေ့မှာ ...

ချောင်းသေးသေးလေး ...

ရေတွေထဲက ဆိုင်ကယ် ဖြတ်သွားသည်။

နောက်က ထိုင်လိုက်လာတဲ့ လူးလူး တစ်ကိုယ်လုံး ရေတွေနဲ့ စိုရွှဲသွားသည်။

"ဘယ် ... ဘယ်ကို သွားနေတာလဲ စိုင်း"

"လှိုင်ဆမ်ဆစ်"



"ဟင် ..."

"နောက်မှာ သူတို့ လိုက်လာနေကြပြီ"

"အို ..."

ကားမီးရောင်တွေ ...

သူတို့ သွားမဲ့ဘက်ကို ဖြာကျလာနေသည်။

လမ်းတစ်လမ်း ...

လှိုင်ဆမ်ဆစ်တောင်ကြောမကြီးဆီကို သွားတဲ့လမ်း။

သည်လမ်းအတိုင်း သူတို့ လိုက်လာကြခြင်းဖြစ်သည်။

ချောင်းထဲက ဖြတ်လိုက်သည်နှင့် မြေနီလမ်းတစ်ခုပေါ်ကို စိုင်းစက္က ရောက်သွားသည်။

နောက်မှ ...

ရန်စေးထန်တို့အဖွဲ့ ...

ရှေ့မှာ မည်းမှောင်နေတဲ့ လှိုင်ဆမ်ဆစ်တောင်ကြီး။

"ဝေါ ..."

"ဝေါ ..."

ဆိုင်ကယ်လေးက လေဟုန်ကိုခွင်းပြီး ရှေ့ခရီးနှင်နေသည်။

"ဟင် ..."

ဆက်သွားလို့ မရတော့ ...

www.burmeseclassic.com



ချောင်းကူးတံတားတစ်ခု ...

မိုးရေတိုက်စားပြီး တံတားတစ်ခြမ်းက ရေစီးထဲ ပါသွားသည်။ ခါးလယ်က ကျိုးကျနေသည်။

လူးလူး ...

"ဟင် ... စိုင်း"

"အရှိန်တင်ပြီး ဟိုဘက်အခြမ်းကို ရအောင်ဖြတ်မယ်"

"စိုင်း သဘောပဲ"

ဆိုင်ကယ်ကို ပြန်ကွေ့ ...

တော်တော်ဝေးဝေး ရောက်တဲ့အထိ နောက်ကို ပြန်လှည့် ...

မိုင်ကုန် လီဗာကုန် ဆွဲတင် ...

တရကြမ်း ဖြတ်မောင်း ...

"ဝေါ ..."

"ဖြောင်း ..."

"အို ..."

"အွတ် ..."

ကွက်တိပဲ ...

ကောင်းလိုက်တဲ့ ဆိုင်ကယ် ...

တစ်ချက်ကလေးတောင် ယိုင်မသွား ...

ဘီးတွေ ...





ရှေ့ဘားကွင်းတွေ ...

လက်ကိုင်တွေ ...

တိကျပြတ်သားစွာ အလုပ် လုပ်သွားသည်။ သူ့တာဝန်ကို သူ ကျေပွန်အောင် ထမ်းဆောင်သွားသည်။

ဟိုလူတွေ ...

သူတို့ကားတွေနဲ့ ...

သည်တံတားကျိုးကို ဘယ်လိုမှ ဖြတ်နိုင်မှာ မဟုတ်တော့ ...

ကျွန်ခဲ့ပြီ။

စိုင်းစက္ကန့် လူးလူးကတော့ ...

ဆေးဆေးပဲ ...

လှိုင်ဆမ်ဆစ်တောင်ခြေ ရွာတစ်ရွာကို ရောက်သွားသည်။

ရွာ ...

သစ်ပင်ကြီးတွေ အုပ်ဆိုင်းနေတဲ့ရွာ ...

အမှောင်ထုကြီးအောက်မှာ ...

အိပ်မောကျနေတဲ့ရွာ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

"စိုင်း"

"ဟင် ..."

"လူးလူး ကြောက်တယ်"

"ဘာကိုလဲ"

"မှောင်မည်းနေတာပဲ"

အမှောင်ထဲမှာ ...

စိုင်းစက္ကနဲ့ လူးလူး ...

လူးလူးလက်ကို စိုင်းက တွဲထားသည်။

လူးလူးက စိုင်းနဲ့ ကိုယ်ချင်း ထိကပ်ပြီး လိုက်လာသည်။

စိုင်းစက္က ရှာနေတာ ...





လယ်တဲတစ်လုံး ...

တွေ့ပြီ ...

လူမနေတဲ့ လယ်တဲ ...

"မိုးက ရွာချင်ရွာဦးမှာ လူးလူးရဲ့၊ ဟိုရှေ့က လယ်တဲမှာ ခဏနားလိုက်တာ ကောင်းမယ်"

ရွာအစွန် ...

ထိပ်အစပ်က လယ်တဲ ...

ချုံပင်တွေ ကိုင်းပင်တွေ ကြားထဲမှာ အဝေးကကြည့်ရင် ရုတ်တရက် မမြင်ရ။

ဆိုင်ကယ်ကိုတော့ ...

ချုံတွေကြားထဲမှာ ထိုးထည့်ထားလိုက်ပြီ။ ခြေရာဖျောက်ထားလိုက်သည်။

"လာလေ လူးလူး"

လူးလူး အသည်းအေးနေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

လေတိုးသံ တဝေါဝေါကိုပဲ ကြားနေရသည်။

"ရန်စေးထန်တို့ လိုက်လာရင် ဘယ်လိုလုပ်မလဲ"

"ဒီနေရာကို သူတို့ ဘယ်လိုမှ ရှာလို့ တွေ့မှာ မဟုတ်ဘူး၊ ရှာရင် ရွာထဲမှာပဲ သူတို့ သွားရှာမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ... ဒီမှတော့ မအိပ်ဘူးနော် စိုင်း"

အပျိုမလေး လူးလူး ...

စိုင်းနဲ့ အိပ်ရမှာ ကြောက်နေသည်။

စိုင်းက တစ်ရှုတ်ထိုး တံဖောက်ကန်း ...

ကျိုးနေတဲ့ တံတားကို အတင်းဖြတ်မောင်းတာပဲ ကြည့်။

သတ္တိက အပြည့် ..

ဟင်း ... လက်လန်တယ် ...

စိုင်း မလွယ်ဘူး ...

"မအိပ်ရင် ထိုင်နေ၊ ဟိုမှာ မိုးကြီးက ရွာတော့မယ်။ လေထဲမှာ မိုးနံ့တွေ ပြည့်နေပြီ"

ကောင်းကင်မည်းကြီးကို မော့ကြည့်ပြီး စိုင်း ပြော နေသည်။

တဲပေါ်မှာ ...

ဖျာကြမ်းလေးတစ်ချပ်တော့ ခင်းထားသည်။

သောက်ရေအိုးတစ်လုံးလည်း ရှိနေသည်။

တခြားတော့ ဘာမှ မရှိ။

လူးလူး ထိုင်နေသည်။

စိုင်းက ဖျာကြမ်းပေါ်မှာ ပက်လက်လန်နေသည်။

"စိုင်း"



"ဟင် ..."

"ရန်စေးထန်တော့ အရမ်းဒေါကန်နေတော့မှာပဲ"

"ကိုယ့်ကိုလည်း သတ်ချင်နေမှာ သေချာတယ်"

"ရန်စေးထန်ကို လူးလူး ကြောက်တယ်"

"သူက လူပျိုလား"

"အဲဒါတော့ မသိဘူး၊ ရန်စေးထန် မိန်းမရှုပ်တာတော့ သိတယ်၊ ဘယ်ကိုရောက်ရောက် သူက တွဲတယ်၊ သူ့ကို လိုချင်တဲ့ မိန်းမတွေက တစ်ပုံကြီး၊ ဒါပေမဲ့ သူက လူးလူး ကိုပဲ"

"လူးလူးကလည်း ချောတာကိုး"

"စိုင်းနော်"

လူးလူး ရင်ခုန်နေတာ စိုင်းက မသိ။

စိုင်းရဲ့ လက်မောင်းတွေကို တွယ်ဖက်ပြီး လိုက်လာခဲ့ ရတဲ့ အပျိုမလေး ...

စိတ်ထဲမှာ တစ်မျိုးပင် ...

စိုင်းကိုပဲ အားကိုးလိုက်ချင်သလို ...

စိုင်းရဲ့ အယုအယတွေအောက်မှာပဲ နွေးနွေးထွေးထွေး နေပစ်လိုက်ချင်သလို ...

ရင်ထဲမှာ တစ်ခုခုတော့ လိုအပ်လာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် တကယ်ပြောတာ လူးလူး၊ လူးလူးလို အပျိုစင် ကောင်မလေးတစ်ယောက်ကို ရန်စေးထန် လိုချင်တာ သဘာဝကျပါတယ်"

"လူးလူးကတော့ ရန်စေးထန်ကို စိတ်ကူးထဲမှာတောင် မထည့်ထားဘူး သိလား"

"မချောလို့လား"

"ဟာ … စိုင်း မသိဘဲနဲ့ လျှောက်ပြောမနေနဲ့၊ ရန်စေးထန် လောက် ချောတာ ရန်စေးထန်ပဲ"

"တကယ်"

"လိုချင်တဲ့ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေပါတယ်ဆို မှ"

"အဲဒါကို လူးလူးက ဘာလို့ ပြန်မကြိုက်တာလဲ"

"ရန်စေးထန်ဟာ လူက ချောပေမဲ့ စိတ်ဓာတ်က ကြမ်းတယ်၊ ရက်စက်စရာရှိရင် ကမ်းကုန်အောင် ရက်စက်တယ်၊ တပည့် တပမ်းတွေ အများကြီးနဲ့ နယ်စပ်မှာ လှုပ်ရှားနေတယ်၊ ပိုက်ဆံရရင် ဘာမဆို လုပ်တယ်၊ မြင်းတွေ လားတွေ အများကြီး မွေးထားတယ်"

"ချမ်းသာလား"

"ဟာ … အဲဒါတော့ စိုင်း မမေးနဲ့ ကျိုကျိုတက်ပဲ၊ တော ထဲမှာ တိုက်ကြီးတစ်လုံး ဆောက်ပြီးနေတာ၊ တစ်ထီးတစ်





နန်းနေတာ၊ ကားတွေလည်း အများကြီးပိုင်တယ်၊ သူ့ခြံထဲ ကိုဝင်တဲ့ လမ်းကိုတောင် ကတ္တရာတွေဝယ်ပြီး ရှယ်ခင်းထား တာ ညက်နေတာပဲ"

"လူးလူး ရောက်ဖူးလို့လား"

"ဟင့်အင်း … လူးလူးကတော့ မရောက်ဖူးဘူး၊ ဖေဖေက တော့ ရောက်ဖူးတယ်၊ လူးလူးက ဖေဖေ ယူလာတဲ့ ဓာတ်ပုံတွေ ကြည့်ပြီး ပြောတာပါ"

"လူးလူးနေတဲ့ ပြင်ဦးလွင်ကိုရော ရန်စေးထန် လာသလား"

"လာတယ်၊ ဖေဖေနဲ့ တစ်ခေါက် လိုက်လာဖူးတယ်၊ အဲဒီမှာ လူးလူးကို ရန်စေးထန် တွေ့ဖူးသွားတာလေ၊ နောက်တော့ မရတော့ဘူး၊ ဖေဖေ့ကို တောင်းဆိုနေတော့ တာပဲ၊ ဖေဖေကလည်း ရန်စေးထန်ရဲ့ အရှိန်အဝါကို မလွန်ဆန်ရဲတော့ ခေါင်းညိတ် သဘောတူလိုက်တယ်၊ လူးလူးက ငြင်းနေလို့ ဖေဖေ စိတ်ညစ်နေတာ၊ ခုတော့ ရန်စေးထန် မအောင့်နိုင်တော့ဘူးလေ၊ ဖေဖေ့ ခွင့်ပြုချက်နဲ့ လူးလူးကို အပါခေါ်ဖို့ ကြိုးစားခဲ့တာလေ"

"အဖေအရင်းလား"

"မဟုတ်ဘူး"

"ဟင် …"

"လူးလူး အဖေအရင်းက သေပြီ၊ အခုရှိနေတာ ပထွေး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မှဖြစ်ရလေ လူးလူးရယ်"

လူးလူးကို စိုင်းစက္က ကရုဏာသက်သွားရပါပြီ။

ရက်စက်တဲ့ ပထွေးတစ်ယောက်ရဲ့ လက်ထဲမှာ နေနေရတဲ့ လူးလူးလေး။

"လူးလူး အမေကရော"

"ရှိတယ်"

"သူကရော သဘောတူရဲ့လား"

"မေမေက ဖေဖေရဲ့ အရုပ်"

"ဪ ..."

"ဖေဖေ့ဆန္ဒကို မလွန်ဆန်ရဲဘူး၊ ဖေဖေ ထားတဲ့နေရာမှာနေ၊ ဖေဖေ စေတဲ့နေရာကိုသွား"

"သိပြီး လူးလူး၊ ဒီလောက်ဆို ကိုယ် သိပြီ၊ လူးလူးတို့ မိသားစု အခြေအနေကို ကိုယ် သဘောပေါက်ပြီ"

လူးလူးဆီက ပင့်သက်ချသံတစ်ခုကို ကြားလိုက်ရ၏။

ရှေ့ရေးအတွက် လူးလူး ရင်မောနေပြီ။

ရန်စေးထန် နှောင့်ယှက်နေတဲ့အတွက် လူးလူး အားငယ်နေပြီ။

"တစ်ရေးလောက် အိပ်လိုက်ပါ လူးလူး၊ လူးလူး အိပ်နေတာကို ဘေးကနေ ကိုယ် စောင့်ပေးပါ့မယ်"





"မအိပ်တော့ပါဘူး စိုင်းရယ်"

လူးလူး အသံလေးက နွမ်းလျနေတဲ့ အသံလေး။

အားငယ်ပင်ပန်းနေတဲ့ အသံလေး။

"ဝေါ ..."

"ဖြောက် ..."

"ဖြောက် ..."

"ဟာ ... မိုးတွေ ရွာလာပြီ"

ရုတ်တရက် မိုးတွေ ဝေါခနဲ ရွာချလာသည်။

မိုးထဲမှာ အေးစိမ့်နေတဲ့ လေငွေ့တွေပါ ရောပါလာသည်။

လေကြောင် ...

ကိုင်းပင်ရှည်ကြီးတွေ တရှဲရှဲ အသံပေးရင်း လှုပ်ယမ်းနေသည်။

မိုးရေတွေအောက်မှာ ထနီမိုး ထရံကာ ဝါးတဲကလေး တသိမ့်သိမ့် လှုပ်နေသည်။

လူးလူး ပိုကြောက်သွားရပြီ။

အမှောင်ထဲမှာ ...

လယ်စောင့်တဲကလေးထဲမှာ ...

စိုင်းနဲ့သူမ ...

နှစ်ယောက်တည်း ...



www.burmeseclassic.com

www.burmeseclassic.com



"လူးလူး"

"ရှင် ..."

"မကြောက်နဲ့နော်"

စိုင်းစက္ကု လူးလူးကို အားပေးနေသည်။

"ဟေး ..."

"ဝေး ..."

"ဟာ ..."

လူတွေ ...

ဓာတ်မီးတွေနဲ့ ...

တဲကလေးရှိရာဘက်ကို လာနေပြီ။

"ရန် ... ရန်စေးထန် လိုက်လာပြီနဲ့တူတယ် စိုင်း"

"ဖြစ်နိုင်တယ်"

စိုင်းစက္ကု သွေးတွေ ချက်ချင်း ပူနွေးသွားသည်။

အသည်းအသန် မရမက လိုက်လာကြတဲ့ ရန်စေးထန်။

သူကလည်း လျှင်တာမှ ...

အရမ်းလျှင် ...

ဆိုင်ကယ်ဘီးရာကို ကြည့်ပြီး လိုက်လာခဲ့ခြင်းဖြစ်သည်။

စိုင်းစက္ကု ...



မင်း ပြေးလို့ မလွယ်ပါဘူး ...

ဒီနယ်မြေတွေအားလုံးက ရန်စေးထန် ကျွမ်းကျင်တဲ့ နယ်မြေတွေ။

သည်တစ်ခါတော့ ...

ရန်စေးထန်သည် ရှေ့ဆုံးက ဖြစ်သည်။

သူ့တစ်ကိုယ်လုံး မိုးရေတွေနဲ့ ရွှဲနစ်နေသည်။

ဒေါနဲ့ လိုက်လာခြင်းဖြစ်သည်။

တွေ့ရင် မြေလှန်ပစ်ဖို့အထိ ရန်စေးထန် ဆုံးဖြတ်ပြီးသား။

"ဟေ့ကောင်တွေ မလွတ်စေနဲ့၊ သေသေချာချာ ရှာစမ်း"

"ဆိုင်ကယ်ဘီးရာ ပျောက်သွားပြီကွ"

"ဒီနားတစ်ဝိုက်မှာပဲ ရှိရမယ်ဟေ့"

ရန်စေးထန် ...

မိုးရေနဲ့အပြိုင် ဒေါချွေးပြန်နေသည်။

လူးလူး တစ်ခုခုဖြစ်လို့ကတော့ ...

စိုင်းစက္ကုဆိုတဲ့ကောင်ကို တစ်စစီ ဆုတ်ဖြဲပစ်မယ်။

မဆိုမဆိုင် ...

ကြားထဲက ဝင်ရှုပ်တဲ့ကောင် ...

ဟိုကောင်တွေကလည်း ညံ့သလားမမေးနဲ့။

ဆိုင်ကယ်နဲ့ သွားနိုင်းလိုက်တာ ပျားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူးလူး"

"ရှင်"

"လစ်မယ်"

"ဟင် ... ဘယ်ကိုလဲ"

"ဒီမှာ ဆက်နေရင် မိတော့မယ်ကွ"

တဲကလေးရဲ့ နောက်ဘက်မှာလည်း ကိုင်းတောကြီးတွေ ...

"လာ ..."

လူးလူး လက်ကို စိုင်းစက္က ဆွဲယူလိုက်ပြီ။

လူးလူး ငေါက်ခနဲ ပါလာသည်။

အောက်ကို ရောက်တော့ စိုင်းစက္ကရော လူးလူးပါ နှစ်ယောက်စလုံး မိုးရေတွေနဲ့ စိုရွှဲသွားသည်။

ကိုင်းတောကြီး ...

မည်းမှောင်နေ၏။

ကြောက်နေတာ လူးလူး ...

ချမ်းတုန်နေတာ လူးလူး ...

ကိုင်းချုံကြီးတွေ ကြားထဲမှာ ဘာမှ မရှိတော့။

ဒေါပွနေတာ ရန်စေးထန် ...

သူ့လူတွေကို ခေါ်ပြီး လှယ်စောင့်တဲနားက ပြန်ထွက်သွားသည်။



တစ်လမ်းလုံး ...

စိုင်းစက္ကကိုပဲ ကျိန်ဆဲနေသည်။

ဒီကောင် ဝင်ရှုပ်လို့ ...

ခိုင်းလိုက်တဲ့ကောင်တွေ သောက်သုံးမကျလို့။

ရှေ့ရွာမှာပဲ ညအိပ်ရတော့မဲ့ကိန်း ...

ဒီပတို့ရွာ ...

ဦးကျောက်ဖားရှိတဲ့ရွာ ...

"ဦးကျောက်ဖား"

"ဦးကျောက်ဖား"

"ဘယ်သူတွေလဲဗေး"

အိမ်တစ်လုံးထဲက ပြန်အော်လိုက်တဲ့အသံ ...

"ကျုပ်တို့ပါ၊ ရန်စေးထန်တို့အဖွဲ့ပါ"

"ဟေ ..."

ဦးကျောက်ဖား ရန်စေးထန်ဆိုတဲ့ နံမည်ကြောင့် ပျာယာခတ်သွားသည်။ အိုးနင်းခွက်နင်း ဖြစ်သွားသည်။

"ဟော့ ... မိုးထွန်းစမ်း၊ ရန်စေးထန်လာတယ်၊ ထ,ကြစမ်း၊ ထ,ကြစမ်း"

အိပ်ပျော်နေတဲ့ လူတွေကို ဦးကျောက်ဖား ကိုယ်တိုင် ခြေထောက်နဲ့ ကန်ပြီး နှိုးနေသည်။

www.burmeseclassic.com



"လာပါ ရန်စေးထန်၊ အထဲကို ဝင်ကြပါ"

ဆယ်ယောက် ...

ရန်စေးထန်အဖွဲ့ကလူတွေ စုစုပေါင်း ဆယ်ယောက်။

"အရက် ရှိလား ဦးကျောက်ဖား၊ ကျုပ်တို့အဖွဲ့ မိုးမိပြီး ချမ်းလာလို့"

"ရှိတယ်၊ ရှိတယ်"

မရှိဘဲ နေမလား ...

သည်ရွာမှာ ဦးကျောက်ဖားက အရက်ဆိုင် ဖွင့်ထားတာပဲ။

အကြော်အလှော် အမြည်း ...

လိုတာ အကုန်ပြော ...

မရတာ ဘာမှ မရှိစေရ ...

"ထိုင်ပါ၊ ထိုင်ကြပါ၊ အေးအေးဆေးဆေး နားကြပါ"

မီးတွေ လင်းလာသည်။

လူတွေ အကုန်လုံး နိုးလာသည်။

နာရီကို ကြည့်လိုက်တော့ မနက်နှစ်နာရီ။

"ရှိတာအကုန် ကျွေးစမ်းဗျာ"

"ဘယ်လိုဖြစ်ပြီး ဒီအချိန်ကြီး ရောက်လာတာလဲ"

ဦးကျောက်ဖား အံ့သြနေသည်။





ရန်စေးထန် ကိုယ်တိုင် သည်ရွာကို မလာတာကြာပြီ။

ကိစ္စရှိရင် တပည့်တွေကိုပဲ လွှတ်နေကြ။

ခုတော့ အချိန်မတော်ကြီး ...

ရန်စေးထန် ကိုယ်တိုင် ပါလာတာကလည်း ဦးကျောက်ဖား စဉ်းစားရခက်နေသည်။

"လူတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် ဒီရွာဘက်ကို ထွက်ပြေးလို့ လိုက်လာတာ"

"ဟုတ်လား၊ ငါတော့ ဒီရွာကို ဧည့်သည်တွေ ရောက်တယ် မကြားမိပါဘူး"

"ဒီရွာနားမှာ အစပျောက်သွားတာဗျ"

"အေးပါ၊ အေးပါ၊ မိုးလင်းတော့မှ ရှာကြည့်ရင် တွေ့မှာပါ၊ စိတ်မပူပါနဲ့၊ ဒီနားတစ်ဝိုက်မှာ ဘယ်မှာမှ ပုန်းစရာနေရာ မရှိပါဘူး"

အပြင်မှာ မိုးတိတ်သွားပြီ။

လေတဝေါဝေါ တိုက်နေတဲ့ အသံတွေလည်း ငြိမ်သက်သွားပြီ။

ခဏနေတော့ ...

ပုလင်းသံ ခွက်သံတွေ ဆူညံသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်စေးထန် များများမသောက်၊ တစ်ခွက်ပဲ သောက်သည်။

အင်း ... တစ်ခွက်ကလည်း လက်နှစ်လုံး။

"ဦးကျောက်ဖား"

"ပြောလေကွာ"

"ခင်ဗျား စိုင်းစက္ကဆိုတဲ့ နံမည်ကို ကြားဖူးလား"

"စိုင်းစက္က"

"ဟုတ်တယ်၊ သူ့ နံမည်က စိုင်းစက္ကတဲ့၊ ခင်ဗျား လူတစ်ယောက်ယောက်ကို ရွာထဲလွှတ်ပြီး လိုက်မေးခိုင်းစမ်း၊ မော်တော်ဆိုင်ကယ်နဲ့ စိုင်းစက္က ဆိုတဲ့ကောင် ဒီရွာထဲကို ရောက်နေသလားလို့"

"စိတ်ချ ရန်စေးထန်၊ ငါ အခုပဲ လွှတ်လိုက်မယ်"

ဦးကျောက်ဖားက သွက်သည်။

ချက်ဆို နားခွက်က မီးတောက်သည်။

သူ့လူတစ်ယောက်ကို ဆိုင်ကယ်တစ်စီးနဲ့ ရွာထဲကို လွှတ်လိုက်သည်။

ထိုအချိန်မှာ ...

စိုင်းစက္ကနဲ့လူးလူး ...

လယ်စောင့်တဲကလေးပေါ်ကို ပြန်ရောက်နေပြီ။



"စိုင်း ..."

"ဟင် ..."

"သူတို့ ပြန်ရောက်လာလို့ လူးလူးကို တွေ့သွားရင် လွတ်မှာ မဟုတ်ဘူး၊ စိုင်းကိုလည်း ရန်ရှာမှာ သေချာတယ်"

"အဲဒါ အရေးမကြီးဘူး၊ အရေးကြီးတာက လူးလူး တစ်ကိုယ်လုံး မိုးရေတွေနဲ့ စိုရွှဲနေပြီ၊ ကြာရင် လူးလူး အအေးမိပြီး ဖျားနေမယ်"

ခိုက်ခိုက်တုန်နေတဲ့ လူးလူး ...

နှုတ်ခမ်းရဲရဲလေးတွေတောင် ဖြူဖျော့နေရပြီ။

စောစောက ကိုင်းတောကြီးထဲမှာ မိုးတွေ စိုရွှဲအောင် မိသွားခဲ့သည်။

"လူးလူးတို့ ဘာဆက်လုပ်ကြမလဲ စိုင်း"

"အခုနေ ဒီရွာက ပြန်ထွက်တာ အကောင်းဆုံးပဲ"

"ဟင် ... ဒါဆို ဘယ်ကိုသွားမလဲ"

"ကိုယ့်အိမ်ကို ပြန်မယ်"

ညအမှောင်ထဲမှာ ...

အိမ်ကို အရောက်ပြန်ခဲ့ကြတဲ့ စိုင်းစက္ကနဲ့ လူးလူး။

အိမ်ရောက်တော့မှ ...

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားတွေ လဲလိုက်ကြရသည်။

ရန်စေးထန်တို့ကတော့ လှိုင်ဆမ်ဆစ်တောင်ခြေ ရွာလေးမှာ ကျန်ရစ်ခဲ့ကြပြီ။





## အခန်း(၃)

ကွတ်ခိုင်မြို့ထဲက ...

နှင်းရင်ခွင် စားသောက်ဆိုင်။

"စိုင်း ..."

"ဟင် ..."

"လူးလူးအတွက်နဲ့ စိုင်း အရမ်းပင်ပန်းနေပြီလားဟင်"

"ရပါတယ် လူးလူးရယ်"

"စိုင်းကို အရမ်းပဲ ကျေးဇူးတင်တယ် သိလား"

လူးလူး မျက်လုံးလေးတွေ အရည်လဲ့နေသည်။

ညက တစ်ညလုံး ကောင်းစွာ မအိပ်ခဲ့ရ၍ မျက်တောင်လေးတွေက မှေးစင်းနေသည်။

"လူးလူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... စိုင်း"

"ကိုယ်တို့နှစ်ယောက်ကို ဆိုင်အပြင်ဘက် လမ်းပေါ်ကနေ လူနှစ်ယောက် စောင့်ကြည့်နေတယ်"

"အမ် ..."

"လူးလူး ၊ ဟန်မပျက်စေနဲ့"

စိုင်းစက္က မျက်လုံးတွေက စွန်ရဲတစ်ကောင်လို လျှင်ပြီးသား။

တစ်ယောက်က ဂျင်းအင်္ကျီအပြာရောင်နဲ့ ...

တစ်ယောက် ရှပ်အင်္ကျီအနီရောင်နဲ့ ...

လမ်းပေါ်မှာ ယောင်လည်လည် လုပ်နေသည်။

သူတို့ မျက်လုံးတွေက ဆိုင်အတွင်းဘက်ကို မသိမသာ လှမ်းလှမ်းကြည့်နေသည်။

သေချာပါသည်။

ကွတ်ခိုင်မြို့ထဲကို ရန်စေးထန် ပြန်ရောက်လာပြီဆိုတာ။

"ဘယ်လို လုပ်မလဲ စိုင်း"

လူးလူး ထိတ်ထိတ်ပျာပျာ မေးနေသည်။

"မီးစင်ကြည့်က,မယ်"

အရေးထဲမှာ ဆိုင်ကယ်က ပါမလာ။



ဆိုင်ကယ်ကို တစ်နေရာမှာ ထားခဲ့ပြီး နှင်းရင်ခွင်ဆိုင်ဘက်ကို လမ်းလျှောက်ထွက်လာခဲ့ကြခြင်းဖြစ်သည်။

"တစ်ခုခုဖြစ်ရင် လူးလူး ဘာမှ မကြောက်နဲ့နော်၊ သူတို့အဖွဲ့ကို ကိုယ် ရင်ဆိုင်နိုင်ပါတယ်"

"တော်တော်ဒုက္ခပေးတဲ့ ရန်စေးထန်"

လူးလူး ခေါင်းကုတ်ရင်း ညည်းလိုက်သည်။

ပြေးရလွှားရ လုပ်ခဲ့ရ၍လည်း လူးလူး မောနေပြီ။

ကျသင့်ငွေကို စိုင်းစက္က ရှင်းပေးလိုက်သည်။

"လာ ... ထွက်မယ်"

လူးလူး လက်ကို စိုင်းစက္က ဆွဲပစ်လိုက်၏။

လမ်းမပေါ် ရောက်တော့ ...

"ဟော့ ... မြင်းလှည်း"

မြင်းလှည်းတစ်စီး ...

အနားကို ကွက်တိ ရောက်လာ၏။

"မြို့ပြင်က တောင်ပေါ်ဘုရားကို သွားချင်တယ်"

ပြောလည်းပြော၊ မြင်းလှည်းပေါ်ကိုလည်း နှစ်ယောက်သား ခပ်သွက်သွက် တက်လိုက်ကြသည်။

"ဟင် ..."

ဟိုလူနှစ်ယောက် ပျာယာခတ်သွားသည်။

ဣန္ဒြေ ပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



“လူးလူး”

“ရှင် …”

“ပျော်ဖို့ကောင်းတယ်နော်”

“အမယ်လေး”

အရေးထဲမှာ ပျော်နေတဲ့ စိုင်း …

ကြည့်စမ်း …

လူးလူး လက်တွေကို ခုထိ မလွှတ်ပေး။

ညာတာပါတေားနဲ့ မသိချင်ဟန်ဆောင်ပြီး ဆက်ကိုင်ထားတာလေ။

“မပျော်ပါဘူး၊ ဒီလောက်စိတ်ညစ်ဖို့ကောင်းတဲ့ဟာကို”

“ကိုယ့်အတွက်ကတော့ အိပ်မက်မက်နေသလိုပဲ”

“အိပ်မက်”

“ဟုတ်တယ်လေ၊ မိုးပေါ်က နတ်သမီးလေးတစ်ပါး မမျှော်လင့်ဘဲ ကိုယ့်ဘဝထဲကို ရောက်လာလို့”

“စိုင်းနော်၊ ဒီမှာ စိတ်ညစ်လို့ ငိုချင်နေပါတယ်ဆိုမှ”

လူးလူး ရယ်ရအခက်၊ ငိုရအခက် ဖြစ်နေသည်။

စောစောကလူနှစ်ယောက် …

ဆိုင်ကယ်နဲ့ လိုက်လာပြီ။

“သေချာတယ်လူးလူး၊ ဟိုနှစ်ကောင် လိုက်လာပြီ”

“ဟင်”





နောက်မှာ ဆိုင်ကယ်တစ်စီး …

ရှပ်အကျီအနီရောင် ဝတ်ထားတဲ့ ပုဂ္ဂိုလ်က ဆိုင်ကယ်ကို မောင်းလာသည်။

ဂျင်းအပြာဝတ်ထားတဲ့ကောင်က နောက်မှာ ထိုင်လိုက်လာသည်။

ဈေးထဲမှာ လူးလူး အတွက် အဝတ်အစားအပိုတွေ လိုက်ဝယ်နေတဲ့ အချိန်မှာ ရန်စေးထန်အဖွဲ့ကလူတွေ၊ တွေ့သွားခဲ့တာ ဖြစ်နိုင်သည်။

ခုလောက်ဆို ရန်စေးထန်ဆီကို သတင်းပို့ပြီးလောက်ရာပေါ့။

တောင်ကုန်းပေါ်က ဘုရားလေး …

လှမ်းမြင်နေရပြီ။

မြင်းလှည်းသမားကို စောင့်ခိုင်းထားပြီး စိုင်းစက္ကနဲ့ လူးလူး ဘုရားဝတ်ပြုနေလိုက်သည်။

“ဗွုး”

“ဗွုး”

ဆိုင်ကယ်စက်သံ ကြားရပြီ။

လူနှစ်ယောက် ဆိုင်ကယ်ပေါ်က ခပ်သွက်သွက်ဆင်းလာကြပြီ။

ခြေသံတဖျပ်ဖျပ် ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းစက္က မော့ကြည့်လိုက်တော့ ...

"ဟင်"

ရောမဘီလူးကြီးနှစ်ကောင် ...

ဗလကြီးတွေက အက်လို့ ...

အဝေးကကြည့်တော့ မထင်ရ။

"စိုင်းစက္က"

သူတို့က နာမည်ကိုတောင် သိနေပြီပဲ။

"လူးလူးကို ပြန်ထည့်လိုက်ပါ"

စကားများများ ပြောတတ်ပုံမရ။

ခပ်ပြတ်ပြတ်တော့ ပြောတတ်ပုံရသည်။

"ခင်ဗျားတို့က ဘယ်ကလဲ"

"ရန်စေးထန်ရဲ့လူတွေ"

"ခင်ဗျားတို့တာဝန်က"

"တိုက်ခိုက်ရေးတာဝန်"

"ဩော်"

စိုင်းစက္က ထ,ရပ်လိုက်သည်။

ရန်စေးထန် သည်တစ်ခါတော့ လက်မရွံ့သမားနှစ်ယောက်ကို တိတိကျကျ စေလွှတ်လိုက်ပုံရသည်။

လူများပြီး ပွဲမစည်တဲ့ အလုပ်မျိုးကို ရန်စေးထန် မလုပ်တတ်။





လက်ရွေးစင်နှစ်ယောက် ...

မျက်လုံးတွေက အေးစက်နေသည်။

တစ်ခုခုကို သွေးအေးအေးနဲ့ လုပ်တတ်တဲ့ မျက်လုံးမျိုး။

"လူးလူးအာ မလိုက်ချင်ဘူး၊ ရန်စေးထန်နဲ့ မပတ်သက်ချင်ဘူး၊ အဲဒါ ဘယ်လိုလုပ်မလဲ"

"သူပြောတာ ဟုတ်သလား လူးလူး"

လူးလူးဘက်ကို လှည့်သွားပြီ။

သူတို့ မျက်လုံးကြီးတွေက လူးလူးကို စိုက်ကြည့်နေကြပြီ။

သူတို့ ရုတ်တရက် မေးလိုက်တဲ့မေးခွန်း။

"ဟုတ်တယ်၊ ရှင်တို့ ရန်စေးထန်ကို မုန်းတယ်"

"ဘာ"

"စိုင်းကလည်း ရှင်တို့လက်ထဲကို ထည့်မှာမဟုတ်ဘူး"

"တိတ်စမ်း"

အော်သည်။

ရှူးရှူးရှားရှား ဖြစ်သွားသည်။

"စိုင်းစက္က"

"ဟုတ်ကဲ့ ... အမိန့်ရှိပါခင်ဗျာ"

"နောက်ဆုတ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ရေးသမား နှစ်ယောက် ...

စိုင်းစက္ကုကို ပြောလိုက်ပြီ။

"ဟိတ်"

"ဟင်"

ဘုရားကုန်းပေါ်က ကွက်လပ်ကျယ်မှာ ...

ခိုင်လှကြီးမပါတဲ့ သတ်ပွဲ ...

"ဖြောင်း"

"ဘောင်း"

အဝင်ကြမ်းသည်။

နှစ်ယောက်စလုံး တဖောက်ကန်း ...

"ဒုတ်"

"ခွပ်"

"အင့်"

စိုင်းစက္ကု ...

လေထဲကနေ ခုန်ပျံရှောင်ထွက်သွားသည်။

နှစ်ယောက်စလုံး နပန်းသမားတွေ။

စိုင်းစက္ကုကို အတင်းဝင်ပူးဖို့ ကြိုးစားသည်။

မရ ...

စိုင်းက အကပ်မခံ ...

ရှေ့တစ်ယောက် နောက်တစ်ယောက် ...



"ကဲကွာ"

"ဟာ"

နှစ်ယောက်ပြိုင်ပြီး တရကြမ်း ခုန်ဝင်လာသည်။

ညှပ်ပူးညှပ်ပိတ် တိုက်ကွက်။

"ဗြဲ"

"ဒွိ"

"အင့်"

"အိ"

ခြေဖျား ...

တံတောင် ...

လက်သီး ...

ဘယ်လိုပဲထိထိ သူတို့ ခံနိုင်ရည် ရှိနေသည်။

"ဖြောင်း"

"ဘောင်း"

မရတော့ ...

စိုင်းစက္ကု ချက်ကောင်းကို ရွေးရပြီ။

နပန်းသမားတွေ မခံနိုင်ဆုံးနေရာ ...

ငယ်ပါ ...

"ဒုတ်"

"အွတ်"

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးကြီးတစ်ကောင် ...

ချက်ကောင်းကို ထိသွားသည်။

"အီး"

"အား"

လဲပြီ ...

မြေပေါ်မှာ ခွေခွေလေး ...

"မင်း ... မင်း ..."

ကျန်နေတဲ့ ဘီလူးကြီးတစ်ကောင် ...

ခါးကြားထဲက ဓားကို ထုတ်လိုက်ပြီ။

"ရော့"

"ဝိုး"

"ဖြောင်း"

ဓားက လေထဲကို မြှောက်အတက် ...

စိုင်းစက္ကက ငုံ့အရှောင် ...

ကျန်နေတဲ့ ခြေတစ်ဖက်က ဓားဖျားကို ဖြောင်းခနဲ ရိုက်ချလိုက်သည်။

ဘီလူးကြီး မျက်လုံးပြူးသွားသည်။

တိုက်ခိုက်ရေးသမားကြီး တအံ့တသြ ဖြစ်သွားသည်။

သွက်လွန်းတဲ့ စိုင်းစက္က။

သူ ဘယ်လိုမှ မယှဉ်သာတော့။





ဘယ်လိုလူမျိုးမှ ရှောင်လို့မလွတ်တဲ့ ဓားကို သူ ရအောင်ရှောင်သွားသည်။

ပြီးတော့ ...

နောက်လှည့်ပြီး ဖြောင်းခနဲ ခြေဖျားနဲ့ ခတ်ထုတ် ပြလိုက်သေး၏။

မလွယ်တဲ့ စိုင်းစက္က ...

ဒီကောင် ကရာတေးသမား ...

ဒီကောင် ဘလက်တိုက်ဂါး ...

ရန်စေးထန် တွေ့ချင်လို့ အသည်းအသန် လိုက်ရှာနေတဲ့ ဘလက်တိုက်ဂါး ...

မနစ်ကတည်းက ...

လူးလူးနဲ့ မပတ်သက်ခင်ကတည်းက ...

သူစီးထားတဲ့ GLOBE OAT ဖိနပ်ဦးချွန်မှာ တိုက်ဂါး နှစ်ကောင်ကို တစ်ဖက်တစ်ကောင်စီ ကပ်ထားသည်။

စိုင်းစက္ကသည် ဘလက်တိုက်ဂါးမှန်း ခုထိ သူတို့ ဆရာ ရန်စေးထန် မသိနိုင်သေး ...

သူတောင် အခုမှ ...

ဘလက်တိုက်ဂါးမှန်း သိလိုက်ရတာ ...

သူ့ရဲ့တိုက်ကွက်တွေ ...

သူ့ရဲ့အသတ်အပုတ် ပညာတွေ ...

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်လို လူမျိုးကိုတောင် ဖြုသွား တုန်သွားအောင် တိုက်သွားတာပဲကြည့်။

ဟိုကောင်မလေးက အေးဆေး ...

သစ်ပင်အောက်မှာ လက်ပိုက်ပြီး ရပ်ကြည့်နေသည်။

နှစ်ယောက်တစ်ယောက် သတ်ပွဲကို စိတ်ဝင်တစား ငေးကြည့်နေသည်။

အဲသည်အချိန်မှာ ...

လျှပ်တစ်ပြက် လှုပ်ရှားလိုက်တာ မြင်းလှည်းဆရာ။

ကောင်မလေးကို မြင်းလှည်းပေါ် ပွေ့တင်သွားသည်။

စိုင်းစက္က မသိလိုက် ...

ဘီလူးကြီး တစ်ကောင်ကို အပြတ်နှာမို့ ...

စိတ်စောနေသည်။

"ဟေ့ကောင် ဘလက်တိုက်ဂါး"

"ဟင်"

"မင်းနဲ့ငါ ဆက်မတိုက်ချင်တော့ဘူး"

ဘလက်တိုက်ဂါးဆိုတဲ့ နာမည်ဝှက်ကို သိသွားတာ စိုင်းစက္က အံ့သြသွားသည်။

"ခင်ဗျား"

"ငါတို့အဖွဲ့ မင်းကို လိုက်ရှာနေတာ ကြာပြီ"

"ဘာ"





"မင်း ဘလက်တိုက်ဂါး ဟုတ်ပါတယ်နော်"

တခေါက်ကန်း တိုက်ခိုက်ရေးသမား ...

ဂါမဏိ ...

စိုင်းစက္ကကို မေးနေသည်။

"ဟုတ်တယ် ... ကျုပ် ဘလက်တိုက်ဂါး"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

"ဟာ"

လက်ခုပ်တွေ တဖြောင်းဖြောင်းတီးပြီး ကွက်လပ်ကျယ်ထဲကို တစ်လှမ်းချင်း ဝင်လာတဲ့ လူတစ်စု။

"ဘလက်တိုက်ဂါးနဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

"ခင်ဗျား ဘယ်သူလဲ"

"ရန်စေးထန် ဆိုတာ ကိုယ်ပဲ"

"အို"

ရန်စေးထန် ...

ရန်စေးထန် ... တဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄)

ရန်စေးထန် ...

ကျေနပ်နေသည်။

အပြုံးတွေနဲ့ လှိုင်လှိုင်ဝေနေသည်။

တောထဲက ခေတ်မီတိုက်ကြီး ...

စိုင်းစက္ကကို ခေါ်လာခဲ့၏။

အဖျော်ယမကာ စားသောက်ဖွယ်ရာမျိုးစုံနဲ့ ညှဲ့ခံနေသည်။

"ကိုစိုင်း"

"ဟင်"

"လွတ်လွတ်လပ်လပ် စိတ်ကြိုက်သောက်စမ်းပါဗျာ ... ကျွန်တော် ကိုစိုင်းကို ညှဲ့ခံချင်လို့ လိုက်ရှာနေတာကြာပြီ"



ရန်စေးထန် ...

သူ့မှာ အကြံအစည် တစ်ခုခုတော့ ရှိနေပုံရ၏။

"လူးလူး ဘယ်မှာလဲ"

အရက်တွေကို စိုင်းစက္ကု စိတ်မဝင်စား ...

စားစရာတွေဆီမှာ စိုင်းစက္ကု စိတ်တွေက မရှိ။

လူးလူး ပျောက်နေတာ ခက်နေသည်။

လူးလူးကို တစ်နေရာရာမှာ ရန်စေးထန် ဖွက်ထားဆိုက်ပုံရသည်။

ခုလောက်ဆို လူးလူး စိတ်ဓာတ်ကျနေလောက်ပြီ။

ရှိုက်ငိုချင် ငိုနေလောက်ပြီ။

"လူးလူး ရှိပါတယ်၊ အပေါ်ထပ်မှာ အိပ်နေလို့"

"ခင်ဗျား ဘာသဘောနဲ့ ခုလိုလုပ်တာလဲ ရန်စေးထန်"

"ဟင်"

"ကျုပ် နားမလည်လို့"

"ရှင်းပြမှာပါဗျာ၊ ရှင်းပြမှာပါ၊ ဟင်း ဟင်း"

ရန်စေးထန် အပြုံးက ကျေနပ်နေတဲ့ အပြုံး ...

"လူးလူးကိစ္စကို စ,ရှင်းမယ် ကိုစိုင်း"

ရီသေနေသည်။

စိုင်းစက္ကကို လေးစားနေသည်။

www.burmeseclassic.com



နာမည်ခေါ်တာတောင် ကိုစိုင်းတဲ့၊ သူ့ကိုယ်သူ စကားပြောတော့လည်း ကျွန်တော်တဲ့ ...

အရုပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း ရန်စေးထန် ...

အသားအရေက ချောမွတ်စိုပြည်နေသည်။

ယောကျ်ားတန်မဲ့ နှုတ်ခမ်းလေးတွေက ရဲနေသည်။

လူးလူး ပြောတာ မှန်နေတာပဲ။

ရန်စေးထန်က လူချောတစ်ယောက် ဆိုတာလေ။

ပါးမြိုင်းမွေး ... နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ...

ဘာမွေးမှ သူ့မျက်နှာပေါ်မှာ မရှိ။

ရှင်းသန့်နေသည်။

စိုပြည်ဝင်းဝါနေသည်။

ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတယ်ဆိုတာ ဟုတ်မှာပဲ။

"လူးလူးနဲ့ ကျွန်တော့်ကို လူကြီးတွေကိုယ်တိုင်က သဘောတူထားတာပါ ကိုစိုင်း၊ လူးလူးက ကလေးလို လွတ်လွတ်လပ်လပ် နေချင်သေးတဲ့စိတ် မပျောက်သေးလို့၊ ဒီအချိန်ထိ စိတ်ရှည်ရှည်နဲ့ ကျွန်တော် စောင့်ပေးလာခဲ့တာပါ၊ ခုတော့ အဲဒီပြဿနာတွေ ဘာမှမရှိတော့ပါဘူး၊ ကျွန်တော့်လက်ထဲကို လူးလူး ရောက်လာပြီဆိုတော့ မင်္ဂလာဆည်ခံပွဲ





ကစ်ခုကို အကောင်းဆုံးဖြစ်အောင် စီစဉ်လိုက်ဖို့ပဲ ရှိတော့တယ်၊ ကိုစိုင်း ... ကျွန်တော် ပြောတာကို သဘောပေါက်ပါတယ်နော်"

ရန်စေးထန် အပိုင်ပြောနေသည်။

မင်္ဂလာဆည်ခံပွဲတဲ့ ...

တကယ့်ကို သေချာပေါက်ပဲ။

"လူးလူးနဲ့ ကျွန်တော့်ကြားထဲမှာ ကိုစိုင်း ဝင်မပါချင်စမ်းပါနဲ့လို့ ကိုစိုင်းကို ကျွန်တော် တောင်းပန်ပါတယ်၊ လူးလူးကို ချစ်မြတ်နိုးစွာ မက်မက်မောမော ကျွန်တော် လက်ထပ်မှာပါ"

စိုင်းစက္ကူ ငြိမ်ပြီး နားထောင်နေသည်။

ရန်စေးထန်ကိုလည်း အကဲခတ်နေမိ၏။

စကားပြောကောင်းတဲ့ ရန်စေးထန် ...

အပြောကတော့ ချောနေ၏။

"နောက်တစ်ခုက ကိုစိုင်းဆီက အကူအညီတစ်ခု တောင်းချင်တဲ့ကိစ္စ"

"ဘာအကူအညီလဲ"

"စိမ့်ကြီးမြိုင်ရွာက လက်ရှေ့စိန်ခေါ်ပွဲတစ်ခုမှာ ကျွန်တော်တို့ရဲ့ မြိုင်ဘက်တစ်ယောက်ကို အလဲထိုးပေးဖို့"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"သိန်းကို ထောင်ချီပြီး ကျွန်တော် လောင်းချင်လို့ ဘလက်တိုက်ဂါးကို ကျွန်တော် လိုက်ရှာနေတာပါ၊ ပြိုင်ဘက်ရန်သူကြောင့် ကျွန်တော် အရှုံးအထိနာနေတယ် ကိုစိုင်း၊ ကျွန်တော့်ကို ကူညီပါဗျာ"

စိမ့်ကြီးမြိုင်ရွာက လက်ဖွေ့စိန်ခေါ်ပွဲ။

"စိမ့်ကြီးမြိုင်ရွာက ဘယ်မှာရှိတာလဲ"

"နယ်စပ်တောင်ခြေ"

"ပြိုင်ဘက်က ဘယ်သူလဲ"

"ကျားမနိုင်ဘခက်"

"ကျားမနိုင်ဘခက်"

"ဟုတ်တယ် … အဲဒီကောင် တော်တော်လက်စွာတယ်၊ အဲဒီနယ်တစ်ဝိုက်မှာ ကျားမနိုင်ဘခက်ကို စိန်ခေါ်ရဲတဲ့လူ ပေါ်မလာသေးလို့၊ သူ့ကို ထိန်းထားတဲ့ ဦးထီးမိုးစံတို့ အဖွဲ့ ထောင်နေတယ် ကိုစိုင်း"

"ဦးထီးမိုးစံ ဟုတ်လား"

"သူ့ကို ကိုစိုင်း သိလား"

"မသိဘူး၊ ကြားလည်း မကြားဖူးဘူး၊ သူက ဘာလုပ်တဲ့ အဖွဲ့လဲ"

"မကောင်းတာ မှန်သမျှ အကုန်လုပ်တဲ့ အဖွဲ့"

ရန်စေးထန် အသံက တိုးသွားသည်။





"ကျွန်တော့်ရဲ့ အဓိကပြိုင်ဘက်ကြီးပေါ့ဗျာ၊ သူ့ကြောင့် ကျွန်တော့်စီးပွားရေးတွေ ထိခိုက်နေတာ ကြာပြီ၊ ကျွန်တော် ပိုင်တဲ့ မြင်းတွေ လားတွေ သူ့နယ်မြေထဲမှာ အလုခံလိုက်ရတယ်၊ ပစ္စည်းတွေလည်း ဆုံးသွားတယ်၊ ပြန်တောင်းတော့လည်း မပေးဘူး၊ အဲဒီတစ်ခေါက်တည်းနဲ့ သိန်းပေါင်းတစ်သောင်းခွဲဖိုးလောက် ကျွန်တော့်ဘက်က ဆုံးရှုံးသွားတယ်၊ အဲ … သူတို့အဖွဲ့ကို ကြီးကိုင်နေတဲ့ အဓိကလူက ဦးထီးမိုးစံရဲ့သမီး၊ တိုက်တဲ့ ခိုက်တဲ့ မိုက်တဲ့ဘက်မှာ နှစ်ယောက်မရှိအောင် ရက်စက်ကြမ်းကြုတ်လွန်းတဲ့ မိန်းမ၊ အရိုင်းအစိုင်းတစ်ကောင်ကန်းမိန်းမ"

"သူ့နာမည်က ဘယ်သူလဲ"

"ဖေဒါ … အိုင်းရွမ်းဖေဒါ"

အိုင်းရွမ်းဖေဒါ … တဲ့။

တော်တော်ဆန်းတဲ့ နာမည်ပဲ။

တော်တော်မာထန်ပြီး တော်တော်ကြမ်းတမ်းမဲ့ မိန်းမပဲ။

"ယောကျာ်းရှိလား"

"ဟာ … ဘယ်ကလာ ယောကျာ်းရှိရမှာလဲ၊ ဘယ်သူမှလဲ ကပ်လို့မရဘူး၊ ဘယ်သူမှလဲ စ,လို့မရဘူး၊ ယောကျာ်းစိတ်ပေါက်နေတဲ့ မိန်းမ၊ ကိုယ်လုံးကိုယ်ပေါက်ကတော့ လုံးအစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အက်နေတာပဲ၊ လူလမ်းလျှောက်သွားရင် မြေတွေတောင် တုန်သွားမယ်၊ သူ့မှာ အချစ်ဆိုတာ မရှိဘူး၊ သစ္စာတရား ဆိုတာ မရှိဘူး၊ သူလိုချင်တာ မရရင် တစ်ကမ္ဘာလုံးကို တောင် မီးပုံရှို့ချင် ရှို့မဲ့မိန်းမ၊ ကြမ်းတယ်၊ ရမ်းတယ်၊ ကမ်းကုန်အောင် ရက်စက်တယ်၊ အဲဒါ ဦးထီးမိုးစံရဲ့သမီး အိုင်းရွမ်းဗေဒါပဲ၊ အဲဒီတစ်ဖွဲ့လုံးကို ကြိုးကိုင်အမိန့်ပေးနေ တာ အိုင်းရွမ်းဗေဒါပဲ"

"ကျားမနိုင်ဘခက်နဲ့ အိုင်းရွမ်းဗေဒါ ဘယ်လိုပတ်သက်လဲ"

"ကျားမနိုင်ဘခက်က အိုင်းရွမ်းဗေဒါကို တစ်ဖက်သတ် ကြိုက်နေတယ်၊ အိုင်းရွမ်း ခိုင်းရင် ဘခက် ဆိုတဲ့ကောင်က အကုန်လုပ်တယ်၊ အိုင်းရွမ်းက သေဆိုရင် သေမဲ့ကောင်"

ရန်စေးထန် မဲ့ကာရွဲ့ကာ ပြောနေသည်။

သူ တစ်စက်ကလေးမှ ကြည့်လို့မရ ဖြစ်နေတဲ့ အိုင်းရွမ်းဗေဒါ ...

ရန်စေးထန်ရဲ့ ပြိုင်ဘက် အိုင်းရွမ်းဗေဒါ ...

သူ့ကို ဘယ်သူမှ မယှဉ်နိုင် ...

ရန်စေးထန် အသေသတ်ချင်နေတဲ့ မိန်းမ ...

ရန်စေးထန် အပြတ်ရှင်းချင်နေတဲ့ မိန်းမ ...

"ကောင်းပြီလေ၊ အလုပ်တစ်ခု လုပ်တယ်ဆိုတာ အပေး အယူ သဘောမျိုးတော့ ရှိဖို့လိုလိမ့်မယ် ရန်စေးထန်၊





ကျားမနိုင်ဘခက်ကို ယှဉ်ဖို့အတွက် ကျုပ်လိုချင်တာကို တောင်းဆိုရလိမ့်မယ်၊ အဲဒါကို ရမယ်ဆိုရင် ကျားမနိုင် ဘခက်ကို ကျုပ် စိန်ခေါ်မယ်"

"ကိုစိုင်း ဘာလိုချင်လဲ"

"ပြောရမလား"

"ပြော"

"လူးလူး စိတ်တိုင်းကျ ဆုံးဖြတ်တာကို ခင်ဗျား နာခံရ မယ်"

"ဘယ်လို"

ရန်စေးထန် နားမရှင်း ...

နောက်တစ်ခေါက် ပြန်မေးနေသည်။

"လူးလူး မကြိုက်ရင် ခင်ဗျား နောက်ဆုတ်ပေးရမယ် ရန်စေးထန်"

ရန်စေးထန်ရဲ့ အရှိက်ကို တည့်တည့်မှန်သွားသည်။

ရန်စေးထန်ရဲ့ လည်မျိုထဲမှာ နင်သွားသည်။

"ကိုစိုင်းက"

"ကျုပ် ကျားမနိုင်ဘခက်ကို အနိုင်ယူမယ်၊ နိုင်ရင် လူးလူးကို ပြန်လွှတ်ပေး"

ရန်စေးထန် ရှင်းသွားပြီ။

လိုရင်းအချက်က ဒါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သဘောတူတယ် ကိုစိုင်း"

စိုင်းစက္က ...

ရန်စေးထန်ဆီက လိုချင်နေတဲ့ အဖြေတစ်ခုကို ရလိုက်၍ ဝမ်းသာသွားသည်။

"ကျားမနိုင်ဘခက်ကို ယှဉ်နိုင်အောင် ကျွန်တော် ဘာကူညီရမလဲ"

"တစ်ပတ် အချိန်ပေး"

"ကိုစိုင်း ဘာလုပ်ချင်သလဲ"

"ပြင်းပြင်းထန်ထန် လေ့ကျင့်ချင်တယ်၊ ပြီးတော့ ... လူးလူးကိုလည်း ကျုပ်မျက်စိရှေ့မှာ ခေါ်ထားချင်တယ်"

"ကောင်းပြီ၊ ကိုစိုင်း လိုချင်တာကို အားလုံး ကျွန်တော် လိုက်လျောတယ်"

ရန်စေးထန် သဘောကတော့ မဆိုးပါဘူး ...

နောက်တော့မှသာ စိတ်ပြောင်းချင် စိတ်ပြောင်းသွားမှာ ...။

ခုလောလောဆယ်မှာ ကျားမနိုင်ဘခက်ကို ယှဉ်နိုင်ဖို့က ရန်စေးထန်အတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေသည် မဟုတ်ပါလား။

စိုင်းစက္ကရဲ့ ဆန္ဒတွေကို မလွှဲသာမရှောင်သာ လိုက်လျောလိုက်ဖို့ပဲ ရှိတော့တာပေါ့။





"ဟော့ကောင်တွေ ... လူးလူးကို ခေါ်လာခဲ့"

လူးလူး ...

အခန်းထဲမှာ ငုတ်တုတ်။

"ဒေါက်"

"ဒေါက်"

"ဘယ်သူလဲ"

အခန်းတံခါး ခေါက်လိုက်တဲ့ အသံ ...

"ကျွန်တော်တို့ပါ"

"ဘယ်က ကျွန်တော့်လဲ"

"ဂါမဏီ"

ရှိသေနေသည်။

တလေးတစား ပြန်ပြောနေသည်။

"ဘာကိစ္စလဲ"

"ရန်စေးထန်နဲ့ စိုင်းစက္ကက ခေါ်ခိုင်းလိုက်လို့"

လူးလူး ဝမ်းသာသွားသည်။

တံခါးဖွင့်ပြီး သူခေါ်တဲ့နောက်ကို လိုက်လာခဲ့သည်။

"စိုင်း"

"လူးလူး"

ဧည့်ခန်းကျယ်ကြီးထဲမှာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကိုစိုင်း၊ ဒီခြံကြီးရဲ့ ပတ်ဝန်းကျင်တဝိုက်မှာ လွတ်လွတ်လပ်လပ် စိတ်တိုင်းကျ အပန်းဖြေရင်း အနားယူနိုင်ပါတယ်၊ ကိုစိုင်းကို ယုံပါတယ်၊ ကျွန်တော် လူးလူးကို ထည့်ပေးလိုက်မယ်၊ လုံခြုံရေးအတွက်ကိုတော့ ကိုစိုင်း မပူပါနဲ့၊ ဒီပတ်ဝန်းကျင်က တောထဲမှာ ကျွန်တော့်လူတွေ အကုန်ချထားတယ်၊ အပြင်က သူစိမ်းတွေ ဝင်မလာနိုင်အောင်လို့ပါ"

ရန်စေးထန် ...

လူးလူးကို တစ်ချက်ကြည့်ပြီးတော့မှ လှည့်ထွက်သွားသည်။

စိုင်းစက္ကနဲ့ လူးလူးကိုလည်း ပညာသားပါပါ ခြိမ်းခြောက်သတိပေးသွားခဲ့သေး၏။

ပတ်ဝန်းကျင်က တောထဲမှာ ...

သူ့လူတွေကို လုံခြုံရေးချထားတယ်တဲ့ ...

စိုင်းစက္က ...

လူးလူးကို ခြံကြီးထဲကတစ်ဆင့် အနောက်ဘက်က ချောင်းထဲကို ခေါ်လာခဲ့သည်။

လူရှင်းပြီး အေးအေးဆေးဆေး စကားပြောလို့ကောင်းတဲ့နေရာ။

တိတ်ဆိတ်ငြိမ်သက်ပြီး အေးချမ်းတဲ့နေရာ။





ချောင်းရေက အေးစိမ့်နေ၏။

ငှက်ကလေးတွေက တီတီတာတာ အော်မြည်နေသည်။

သစ်ရွက်ကြွေလေးတွေက ချောင်းရေထဲမှာ တငြိမ့်ငြိမ့် မျောပါနေသည်။

"ဒီနေရာလေးက တော်တော်သာယာတဲ့ နေရာလေးပဲနော် လူးလူး၊ ရန်စေးထန်က တကယ် ကဗျာဆန်တဲ့ နေရာလေးကို ရွေးထားတာပဲ"

"စိုင်း"

"ဟင်"

"ရန်စေးထန် ဘာစိတ်ကူးပေါက်သွားတာလဲ"

လူးလူး 'အသည်းအသန် မေးချင်နေတဲ့ မေးခွန်း။

စိုင်းက အဖြစ်အပျက်တွေ အားလုံးကို လူးလူးနားလည်အောင် ရှင်းပြလိုက်၏။

"ဟယ်"

လူးလူး စိုင်းအတွက် စိုးရိမ်သွားရပြီ။

ဖေဖေက လူးလူးကို ပြောဖူးသည်။

ကျားမနိုင်ဘခက်နဲ့ အိုင်းရွှမ်းဇေဒါ အကြောင်းတွေ။

လူတစ်ယောက်ရဲ့အသက်ကို ပုရွက်ဆိတ်လေးတစ်ကောင်လောက်တောင် တန်ဖိုးမထားတတ်တဲ့ ကျားမနိုင်ဘခက်။



www.burmeseclassic.com

ပြီးတော့ ...

ကမ်းကျွန်အောင် ရက်စက်တတ်တဲ့ အိုင်းရှမ်းဗေဒါ

သူတို့နဲ့ စိုင်းက ယှဉ်ပြိုင်ရမှာတဲ့။

စိမ့်ကြီးမြိုင်ရွာက ...

ဒုစရိုက်သမားတွေရဲ့ လက်ဝှေ့ကြီးဗိုင်း ...

"စိုင်း ... စိုင်းရယ်၊ စိုင်း အတွက် လူးလူး စိတ်ပူလိုက်တာ၊ ခုနေ စိုင်းသာ တစ်ခုခုဖြစ်သွားရင် လူးလူးလေ ..."

အကြင်နာလေးတွေ နှောင်တဲလာတဲ့ လူးလူး ...

စိုးရိမ်စိတ်ကလေးတွေနဲ့ ပူပန်လာတတ်တဲ့ လူးလူး။

မျက်နှာလေးက ညှိုနေသည်။

စိုင်း ပခုံးတွေကို သူမ ကိုယ်လေးနဲ့ အတင်းဖိကပ်ထားပြီး စိုင်းလက်မောင်းတွေကို ခပ်တင်းတင်း ဆုပ်ဖက်ထားသည်။

"ကိုဇယ့်အတွက် မစိုးရိမ်ပါနဲ့ လူးလူး"

"သူ ... သူတို့က နာမည်ကြီး ဒုစရိုက်သမားတွေ စိုင်းရဲ့ ဥပဒေနဲ့ အလှမ်းဝေးတဲ့ တောတွေ တောင်တွေထဲမှာ ပုန်းအောင်းလှုပ်ရှားပြီး စီးပွားရှာနေကြတာ၊ လူတစ်ယောက် အသက်ကိုသတ်ဖို့ ဘယ်တော့မှ ဝန်မလေးတဲ့ အဖွဲ့တွေ သူတို့က လူအင်အား ကောင်းတယ်၊ လက်နက်အင်အား ကောင်းတယ်၊ ရန်စေးထန် ဘယ်လိုမှ မယှဉ်နိုင်တဲ့အဖွဲ့





တွေလို့ ဖေဖေကလည်း ပြောထားဖူးတယ်၊ ပြီးတော့ စိုင်းက တစ်ယောက်တည်း"

-အမိက,ကတော့ ...

ရန်စေးထန်ကို လူးလူး မယုံ။

ရန်စေးထန်က အကွက်များသည်။

သူလိုချင်တာကို မရ,ရအောင် တစ်ကွက်ပြီးတစ်ကွက် ခေါင်းအေးအေးနဲ့ ရွှေ့ချင် ရွှေ့နေတတ်သည်။

မဟုတ်မှလွဲရော စိုင်းကို တမင်သက်သက်ညစ်ပြီး ကျားမနိုင်ဘခက်နဲ့ အိုင်းရှမ်းဗေဒါရဲ့လက်ထဲ အပျောက်ရှင်းဖို့ ခ,ကွက်အပ်နေတာများလား။

စိုင်း မလွယ် ...

ခံရဖို့များသည်။

ကျားမနိုင်ဘခက်က နာမည်ကြီး ဖိုက်တာ။

လူဆိုးလူမိုက်တွေ တစ်ယောက်ပြီးတစ်ယောက်ကို ခြိမ်ခေါ်ဖြုတ်ချလာတဲ့လူ။

ရက်စက်ကြမ်းကြုတ်တဲ့ နေရာမှာ နှစ်ယောက်မရှိတဲ့လူ။

"ကိုယ် သူတို့ကို မမှုပါဘူး လူးလူး၊ အရေးကြီးတာ ရန်စေးထန် လက်ကနေ လူးလူး လွတ်ဖို့ပဲ၊ ရန်စေးထန် ကတိတည်မှာပါ"

www.burmeseclassic.com



"မယုံဘူး၊ လူးလူးကတော့ ရန်စေးထန်ကို မယုံဘူး"

လူးလူး ခေါင်းခါနေသည်။

နှစ်ယောက်သား ...

ချောင်းဘေးက ကိုင်းချုံတွေကြားထဲကို ရောက်သွားသည်။

"ဖြောက်"

"ချွတ်"

"ဟာင်"

လူတစ်ယောက် ...

နောက်ကနေ ပုန်းလျှိုးကွယ်လျှိုးနဲ့ လိုက်ချောင်းနေသည်။

ရန်စေးထန် ပြောတဲ့ လုံခြုံရေးကင်းသမားပဲ ဖြစ်မှာပေါ့။

အကွက်စေ့တဲ့ ရန်စေးထန် ...

စိုင်းစက္ကတို့နှစ်ယောက် လှုပ်ဖို့တောင် ခက်သွားသည်။

"စိုင်း သတိထား"

"သိတယ်"

လူးလူးက အကင်းပါးသည်။





"ဗျို့ ... ဟေ့လူ"

ကင်းသမား နောက်ကနေ အော်ပြီ။

"ချောင်းဟိုဘက်ကို မသွားနဲ့"

သတိလိုက်ပေးတာ ...

ချောင်းဟိုဘက်ကို မကျော်ဖို့ ...

ဟိုဘက်မှာ ဘာရှိလို့လဲ ...

လွှတ်မြောက်ရာ နိဗ္ဗာန်ဘုံတစ်ခု ရှိနေလို့လား ...

ဟိုဘက်ကတောသည် သည်ဘက်ကမ်းထက် ပို၍ ထူထပ်သိပ်သည်းနေ၏။

"ခင်ဗျားက ဘယ်သူလဲ"

"မောင်နု"

နာမည်ကသာ မောင်နု ...

လူကတော့ အကင်းပါးလိုက်တာ ...

ဘယ်အချိန်ကတည်းက သူတို့နှစ်ယောက်နောက်ကို လိုက်လာမှန်း မသိ။

ဟင်း ... နုပေလို့ပဲ ...

မောင်လျှင်သာဆို ခက်တောင်ခက်ရမည်။

"မသွားပါဘူး၊ ချောင်းစပ်မှာ ထိုင်မလို့"

"ဒါဆိုလည်း ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



မောင်နှ ပြန်ထွက်သွားသည်။

"တွေ့လား စိုင်း၊ လူးလူးတို့နှစ်ယောက်ကို မျက်ခြည်ဖြတ်မခံဘဲ စောင့်ကြည့်နေတာ"

"ဟင်းနော် ... မလွှတ်လပ်လိုက်တာ"

"ဟင် ... လွတ်လပ်ရင် စိုင်းက ဘာလုပ်မလို့လဲ"

"ကိုယ် စိတ်မထိန်းနိုင်တော့ဘူး"

"ရှင်"

"ကိုယ် လူးလူးကို အရမ်းချစ်နေပြီ"

"ဘုရားရေ"

လူးလူး ခြေဖျားလက်ဖျားတွေ တအားကိုပဲ အေးစက်သွားရသည်။

ကိုယ် ... လူးလူးကို အရမ်းချစ်နေပြီတဲ့။

ပြောတဲ့ နေရာကိုလည်း ကြည့်ပါဦး။

ချောင်းစပ်က လူတစ်ရပ်စာမကမြင့်တဲ့ ကိုင်းချုံကြီးတွေကြားထဲမှာ။

အပျိုမလေး ရင်ဖိုသွားသည်။

အသည်းထဲမှာ လှိုက်ခနဲ့သွားသည်။

အကြောအချဉ်တွေ အားလုံး တောင့်တင်းသွားသည်။

"လူးလူး"





ပြန်မထူး ...

မျက်နှာကို လှည့်ထားသည်။

ခေါင်းကို ငိုက်စိုက်ချထားသည်။

ရှက်တာပေါ့ ...

စိုင်းရဲ့ မျက်လုံးတွေကို မော့မကြည့်ရဲပါဘူး။

အချစ်ဆိုတာ ရင်ခုန်တယ် ...

ရင်ခုန်တော့ တစ်ကိုယ်လုံး ထူပူသွားတယ် ...

သစ်ရွက်ကြွေလေးတွေကို ရှက်တယ် ...

လိပ်ပြာလေးတွေကို မျက်နှာပူတယ် ...

ဘယ်လိုနေရမှန်းလည်း မသိတော့ဘူး ...

ဘာလုပ်ရမှန်းလည်း မသိတော့ဘူး ...

"ကိုယ့်ကို စိတ်ဆိုးသွားလားဟင်"

"မသိဘူးနော်"

နှုတ်ခမ်းလေးကိုတော့ စူထားလိုက်သည်။

သွက်လိုက်တဲ့ စိုင်းရဲ့လက်တွေ ...

လူးလူးရဲ့ ပခုံးအိအိလေးတွေကို သိုင်းဖက်ထားလိုက်ပြီ။

"ဟင်"

လူးလူး ကြောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လူးလူးရှေ့က ချောင်းစပ်မှာ မျှော့မည်းကြီးတစ်ကောင်။

ကျောက်တုံး လုံးလုံးကြီးပေါ်ကို တရွေ့ရွေ့တက်နေသည်။

တရှုရှုလှုပ်ပြီး သွားနေသည်။

သွေးစုပ်တတ်တဲ့ မျှော့မည်းကြီး။

ဟိုတစ်ခါက မျှော့ကြီးတစ်ကောင် လူးလူး ကိုယ်ပေါ်ကို တက်လာဖူးသည်။

တစ်ကိုယ်လုံး အကြောအချဉ်တွေ တောင့်တင်းသွားအောင် သွေးစုပ်တတ်တဲ့ မျှော့။

လူးလူး ကြောက်လိုက်တာ ...

အူတွေ အသည်းတွေ ကလီစာတွေပါ မကျန်အောင် ပြောင်းဆန် တုန်ခါသွားခဲ့ရပြီး တလှုပ်လှုပ် မောကျန်ခဲ့ရသည်။

ခုလည်း အဲလိုလုပ်မဲ့ မျှော့မည်းကြီးတစ်ကောင်ကို တွေ့နေရပြန်ပြီ။

လူးလူး အဆည်းယားနေသည်။

"ချစ်တယ် ... လူးလူးရယ်"

"အို ... စိုင်း"

လူးလူး မျက်လုံးလေးတွေ ဝိုင်းစက်သွားသည်။





လူးလူး နှုတ်ခမ်းလေးတွေ ဝိုင်းဟသွားသည်။

ကိုင်းတောကြီးထဲကို ဖြတ်တိုက်လာတဲ့ လေတွေကကြမ်းသည်။

အပင်တွေ ယိမ်းထိုးသွားသည်။

ဦးတည်ရာမဲ့ ခပ်ကြမ်းကြမ်းဝင်လာတဲ့ လေပြင်းတွေ။

ပန်းဖူးနုနုလေးတွေ ...

သည်လေပြင်းဒဏ်ကို ဘယ်လိုလုပ် ခံနိုင်ပါ့မလဲ။

အခုမှ အဖူးကလေး ထွက်ကာစ ...

အံ့ကလေး ပွင့်ကာစ ...

အပွင့်ကလေး စိုကာစ ...

"ကျွိ"

"ကျလိ"

"ကျွိ"

"ကျွိ"

ငှက်ကလေးတွေ ဆူညံစွာ အော်မြည်ရင်း အဝေးကို ထွက်ပြေးသွားသည်။

သူတို့လည်း ရှက်တတ်တာပဲဥစ္စာ။

"စိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရင်မောနေတာ လူးလူး ...

စိုင်းနဲ့ သည်နေရာမှာ နောက်ထပ်မနေရဲတော့။

"လူး ... လူးလူးကို သနားပါနော် စိုင်း"

လူးလူး မျက်လုံးထဲမှာ မျက်ရည်တွေနဲ့။

"လူးလူးကို ပစ်မသွားပါနဲ့နော်"

တဖွဖွ ပြောနေသည်။

စိုင်းကို တအားပွေ့ဖက်ထားသည်။

ပြန်လည်း မလွှတ်မိတော့။

ချစ်မိသွားပြီ။

လူးလူး ကိုယ်တိုင် ရင်ထဲအသည်းထဲက စိုင်းကို

ခွဲသွားခဲ့ရပါပြီ။

"လူးလူး"

"ဟင်"

"ဒီနေ့ကစပြီး တစ်ပတ်တိတိ ကစားကွက်တွေကို ကိုယ်

ပြန်လေ့ကျင့်မယ်၊ တစ်ပတ်ပြည့်တာနဲ့ စိမ့်ကြီးမြို့ရှာကို

ကိုယ် သွားရမယ်"

"လူးလူးပါ လိုက်မယ်"

"ခေါ်မှာပေါ့၊ လူးလူး မပါရင် ဘယ်ဖြစ်မလဲ"





"စိုင်းကို လူးလူး စိတ်မချဘူး"

စိုးရိမ်နေတဲ့ အသံလေးနဲ့ ပြောနေတဲ့ လူးလူး။

စိုင်းကို စိတ်မချဘူးတဲ့ ...။

꧁ ꧁ ꧁



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

"ဟေး"

"ဝေး"

"ကျားမနိုင်ဘခက်"

"ကျားမနိုင်ဘခက်ကွ"

"ရှိုး"

"ဖြောင်း ဖြောင်း ဖြောင်း"

တီဗီဖန်သားပြင်ပေါ်မှာ မြင်နေရတဲ့ ကျားမနိုင်ဘခက်။

သူနဲ့ လက်ဝှေ့ထိုးသတ်ပွဲကို ဗီဒီယို ရိုက်ထားတဲ့ အခွေ။

ရန်စေးထန် ဖွင့်ပြနေခြင်း ဖြစ်သည်။





စိုင်းစက္က ကြည့်ရင်း စိတ်တွေလွှပ်ရှားနေသည်။

ရေတွေ တသွင်သွင် စီးနေတဲ့ ...

စိမ့်ကြီးမြိုင်ရွာထဲက ချောင်းတစ်ခုကို ခွဆောက်ထားတဲ့ စင်မြင့်ပေါ်မှာ သဲကြီးမဲကြီး ထိုးသတ်နေတဲ့ မြင်ကွင်း။

စင်က ...

ဝါးလုံးကြီးတွေကိုသုံးပြီး ဆောက်ထားတဲ့စင်။

နိုင်သလား တောင့်သလား မမေးနဲ့ ...

"ရန်စေးထန်"

"ပြော ကိုစိုင်း"

"ဒိုင်လူကြီး မပါဘူးလား"

"မပါဘူး"

စိုင်းစက္က နားမလည်။

ဘယ်လို လက်ဝှေ့ထိုးသတ်ပွဲလဲ။

ဒိုင်လူကြီးပါတာ မတွေ့လို့၊ ရန်စေးထန်ကို စိုင်းစက္က မေးလိုက်မိတာပါ။

လူတွေက အများကြီး ...

ချောင်းရဲ့ ကမ်းနှစ်ဖက်မှာ အားပေးနေတဲ့ လူတွေ။

ဝက်ဝက်ကွဲ ဆူညံနေသည်။

လူတွေကို နှစ်ဖက်ခွဲပြီး အားပေးခိုင်းထားခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘက်ကို ကိုယ်အားပေးလို့ ရအောင်လို့။

သူ့လူ ကိုယ့်လူ ခွဲခြားလို့ ရအောင်လို့။

"ဟေး"

"ဘခက်ကွ"

"အသေသတ်ပစ်"

"ကျားမနိုင်တဲ့ဟော့"

"ဝေး"

အော်သည်။

ဆူသည်။

မြူးတဲ့လူတွေက မြူးနေသည်။

မှုးတဲ့လူတွေက မှုးနေသည်။

"ဟင်"

တီဗီဖန်သားပြင်ပေါ်မှာ ပေါ်လာတဲ့ မိန်းမတစ်ယောက်။

ကိုကာကိုလာဘူးကို လက်ကကိုင်မြှောက်ရင်း မော့သောက်နေသည်။

သူ့နောက်မှာ ...

မျက်လုံးနီတွေ ...

ခပ်ကြမ်းကြမ်း ခပ်မိုက်မိုက် မျက်နှာတွေ။





သူ ကြိမ်ခုံတစ်လုံးမှာ ခြေထောက်တစ်ဖက်ကို စားပွဲပေါ် ပစ်တင်ထားရင်း ထိုင်နေသည်။

"ရန်စေးထန်"

"ဟင် ... ကိုစိုင်း"

"အဲဒါ ဘယ်သူလဲ"

"ကျွန်တော် ကိုစိုင်းကို ပြောမလို့ပါ၊ အဲဒါ အိုင်ရှမ်းဗေဒါ"

"အိုင်းရှမ်းဗေဒါ"

စိုင်းစံကျော လက်လန်သွားသည်။

သူမ အသားစိုင်တွေက တင်းရင်းနေသည်။

သူမကိုယ်သည် တုတ်ခိုင်နေသည်။

သူမသည် လက်ဇော့စင်ပေါ်ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည်။

သူမ မျက်လုံးတွေက ...

ကြောင်တစ်ကောင်ရဲ့ မျက်လုံးမျိုး။

မျက်နှာက ထန်နေသည်။

နှုတ်ခမ်းတွေကို တင်းတင်းစေ့ထားသည်။

ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ မျက်နှာ။

"ဖြောင်း"

"ဖြောင်း"

"ဘောင်း"



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာ ကောင်းလွန်းတဲ့ တိုက်ကွက်တွေ။

လက်ဖြေ့စင်ပေါ်က ကျားမနိုင်ဘခက် ...

သူ့ကို ဘယ်လိုမှ မယှဉ်နိုင်တဲ့ လူတစ်ယောက်ကို ကိုင်ပေါက်ပစ်ဖို့ ကြိုးစားနေသည်။

ဟိုလူ ...

ဒယီးဒယိုင် ဖြစ်ချင်နေသည်။

ကျားမနိုင်ဘခက်ရဲ့ တိုက်ကွက် သတ်ကွက်တွေ အောက်မှာ အလူးအလဲ ခံနေရသည်။

"ဖြောင်း"

"ဒုတ်"

"ခွပ်"

"အင့်"

ဒူးပျံ ...

တံတောင် ...

ဗိုက်လက်သီး၊ ပင့်လက်သီး ...

ဘခက် ...

တော်တော်ကြမ်းတဲ့ ပုဂ္ဂိုလ်ပဲ ...

ဟိုလူ ...

မျက်နှာကနေ သွေးတွေ ဒလဟော စီးကျလာသည်။





ယိုင်တိယိုင်ခွေ ဖြစ်နေရင်းမှ သွေးတွေကို လက်နဲ့ ပြန်သုတ်နေသည်။

ဘခက်ကို ယှဉ်နိုင်ဖို့ အသည်းအသန် ကြိုးစားနေသည်။

ဒါပေမဲ့ မရတော့ ...

အော်သံတွေ ဝေါခနဲ ညံသွားသည်။

လက်ခုပ်သံတွေ တဖြောင်းဖြောင်း ဆူသွားသည်။

ဘခက်ရဲ့ ...

ပွဲသိမ်းတိုက်ကွက်အောက်မှာ ဟိုလူ ပျော့ခွေညွှတ်ကျသွားသည်။

"ဟေး"

"ဝေး"

"ကျားမနိုင်ဘခက်ကွ"

"ရှူး"

"ဖြောင်း ဖြောင်း ဖြောင်း"

"ဟာ"

"ဟင်"

ကြည့်နေတဲ့လူတွေအားလုံး မျက်လုံးပြူးသွားသည်။

ကျားမနိုင်ဘခက် ...

ဟိုလူကို ခါးကနေကိုင်ပြီး မ,ယူလိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူ ဘာမှမသိ ...

ခေါင်းငိုက်စိုက်ကျပြီး ကျားမနိုင်ဘခက်ရဲ့ လက်ထဲကို ပါသွားသည်။

"ဟေး"

"ဟေး"

"ဟာ"

"ဖွမ်း"

ရေထဲကို စင်ပေါ်ကနေ ပစ်ချလိုက်ပြီ။

ရက်စက်လွန်းတဲ့ ကျားမနိုင်ဘခက်။

ခံရတဲ့သူတွေဘက်က ရင်သပ်ရှုမော ဖြစ်နေကြပေမဲ့၊ နိုင်သွားတဲ့သူတွေဘက်မှာတော့ ဖျားအံ့ကို တုတ်နဲ့ထိုးလိုက်သလို ဆူညံသွားသည်။

အရင်ဆုံး မတ်တတ်ထလိုက်တာ ...

အိုင်းရှမ်းဗေဒါ ...

စင်ပေါ်ကို တစ်လှမ်းချင်း တက်သွားသည်။

ကျားမနိုင်ဘခက်ဆီကို တည့်တည့်မတ်မတ် လျှောက်သွားနေသည်။

"ဟေး"

"ဟေး"

လူတွေ ပိုလှုပ်သွားသည်။





အိုင်းရှမ်းဗေဒါလည်း လှုပ်နေသည်။

လူတွေ လက်ဖျားခါသွားသည်။

အိုင်းရှမ်းဗေဒါလည်း ရှိသမျှတွေ အကုန်ခါသွားသည်။

လောင်းကြေးက နည်းမှမနည်းတာ။

တိဗိဖန်သားပြင်ပေါ်မှာတော့ မျက်နှာပျက်ပြီး တုန်လှုပ်ချောက်ချားနေတဲ့ ရန်စေးထန်။

"အဲဒါ အိုင်းရှမ်းဗေဒါကို ကျွန်တော် နောက်ဆုံးရှုံးခဲ့ရတဲ့ပွဲပဲ၊ အချိုကြီး ကွဲခဲ့ရတဲ့ပွဲပဲ"

ရန်စေးထန် ဘေးကနေ စိုင်းစက္ကကို ပြောပြနေသည်။

"တမင် ကျားမနိုင်ဘခက်ရဲ့ တိုက်ကွက်တွေကို သိစေချင်လို့ ဖွင့်ပြတာ၊ ကိုစိုင်း ကြုံပြီးလေ့လာထားလို့ ရအောင်လို့ပါ၊ ဘခက်ရဲ့ တိုက်ကွက်တွေက ကြမ်းတယ်၊ သူ့လက်တွေက သံမဏိလက်တွေလိုပဲ မာနေတယ်၊ သူနဲ့တိုက်ပြီး ရှုံးသွားတဲ့ ကောင်တွေကို အသူရာချောင်းထဲ ပစ်ချတာ၊ တစ်ယောက်ပြီး တစ်ယောက်ပဲ၊ နောက်ဆုံးမှာ ပွဲရဲ့အနိုင်အရှုံး အဆုံးအဖြတ်က အဲဒါပဲ"

"ရန်စေးထန် အဲဒီပွဲမှာ ဘယ်လောက်ထိသွားလဲ"

"သိန်းသုံးထောင်"



www.burmeseclassic.com

www.burmeseclassic.com



လောင်းကြေးက နည်းမှမနည်းတာ။

ရန်စေးထန် ခံစားရမယ်ဆိုလည်း ခံစားစရာပဲ။

ခုတော့ ...

ဗီဒီယိုအခွေကို ပြန်ကြည့်ပြီး ရန်စေးထန် မျက်နှာ မကောင်း ဖြစ်နေဆဲ။

"ဘခက်ရဲ့ တိုက်ကွက်တွေက လျှပ်တစ်ပြက်တိုက်ကွက်တွေ၊ ချက်ကောင်းကိုထိအောင်တိုက်တဲ့ တိုက်ကွက်တွေ၊ သူ့အရိုးနဲ့ အသားတွေက မာကျစ်နေတယ်၊ အမောလည်း ခံနိုင်တယ်၊ သက်လုံလည်း ကောင်းတယ်၊ သူ့ရဲ့ပွဲသိမ်း တိုက်ကွက်က အရှိုက်နေရာပဲ"

"ကိုစိုင်း"

"ပြော ရန်စေးထန်"

"ကျွန်တော့်ကို ကူညီနိုင်မယ့်မိုးလားဟင်"

ရန်စေးထန် အဖြေကို သိချင်နေသည်။

ကိုစိုင်း ဗီဒီယိုအခွေကိုကြည့်ပြီး ဘခက်ကို ဖြန်သွားမှာ စိုးရိမ်သွားလို့ပါ။

"ကူညီမယ်"

"ဟင်"

ရန်စေးထန် ကျေနပ်ဝမ်းသာသွားရပြီ။





"တကယ် ... တကယ် ပြောတာနော် ကိုစိုင်း"

ရန်စေးထန် ...

မယုံနိုင်သေး။

စိုင်းစက္ကကို ထပ်မေးနေသည်။

"အရေးကြီးတာ ဘခက်ကို ရင်ဆိုင်ရမဲ့ တိုက်ကွက်တွေကို လွတ်လွတ်လပ်လပ် ပြန်လေ့ကျင့်နိုင်ဖို့ပဲ၊ အဲဒါကိုတော့ ရန်စေးထန် ကူညီရလိမ့်မယ်"

"ကိုစိုင်း ဘယ်မှာလေ့ကျင့်ချင်လဲ"

"အနောက်ဘက်က ချောင်းနားမှာ"

အဲဒီမှာ ...

သဲသောင်ပြင်တွေ ရှိသည်။

ကျောက်တုံးကြီးတွေ ပေါသည်။

သစ်ရိပ်ဝါးရိပ်လည်း ရှိသည်။

အလွတ်လပ်ဆုံးနေရာ ...

"ကျွန်တော် ခွင့်ပြုပါတယ်"

"လူးလူးကို ခေါ်ထားမယ်"

"ဗျာ"

"လိုအပ်တာတွေ ကူညီပေးနိုင်အောင်လို့"

ရန်စေးထန် ကွက်ခနဲ မျက်နှာပျက်သွားပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

သူ ဘာမှမတတ်နိုင်။

မလွဲသာ မရှောင်သာ ဖြစ်နေလို့ အင်တင်တင်နဲ့ပဲ ခွင့်ပြုလိုက်ရသည်။

လူးလူးကိုတော့ ရန်စေးထန် ကျိတ်မှာနေသည်။

"လူးလူး"

"ဘာလဲ"

"ကိုယ့်အစီအစဉ်တွေကို အပျက်မခံနိုင်ဘူးနော်"

"ဟွန့်"

ရန်စေးထန်ကို မကြည့် ...

လူးလူး မျက်နှာလွှဲထားသည်။

လူးလူးမှ မချစ်တာ ...

လူးလူး ချစ်တာ စိုင်း ...

လူးလူး အသည်းစွဲနေရတာ စိုင်း ...

"ကိုယ်ပြောတာ သဘောပေါက်လား"

လူးလူး အခန်းထဲကို ဝင်လာပြီး ရန်စေးထန် ပြောနေခြင်းဖြစ်သည်။

လူးလူး အနားကိုကပ်ပြီး တတွတ်တွတ် သတိပေးနေခြင်းဖြစ်သည်။





"ဒါကတော့ ကျားမနိုင်ဘခက်နဲ့ ယှဉ်ပြိုင်ရမဲ့ပွဲက အဆုံးအဖြတ် ပေးမှာပဲ၊ ကျားမနိုင်ဘခက်ကို စိုင်း နိုင်သွားရင် ရှင် နောက်ဆုတ်ပေးရလိမ့်မယ်"

ရန်စေးထန် ပခုံးကို ဆတ်ခနဲ တစ်ချက်တွန့်လိုက်သည်။

"စောင့်ကြည့်လိုက်လေ"

"ရှင်"

လူးလူး ...

မယုံတာ အဲဒါပဲ။

ရန်စေးထန် စိုင်းကို အပြတ်ရှင်းဖို့ တမင်အကွက်ဆင်နေတာလား။

ကျားမနိုင်ဘခက် အကြောင်းကို ရန်စေးထန် အသိဆုံး။

အိုင်းရွမ်းဗေဒါ အကြောင်းကိုလည်း ရန်စေးထန်အေးအလည်ဆုံး။

လက်ဝှေ့စင်မြင့်ဆိုတာ ...

အဲဒီအဖွဲ့ရဲ့ သတ်ကွင်း ...

ရန်စေးထန်က ဉာဏ်နီဉာဏ်နက် များသည်။

ပိပိရိရိ အကွက်စေ့စေ့ လှုပ်ရှားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်စေးထန်ရဲ့ ထောင်ချောက်ထဲကို စိုင်း ကျသွားမှာ လူးလူး အသည်းအသန် စိုးရိမ်နေမိသည်။

ပြီးတော့မှ ...

လူးလူးကို အေးအေးဆေးဆေး သိမ်းပိုက်လိုက်ရုံလေ။

ရန်စေးထန် ...

လူလည်ကြီး ...

"လူးလူး"

"ပြောလေ"

"ကိုယ် လူးလူးကို တကယ်ချစ်တာပါ"

"သော်"

လူးလူး လှေ့ပ်။

စိတ်မပါသလို လုပ်ပစ်လိုက်သည်။

"ကိုယ်မှာ ရှိသမျှတွေအားလုံး ပုံအောပြီး လူးလူးကို ရအောင်ကို ထက်ထပ်ယူမယ်"

"ဟင်း ... ဟင်း"

နှုတ်ခမ်းလေးတွေ ပွင့်သွားရုံလောက် လူးလူး ရယ်ပစ်လိုက်သည်။

"ကိုယ့်အကြောင်းကို လူးလူး သိတယ်နော်"





"အာ ... သိပါတယ်၊ သိပ်သိ"

"ကိုယ်ဟာ ကိုယ်လိုချင်တာကိုရမှ ကျေနပ်တတ်တဲ့ လူစားမျိုး"

"ရှင်လိုချင်တာကို လူးလူး သိတယ်"

"သိရင်ပြောစမ်း"

"ရမှက်"

"ဟင်"

တစ်ခွန်းတည်းနဲ့ ရန်စေးထန် ငြိမ်သွားသည်။

မျက်နှာကြီးလည်း ...

မည်းသွားသည်။

"ဒါတော့ ကိုယ်က ယောကျ်ားပဲ၊ ယောကျ်ားတွေဟာ လှတာကို လိုချင်တယ်၊ လူးလူး ဘာလို့လှလဲ၊ ကိုယ့်ကိုဘာဖြစ်လို့ လူးလူး အလှတွေက ဆွဲဆောင်နိုင်ခဲ့တာလဲ၊ ကိုယ် မနေနိုင်ဘူး၊ လူးလူးကို စတွေ့လိုက်ရတဲ့ အချိန်မှာ ကိုယ့်တစ်ကိုယ်လုံး ပူနွေးရှိန်းမြသွားခဲ့တယ်၊ အဲဒါ လူးလူးနဲ့ အတူတူ နေချင်လို့"

ရန်စေးထန် ပြောင်ဝန်ခံနေသည်။

လူးလူးနဲ့ အတူတူနေချင်တဲ့ အကြောင်းတွေကို ရှောက်ကြောက် ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူးလူးကို ကိုယ် သတိပေးချင်တာကတော့ ကိုယ်နဲ့ လက်ထပ်ရမှာကို လူးလူး မမေ့ဖို့ဘဲ၊ ကိုယ် မလွဲသာလို့ စိုင်းစက္ကရဲ့ ဆန္ဒတွေကို လိုက်လျောနေရတာပါ၊ ကိုယ့်ကို တစ်ပတ်ရိုက်ဖို့တော့ လူးလူးတို့ နှစ်ယောက်စလုံး ဘယ်တော့မှ မကြိုးစားနဲ့၊ အဲဒါပဲ"

ရင်စေးထန် ပြောပြီး အခန်းထဲက လှည့်ထွက်သွားပြီ။

အခန်းထဲမှာ ကျန်ခဲ့တာ လူးလူး တစ်ယောက်တည်း။

ရန်စေးထန် ...

လူးလူးကို ခြိမ်းခြောက်သွားတာလေ။

လူးလူး မသိဘဲ နေပါ့မလား။

ခက်နေတာလ လူးလူးတို့ နှစ်ယောက်စလုံး ရန်စေးထန်ရဲ့ လက်ခုပ်ထဲကို ရောက်နေခဲ့ခြင်း ဖြစ်သည်။

ရန်စေးထန်မှာက အင်အားများသည်။

မွေးထားတဲ့ တပည့်တပန်းတွေက တစ်ပုံကြီး။

သို့သော် ...

တစ်ယောက်မှတော့ အသုံးမကျ ...။

ကျားမနိုင်ဘခက်ကို ယှဉ်နိုင်တဲ့သူလည်း တစ်ယောက်မှမရှိ။



ရန်စေးထန်ကလည်း သည်အချက်ကိုပဲ မခံချိမခံသာ ဖြစ်နေသည်။

ဘခက်ကို အနိုင်လိုချင်နေသည်။

အိုင်းရွှမ်းဖေဒါကို နာမ်နှိမ်ပစ်ချင်နေသည်။

ဒါမှ သည်နယ်မြေမှာ ရန်စေးထန် ခြေဆန့်လက်ဆန့် လှုပ်ရှားလာနိုင်မည်။

ခုတော့ ...

အိုင်းရွှမ်းနဲ့ ဘခက်ကို ရန်စေးထန် မယှဉ်ရဲ။

သူတို့က တန်ခိုးထွားနေသည်။

အရှိန်အဝါသြဇာ ကြီးမားနေသည်။

ရန်စေးထန် ...

အိုင်းရွှမ်းဖေဒါကို ဘယ်လိုမှ မယှဉ်သာ။

ဘလက်တိုက်ဂါး ခေါ် စိုင်းစက္ကကိုပဲ အားကိုးရတော့မည်။

သည်အချက်ကြောင့် ...

စိုင်းစက္က မျက်နှာရနေခြင်း ဖြစ်သည်။

ဦးစားပေး ခံနေရခြင်း ဖြစ်သည်။

ကစားကွက်တွေကို ပြန်လှေ့ကျင့်ဖို့ ...

ချောင်းဖျားကို ထွက်လာခဲ့တဲ့ စိုင်းစက္က...



www.burmeseclassic.com

www.burmeseclassic.com



လှတ်လပ်ကျယ်ပြန့်တဲ့ နေရာတစ်ခုကို ရွေးချယ်

လိုက်သည်။

စိုင်းစက္ကူ နောက်မှာ ...

လူးလူး ...

လူးလူး နောက်မှာ ...

လှို့ဝှက်စောင့်ကြည့်နေတဲ့ ရန်စေးထန်အဖွဲ့က မျက်

လုံးလော့။





## အခန်း(၆)

"ဝုံး"

"ဝုန်း"

"ဖြောက်"

"ရွှတ်"

သဲသောင်ပြင်ပေါ်မှာ ...

ဘလက်တိုက်ဂါး(ခေါ်)စိုင်းစက္ကူ ...

သွေးပူလေ့ကျင့်ခန်း စလုပ်နေသည်။

ယာယီရွက်ဖျင်တဲလေးထဲမှာတော့ ...

စိုင်းစက္ကူရဲ့ ချစ်လှစွာသော လူးလူး ...

ရေပူရေချမ်း ကမ်းလှမ်းဖို့ စောင့်နေသည်။

"ဟိတ်"



www.burmeseclassic.com

www.burmeseclassic.com



"အင့်"

"ဂွစ်"

ခုန်သည်။

ရိုက်သည်။

တိုက်သည်။

လက်ကစားကွက်နဲ့ ခြေဖျားကစားကွက်တွေ။

စိုင်း ကိုယ်ပေါ်မှာ အင်္ကျီမပါ။

ရှမ်းဘောင်းဘီအရှည်ကို ဝတ်ထားသည်။

ကင်းဘတ်ဖိနပ် အပြာနုလေးကို စီးထားသည်။

ချွေးတွေကတော့ စိုင်းတစ်ကိုယ်လုံးမှာ ရွှဲနစ်နေပြီ။

သွေးတွေ ဆူသွားသည်။

သွေးတွေ ပူသွားသည်။

နေရောင်က စိုင်းရဲ့ခေါင်းပေါ်မှာ ...

"ဖြောက်"

"ဖြောက်"

ချောင်းစပ်က သစ်ရွက်ခြောက်လေးတွေပေါ်ကို တစ်ခုခုက ဖိနင်းလိုက်တဲ့ အသံ။

လူတစ်ယောက် ...

မျက်လုံးနှစ်လုံး ... နဲ့ ...





ချောင်းဟိုဘက်ကမ်း ဝါးရုံပင်ကြီးတစ်ပင် ကြားထဲကနေ စိုင်းစက္ကကို စောင့်ကြည့်နေသည်။

မသိ။

ဒါကို စိုင်းစက္ကသည် မသိ။

ကိုယ့်အလုပ်ကို ကိုယ်လုပ်နေသည်။

ကိုယ့်ကစားကွက်တွေထဲမှာ စိတ်ရောကိုယ်ပါ နှစ်မြှုပ်နေသည်။

"ဖြောက်"

ကင်မရာခလုတ်တစ်ခုကို ဖိနှိပ်လိုက်တဲ့အသံ။

ဝါးရုံပင်ကြားက လူသည် စိုင်းစက္ကရဲ့ပုံကို အကောင်းစား ကင်မရာတစ်ခုဖြင့် ရိုက်ယူသွားခဲ့ပြီ။

"ဟား ဟား"

"ဟား ဟား"

စိမ့်ကြီးမြိုင်တောထဲမှာ ...

စိုင်းစက္ကရဲ့ ဓာတ်ပုံသည် ရုပ်ပါစတား ဖြစ်နေသည်။

ကျားမနိုင်ဘာခက်သည် စိုင်းစက္ကရဲ့ဓာတ်ပုံကို သစ်ပင်မှာ ကပ်ထားသည်။

"မင်းလားကွ ဘလက်တိုက်ဂါး ... ထွီ"

ကျားမနိုင် လက်ယားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်လာမဲ့ တစ်ပတ်အတွင်း စိမ့်ကြီးမြိုင်ကို ရန်စေးထန်တို့အဖွဲ့ ရောက်လာတော့မယ်တဲ့။

အိုင်းရှမ်းဗေဒါ ...

စိုင်းစက္ကရဲ့ ဓာတ်ပုံကို ကြည့်ပြီး အသက်ရှူမှားနေသည်။

ဘလက်တိုက်ဂါး (ခေါ်) စိုင်းစက္က ဆိုတဲ့လူ။

"အိုင်းရှမ်း"

"ပြောစမ်း ဘခက်"

"ဘလက်တိုက်ဂါး ဆိုတာ အဲဒီပုဂ္ဂိုလ်ပဲ"

"ငါ သိတယ်"

ဘခက်ကိုတောင် အိုင်းရှမ်း လှည့်မကြည့်။

ဘလက်တိုက်ဂါးကိုပဲ အိုင်းရှမ်း စိုက်ကြည့်နေသည်။

အိုင်းရှမ်းရဲ့ စိတ်လှုပ်ရှားမှုတွေက ဘလက်တိုက်ဂါး ဆီမှာ စုပြုံကျရောက်နေသည်။

ကိုယ်အထက်ပိုင်းက ဗလာ။

ရင်အုပ်က ကျယ်သည်။

လက်မောင်းသားတွေက ဖုထစ်ကြွရွနေသည်။

မျက်လုံးတွေက စူးရှတောက်ပနေသည်။

အရပ်ကမြင့်သည်။

ဗိုက်သားက အဆီပိုမရှိ။





သပ်ရပ်နေသည်။

အိုင်းရှမ်း အသည်းအယားဆုံးနဲ့ အိုင်းရှမ်းကို အခွဲ ဆောင်နိုင်ဆုံးက သူ့မျက်နှာပေါ်က ပါးမြိုင်းမွေးစိမ်းတွေ။

အိုင်းရှမ်း သဘောအကျဆုံးပုံစံ။

ယောက်ျားဆိုတာ အဲလို မာကျောနေမှ၊ အဲလို ဒေါင်ဒေါင်မြည်နေမှ။

"အသက်က အများဆုံးရှိရင် အစိတ်နဲ့ သုံးဆယ်ကြားပဲ"

"ရန်စေးထန်နဲ့ ဘယ်လိုပတ်သက်နေတာလဲ"

"အဲဒါတော့ ငါလည်း သေချာမသိဘူး အိုင်းရှမ်း၊ ဓာတ်ပုံကို မင်းဒင် ရိုက်လာတာ၊ ကိုယ်ခံပညာတော့ တော်တော်ကောင်း တယ်လို့ ပြောတယ်"

"ဘယ်လို"

"ဒီကောင် ကွန်ဖူးသမား"

အိုင်းရှမ်းဗေဒါ ...

ဂရုမစိုက်တဲ့ပုံနဲ့ နှုတ်ခမ်းတွေကို တွန့်ကွေးပစ်လိုက် သည်။

"လုပ်မနေနဲ့ ဘခက်"

အိုင်းရှမ်းရဲ့ မာကျောနေတဲ့ မျက်လုံးအကြည့်တွေ ဘခက်ဘက်ကို လှည့်လာပြီ။

အိုင်းရှမ်းမှာ ရှိသမျှတွေ အားလုံး လျှပ်ခါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘခက် အသက်မရှုနိုင်။

အိုင်းရွှမ်းနဲ့ တွေ့လိုက်ရင် အမြဲ အဲလိုကြီးပဲ။

တံတွေးတွေလည်း နင် သွားသည်။

ရင်ထဲမှာလည်း တင်းကျပ်မောဟိုက်သွားသည်။

ရေရေလည်လည်မိုက်တဲ့ အိုင်းရွှမ်း။

ဘယ်အချိန် ကြည့်လိုက် ကြည့်လိုက် ဖရိုးပွတ်ပဲ။

"ငါ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး၊ သိလား"

"ဖြောင်း"

"ဂျလောင်း"

ပြောလည်းပြော၊ မြေပေါ်မှာ ကျနေတဲ့ ကျွဲရိုင်းအရိုးရည် သံဘူးခွံတစ်ခုကိုလည်း ခြေထောက်နဲ့ အိုင်းရွှမ်း တအားပိတ်ကန်ပစ်လိုက်သည်။

"စိမ့်ကြီးမြိုင်ရဲ့ ရာဇဝင်မှာ ရန်စေးထန်ကို အရှုံးပေးလိုက်ရတာ၊ ဘယ်တော့မှ မရှိစေရဘူး၊ ကြိုက်တဲ့ကောင်လာခဲ့ အိုင်းရွှမ်းတို့က အချိန်မရွေးပဲ"

"ဟင်း ... ဟင်း"

ပြောပြီး အိုင်းရွှမ်း ချာခနဲ လှည့်ထွက်သွားသည်။

"ဖြောင်း"

"ဖြောင်း"

"ဖြောင်း"





"ဟင်"

စိမ့်ကြီးမြိုင်စခန်းထဲကို ဝင်လာတဲ့ မြင်းခွာသံတွေ။

မြင်းကြီးတွေ ဟိုက်နေသည်။

မြင်းကြီးတွေ ပန်းနေသည်။

လူနှစ်ယောက် မြင်းတွေပေါ်က ခုန်ဆင်းလာသည်။

"ဟော် ... မင်းတို့ ဘယ်ကလဲ"

အိပ်ချင်မှုးတူးနဲ့ ထ,လာတဲ့ မောင်ပိန်။

ဟိုလူနှစ်ယောက်ကို လှမ်းမေးနေသည်။

"ရန်စေးထန် လွှတ်လိုက်လို့"

"ဘာ"

"ဦးကီးမိုးစံနဲ့ တွေ့ချင်တယ်"

"ဆရာကြီး မရှိဘူး"

"ဒါဖြင့် ဘယ်သူရှိလဲ"

"အိုင်းရွှမ်းဗေဒါ ရှိတယ်"

"ဘယ်မှာလဲ"

"ဟိုဘက် အစွန်ဆုံးတဲမှာ"

"သွားမယ်"

"မသွားနဲ့ဦး၊ ဒီလိုသွားလို့ ဘယ်ရမလဲ၊ အိုင်းရွှမ်းကို နှိုးသွားတောင်းရဦးမယ်၊ ဒီမှာ ရပ်စောင့်နေ"

မောင်ပိန် ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုင်းရွှမ်း"

"ဟဲ့ ... ဘယ်သူလဲ"

"ကျွန်တော် မောင်ဝိန်ပါ"

"ဘာကိစ္စ ရှိလို့လဲ"

အိုင်းရွှမ်း အဝတ်အစား လဲနေသည်။

ထဘီရင်လျား မဝတ်တတ်တဲ့ အိုင်းရွှမ်း။

ယောက်ျားတစ်ယောက် အဝတ်အစားလဲသလိုပဲ လဲနေ၏။

မောင်ပိန်ကို ကျောပေးထားသည်။

မောင်ပိန်နဲ့ အိုင်းရွှမ်း ကြားမှာ ဝါးထရံတစ်ချပ်က ကွယ်နေသည်။ မောင်ပိန် အိုင်းရွှမ်းကို မမြင်ရ။

အသံကိုတော့ ကြားနေရသည်။

"ဟို ... ရန်ဗေးထန် လွှတ်လိုက်တဲ့ လူနှစ်ယောက် ရောက်နေတယ်၊ အိုင်းရွှမ်းနဲ့ တွေ့ချင်လို့တဲ့၊ အဲဒါ ကျွန်တော် လွှတ်လိုက်ရမလား"

"လွှတ်လိုက်"

"ယောကောင်တွေ၊ လာလို့ရပြီ"

တဲအပြင်ကနေ ဟိုလူနှစ်ယောက်ကို မောင်ပိန် လှမ်းခေါ်လိုက်သည်။

သူတို့ ခပ်သွက်သွက် လျှောက်လာကြ၏။





"ဟိုမှာထိုင်"

ဝါးကြမ်းခင်းကွပ်ပျစ်။

တဲဘေးမှာ သီးခြားဆောက်ထားသည်။

အိုင်းရွှမ်းရဲ့ ညှိခန်း။

"ဘာကိစ္စလဲ"

အိုင်းရွှမ်း ထွက်လာပြီ။

ကိုယ်ကျပ် ဂျင်းဘောင်းဘီနဲ့ ...

မျက်နှာမှာ မိတ်ကပ်မရှိ၊ သနပ်ခါးမရှိ၊ ပေါင်ဒါ မရှိ။

ပြောင်ချောနေသည်။

နီစပ်စပ် ဖြစ်နေသည်။

အနီရဲဆိုးနေရသည် နှုတ်ခမ်း။

အိုင်းရွှမ်း နှုတ်ခမ်းတွေက ဖူးဖူးတင်းတင်းနဲ့ ကြွရွ နေသည်။

"ရန်ဗေးထန် လွှတ်လိုက်လို့ပါ"

"ဘာအတွက်လဲ"

"ပွဲတစ်ပွဲ လုပ်ချင်လို့"

"ဟွန့်"

အိုင်းရွှမ်း မျက်နှာ သိသိသာသာ တင်းမာသွားသည်။

"ရန်ဗေးထန် မမှတ်သေးဘူးလား"

www.burmeseclassic.com



"လူသစ်တစ်ယောက် ခေါ်ထားတယ်"

"ဘယ်သူလဲ"

"ဘလက်တိုက်ဂါး"

အိုင်းရွှမ်း ရန်စေးထန်ကို သနားသည်။

ပွဲက ရှုံးပေါင်းလည်း များပြီ။

တစ်ပွဲမှ ရန်စေးထန် မနိုင်။

သူ့ဆီက ပိုက်ဆံတွေကို အိုင်းရွှမ်း မလိုချင်တော့။

"သေချာလို့လား"

"သေချာပါတယ်၊ အဲဒါ ကြိုတင်လာပြီး အကြောင်းကြားတာ၊ ဒီကို လဆန်းသုံးရက်နေ့ ရောက်မယ်၊ ဒီရောက်မှ ပွဲလုပ်မဲ့ရက်ကို ညှိနှိုင်းမယ်တဲ့၊ အဲဒါ မှာလိုက်လို့"

"နာမည်က ဘယ်သူ"

"တိုက်ဂါး ... တိုက်ဂါး ... ဘလက်တိုက်ဂါး"

"ဘလက်တိုက်ဂါး"

အိုင်းရွှမ်း မသိချင်ဟန်ဆောင်ပြီး မေးနေခြင်းဖြစ်သည်။

"သူက လူပျိုလား"

"မဟုတ်ဘူး၊ ရေနည်းနည်း ရောထားတယ်"

"ခစ်"

ဟိုလူ ...





သူ့ဟာသူပြောပြီး၊ သူ့ဟာသူ တစ်ယောက်တည်း ရယ်နေသည်။

"ရှင်တို့ ဘလက်တိုက်ဂါးက ဘခက်ကို ယှဉ်နိုင်ပါ့မလား"

"အဲဒါတော့ မသိဘူး၊ ဟိုတစ်နေ့ကတော့ သစ်တုံးကို ခါးမှာကြိုးချည်ပြီး သဲပေါ်မှာ ဆွဲနေတာတော့ တွေ့တယ်၊ မေးကြည့်တော့ ကြံခိုင်မှုကောင်းအောင် လေ့ကျင့်နေတာတဲ့"

"တယ်ဟုတ်ပါလား"

အိုင်းရွှမ်း မထိတထိ ရယ်လိုက်သည်။

"ကဲ ... ကျွန်တော်တို့ ပြန်မယ်၊ ရန်စေးထန်ကို ဘာမှာလိုက်ဦးမလဲ"

"ရန်စေးထန်ကို ပြောလိုက်"

"ဟုတ်ကဲ့"

"ငါတို့ဘခက်က အမြဲအဆင်သင့်ပဲလို့"

"စိတ်ချ"

အိုင်းရွှမ်း စိန်ခေါ်လိုက်ပြီ။

အရေးကြီးတာ ဘခက်။

"သူတို့ လဆန်းသုံးရက်နေ့ ဒီကိုရောက်မယ် ပြောတယ်၊ ဘခက် ... နင် ဘယ်လိုလဲ"

တဲပေါ်မှာ ...

အိုင်းရွှမ်းနဲ့ ဘခက် နှစ်ယောက်တည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမေးခွန်းကို ဘာဖြစ်လို့ မေးတာလဲ အိုင်းရှမ်း"

"နင် အဆင်သင့် ဖြစ်,မဖြစ် သိချင်လို့ပါ"

ဘခက် မကျေနပ်။

သည်လို မေးခွန်းမျိုးကို အိုင်းရှမ်း ဘယ်တုန်းက မေးခဲ့ဖူးလို့လဲ။

အခုမှ ထူးထူးဆန်းဆန်း။

"အိုင်ရှမ်း အတွက်ပဲ၊ အိုင်းရှမ်း စိတ်ချမ်းသာမယ်ဆိုရင် ဘာမဆို လုပ်ပေးနေတာပဲ"

"အဲဒါ ငါ သိတယ် ဘခက်၊ ဒါပေမဲ့ အခုတလော နင်က အရက်တွေချည်းပဲ ဖိသောက် ..."

"မပြောနဲ့ အိုင်းရှမ်း"

ဘခက် စိတ်နာနေသည်။

ဘခက် အိုင်းရှမ်းကို စိတ်နာနေသည်။

ဘခက် ခုထိ အိုင်းရှမ်းဆီက အချစ်ကို မရသေး။

အနားကို သိပ်အကပ်မခံ။

ရှောင်ဖယ်ဖယ် လုပ်နေတတ်သည်။

အဲဒါတွေကြောင့် ...

အခုတလော ဘခက် အသည်းတွေ ဟက်တက်ကွဲပြီး အရက်တွေချည်းပဲ ရွှတ်သောက်နေတာ။

အိုင်းရှမ်းကြောင့်။





"ဘခက်"

"ပြောပါ အိုင်းရှမ်း"

"ဒီတစ်ပွဲမှာ နင် ဘာလိုချင်သလဲဆိုတာ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြော"

"အိုင်းရှမ်းရယ် ... ငါ ဘာကိုလိုချင်နေသလဲဆိုတာ နင် သိပါတယ်၊ ငါ့ပါးစပ်က ဖွင့်ပြီးမပြောပါရစေနဲ့"

ဘခက်သည် အိုင်းရှမ်းကို မကြည့်။

ကျောခိုင်းရပ်နေသည်။

အိုင်းရှမ်းသည် ဘခက် လိုချင်နေတာကို သိထားသည်။

အိုင်းရှမ်းလည်း လူပဲ ...

သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပဲ ...

ဒါပေမဲ့ ဘခက်ကို အိုင်းရှမ်း စိတ်မဝင်စား။

ချစ်တတ်တဲ့ အသည်းနှလုံးတွေ အိုင်းရှမ်းမှာမရှိ။

"နင့်လိုချင်တာ ငွေလား"

"မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"အချစ်"

"ဘာ"

ဘခက် အတင့်ရဲပစ်လိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အိုင်းရှမ်း နှုတ်ခမ်းတွေ လှုပ်စွာ ရွတ်သွားသည်၊

"ဘခက်နော်"

အိုင်းရှမ်း ဆက်မပြောတော့။

ဘခက် ခေါင်းကြီးငုံ့ထားရင်း တဲပေါ်မှာ ကျန်ခဲ့သည်။

အိုင်းရှမ်း တဲပေါ်က ဆင်းလာခဲ့သည်။

စခန်းထဲက ကောင်တွေရဲ့ မျက်လုံးတွေ ...

အိုင်းရှမ်းရဲ့ လှုပ်ရှားမှုတွေကို မသိမသာ ငေးကြည့်နေကြသည်။

အိုင်းရှမ်း ထွက်လာတာ ...

စိမ့်ကြီးမြိုင်ချောင်း ...

အိုင်းရှမ်း ရေချိုးမည်။

ချောင်းရေအေးအေးထဲမှ တစ်ကိုယ်လုံးကို စိမ်ပစ်လိုက်မည်။

မရှိ။

လူတွေ ဘယ်သူမှ အနားမှာမရှိ။

အိုင်းရှမ်း တစ်ယောက်တည်း ...

အိုင်းရှမ်း နောက်ကို မသိမသာ လိုက်လာတာ ကျားမနိုင်ဘခက်။

အချစ်ဆိပ်တွေ တက်နေသည်။





အိုင်းရှမ်း အလှတွေကို တပ်မက်နေသည်။

ချုံတွေကြားထဲကနေ အိုင်းရှမ်းကို စောင့်ကြည့်နေသည်။

"ဆရာ ... ဆရာဘခက်"

"ဟင်"

သူ့နောက်မှာ မောင်ပိန်။

"ကျွန်တော် ဒီမှာ"

"မင်း ဘာလုပ်နေတာလဲ"

"ဟဲ ဟဲ ... ကျွန်တော်လည်း ဆရာလိုပဲ"

"ခွေးကောင်"

"ရှူး ... တိုးတိုး ဆရာ"

မောင်ပိန် လူမိသွားမှာ ကြောက်နေသည်။

မျက်လုံးတွေက ကျိုးကန်းတောင်းမှောက် ဖြစ်နေသည်။

"ဆရာ"

"ဟေ"

"အိုင်းရှမ်းကို ဆရာကြိုက်နေတာ ကျွန်တော် သိတယ်"

"မရှုပ်ပါဘူးကွ"

"အဲဒါ ဆရာညံ့လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"အချစ်ဆိုတာ စစ်ပွဲပဲ၊ အဲဒီစစ်ပွဲကို နိုင်ချင်ရင် ဆရာ့မှာ ရှိသမျှ လက်နက်တွေကို တစ်ခုမကျန် အကုန်ထုတ်သုံးရ တယ်၊ တစ်ဖက်ရန်သူကတော့ ခုခံမှာပဲ၊ ကျွန်တော်ကို ဘက်ကလည်း အခွင့်တက်သိမ်းသင့်ရင် သိမ်းရမှာပဲ"

ဘခက် ...

မျက်လုံးတွေ ဖျတ်ခနဲ အရောင်လက်သွားသည်။

ခေါင်းထဲမှာ စဉ်းစားမိတဲ့ အချက်တစ်ချက်ကို ရလိုက်ပြီ။

"ဟော့ကောင် မောင်ပိန်"

"ဗျာ ... ဆရာ"

"မင်း ... သွားတော့"

"ဟင် ... ဆရာ ဘာလုပ်မလို့လဲ"

"လျှာမရှည်နဲ့ ဟော့ကောင်၊ သွားဆို သွားစမ်း"

မောင်ပိန့်ကို မောင်းထုတ်နေသည်။

မောင်ပိန် မသွားချင်ဘဲ သွားလိုက်ရ၏။

ဘခက် လွတ်လပ်သွားပြီ။

အနှောင့်အယှက် ကင်းသွားပြီ။

သည်နေရာကနေ အေးအေးဆေးဆေး စောင့်နေ လိုက်ရုံပဲ။





"ဟော"

အိုင်းရှမ်း ရေချိုးလို့ ပြီးသွားပြီ။

ဆံပင်တွေ ရေစိုနေသည်။

ကပိုကရိုပုံလေးနဲ့ ကမ်းပေါ်ကို ပြန်တက်လာလေ သည်။

"ဟင်"

မထင်မှတ်ဘဲ ချုံထဲက ထွက်လာတဲ့ ဘခက်ကို တွေ့လိုက်ရလျှင် အိုင်းရှမ်း လန့်သွားသည်။

"ဘခက် ... နင်"

"အိုင်းရှမ်းကို စောင့်နေတာ"

"ဘာ"

အိုင်းရှမ်း မလုံသလို ခံစားလိုက်ရသည်။

မျက်နှာတော့ နည်းနည်းထူပူသွား၏။

စောစောက ချောင်းနားတစ်ဝိုက်မှာ လူမရှိဘူးထင် ပြီး အိုင်းရှမ်း လွတ်လွတ်လပ်လပ် ရေချိုးနေတာလေ။

ခုတော့ ကိုင်းချုံပင်တွေကြားထဲက ထွက်လာတဲ့ ဘခက်။

"ငါ တစ်ခုစဉ်းစားမိတာ နင့်ကို ပြောချင်လို့"

"ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဘလက်တိုက်ဂါးကို ငါ နိုင်အောင်ဖိုက်မယ်၊ အေး ... ပွဲအောင်သွားရင် ငါ့စိတ်ကြိုက် နင် ဘာမဆို လိုက်လျော ရမယ်၊ အဲဒီကတိကို နင်ပေးမလား"

အိုင်းရွှမ်း တစ်ချက်တော့ တွေပြီး စဉ်းစားလိုက်သည်။

"ပေးမယ်ဟာ"

အိုင်းရွှမ်း ...

ဘခက်ကို တမင် မက်လုံးပေးလိုက်သည်။

"တကယ်နော်"

ဘခက် အားတက်သွားပြီ။

"ဖြောင်း"

လေထဲမှာ လက်ဝါးချင်း ရိုက်လိုက်ကြသည်။

"နင့်ဆီက ကတိစကားကို ကြားရတာ ငါအရမ်းဝမ်းသာတယ် အိုင်းရွှမ်း၊ နင့်ဘက်က ကတိတည်ပါစေ"

ဘခက် ...

အသက်ကို ခပ်ပြင်းပြင်း တင်ချက်ရှူလိုက်ရင်း ပင့်လက်သီးကိုပါ ဟင်းခနဲ ချလိုက်သည်။

အိုင်းရွှမ်းရယ် ...

ဒီတစ်ခါ နင် ငါ့လက်က ပြေးလို့မလွတ်တော့ပါဘူး။





ကတိမတည်လို့ကတော့ ...

အတင်းအဓမ္မ တက်သိမ်းပစ်လိုက်ဖို့ပဲ ရှိတော့တယ်။

နင့်ကို ငါ ...

အရမ်းကို ချစ်နေပြီ သိလား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

"ဟေး"

"ဝေး"

"ရန်စေးထန်အဖွဲ့ကလူတွေ ရောက်လာပြီဟေ့"

လဆန်းသုံးရက်နေ့ ...

စိမ့်ကြီးမြိုင်စခန်း ...

လူတွေအားလုံး လှုပ်ရှားဆူညံသွားသည်။

စခန်းတစ်ခုလုံး ရုတ်ရုတ်သဲသဲတွေ ဖြစ်သွားသည်။

မြင်းတွေ ...

လူတွေ ...

ရိက္ခာတင်လားတွေ ...

တန်းစီပြီး ဝင်လာသည်။





ရှေ့ဆုံးမှာ ရန်စေးထန် ...

"ဦးထီးမိုးစံ ရှိလား"

"ရှိတယ် ... ခင်ဗျားတို့အဖွဲ့ လာမယ်ဆိုတာသိလို့ စောင့်နေတယ်၊ ဟိုအရှေ့ဘက်ကိုသွား၊ ဝါးရုံတောအလယ်မှာ ခင်ဗျားတို့အတွက် နေရာလုပ်ပေးထားတယ်"

ဖမောင်ပိန် ...

ဧည့်သည်တွေကို နေရာချထားပေးနေသည်။

တဲတန်းကြီး ...

ဝါးရုံတော အလယ်တည့်တည့်က ကွက်လပ်ကျယ်မှာ ဆောက်ပေးထားသည်။

လွတ်လပ်သည်။

ကျယ်ဝန်းသည်။

တဲတန်းကြီးကို သစ်ပင်ကြီးတွေနဲ့ ဝါးရုံတောကြီးက ဝိုင်းကာပေးထားသည်။

"အားလုံး အေးအေးဆေးဆေး နားကြမယ်ဟေ့"

အစွန်ဆုံးတဲကို စိုင်းစက္က ရွေးလိုက်သည်။

သူတို့ဆီကို ပထမဆုံး ရောက်လာတာ ...

ဦးထီးမိုးစံ ...

"ရန်စေးထန်"

"ဟာ ... မင်္ဂလာပါ ဦးထီးမိုးစံ"



www.burmeseclassic.com

www.burmeseclassic.com



အသက်က ငါးဆယ်ကျော်နေပြီဖြစ်တဲ့ ဦးထီးမိုးစံ။

ရုပ်ကမကျ ...

နုပျိုသန်မာနေဆဲ ...

ဖျတ်လတ်တက်ကြွနေဆဲ ...။

"ပင်ပန်းလာကြပြီလား"

"လမ်းမှာ တောင်တွေပြိုနေလို့"

"ဟုတ်လား၊ ဘယ်နားမှာလဲ"

"ကြက်တူရွေးတောင် အတက်မှာ"

"သည်တစ်ခါ လိုက်လာတဲ့ အဖွဲ့တွေ အင်အားတော်တော်များတာပဲ"

"ဟင်း ... ဟင်း ..."

"စိမ့်ကြီးမြိုင်က ရန်စေးထန် အဖွဲ့ကို လှိုက်လှိုက်လှဲလှဲကြိုဆိုပါတယ်"

"ကျေးဇူးတင်ပါတယ် ဦးထီးမိုးစံ"

ဦးထီးမိုးစံနဲ့ ရန်စေးထန်။

တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် လက်ဆွဲနှုတ်ဆက်လိုက်သည်။

"ရန်စေးထန်"

"ဗျာ"

"ဘလက်တိုက်ဂါး ဘယ်မှာလဲ"





ဦးထီးမိုးစံ ဘလက်တိုက်ဂါးကို မေးပြီ။

"ရှိပါတယ်၊ ညနေရောက်မှ မိတ်ဆက်ပွဲ လုပ်ကြတာပေါ့"

ရန်စေးထန် ထုပ်မပြချင်သေး။

ချက်ချင်း ထုတ်ပြလိုက်ရင် ကိုယ့်လူ ဈေးကျသွားမှာပေါ့။

"အခု မရှိဘူးလား ရန်စေးထန်ရဲ့"

"အနောက်ဘက်က စိမ့်ကြီးမြိုင်ချောင်းဘက်ကို ရေချိုးထွက်သွားကြလို့"

"သြော်"

ဦးထီးမိုးစံ နှုတ်ဆိတ်သွားသည်။

"ညကျမှ မိတ်ဆုံစားပွဲလေးတစ်ခု လုပ်ကြတာပေါ့ဗျာ၊ မကောင်းဘူးလား"

"ကျုပ် စည့်ခံမယ် ရန်စေးထန်၊ အားလုံးကို ကျုပ်ဖိတ်ပါတယ်"

"ကျေးဇူးပါပဲဗျာ"

ဦးထီးမိုးစံ နှုတ်ဆက်ပြီး ပြန်သွားသည်။

စိုင်းစက္ကနဲ့ လူးလူးတို့ နှစ်ယောက်ကတော့ စိမ့်ကြီးမြိုင်ချောင်းဘက်ကို ရောက်နေကြပြီ။

စိုင်းစက္ကတို့ နှစ်ယောက်ကို ...



www.burmeseclassic.com

www.burmeseclassic.com



အဝေးကြည့်မှန်ပြောင်းတစ်လက်နဲ့ စောင့်ကြည့်နေတာ အိုင်းရှမ်းပေဒါ။

စိုင်းစက္က(ခေါ်)ဘလက်တိုက်ဂါး။

ဓာတ်ပုံထဲကထက်တောင် အပြင်မှာ ပိုပြီးခန့်ညားနေသည်။

ဂျင်းရှပ်အပြာရင့်ရောင်ကို ဝတ်ထားသည်။

စတိုင်ပင်န် အဖြူရောင်နဲ့။

ဘလက်တိုက်ဂါးဘေးမှာ မိန်းမချောလေး တစ်ယောက်။

အိစက်နေသည်။

မှုန်ပြီးညက်နေသည်။

ဖူးဖူးတင်းတင်းလေး ...

"လူးလူး"

"ဟင် ... စိုင်း"

"ကျားမနိုင်ဘခက် လူတွေက တစ်ယောက်ပြီး တစ်ယောက် ပစ်ချခဲ့တဲ့ စိမ့်ကြီးမြိုင်ချောင်း ဆိုတာ ဒီချောင်းပဲ ဖြစ်ရမယ်"

"ဖြစ်နိုင်တယ် စိုင်း"

"ရေစီးတော်တော်သန်တာပဲ"

လူးလူး စိုင်းလက်ကို တွဲထားသည်။

စိုင်းနဲ့ ကိုယ်ချင်းထိကပ်ထားသည်။





"ဟွန့်"

အိုင်းရှမ်း စိတ်ထဲ တစ်မျိုးဖြစ်နေသည်။

ဘလက်တိုက်ဂါး ဘေးက မိန်းမချောလေးဟာ ဘလက်တိုက်ဂါးနဲ့ ဘယ်လိုပတ်သက်နေတဲ့ မိန်းမလဲ။

"ဘခက်"

"ပြော ... အိုင်းရှမ်း"

တောက်တဲ့ တစ်ကောင်လို ကပ်နေတဲ့ ဘခက်က အိုင်းရှမ်းဘေးမှာ အဆင်သင့်။

"ငြိမ်နေတဲ့ ကန်ရေပြင်ထဲကို ခဲတစ်လုံး ပစ်ချလိုက်ရင် ဘာဖြစ်သွားမယ် ထင်သလဲ"

"ဂယက်ထ,သွားမယ်"

"နင် ပစ်ချကြည့်မလား"

ဘခက် နားမလည်။

အိုင်းရှမ်း ဘာကို ဆိုလိုနေမှန်းလဲ ဘခက် ရုတ်တရက် မစဉ်းစားတတ်။

"ဟိုမှာ ... ဘလက်တိုက်ဂါး ချောင်းထဲကို ဆင်းနေပြီ၊ နင့်ကောင်တွေလွှတ်ပြီး တစ်ချက်လောက် စမ်းကြည့်လိုက်စမ်း"

"ဟင် ... ဟုတ်လား"

"သွား ... ငါ ဒီက လှမ်းကြည့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကို ကြားလိုက်တာနဲ့တင် ဘခက် သွေးဂေွ ဆူပွက်သွားရပြီ။

လက်ယားနေတာ အတော်ပဲ။

"ဟော့ကောင်တွေ ချောင်းထဲကို ဆင်းမယ်"

ဘခက်ရဲ့ လက်ထောက်သုံးယောက်။

သူတို့ ချက်ချင်းသဘောပေါက်သွားသည်။

"ဖြောက်"

"ဖြောက်"

"ဟင်"

နားက လျှင်သည်။

အာရုံကြောတွေက အမိပ္ပာယ်ကို ချက်ချင်း ဘာသာပြန်ပစ်သည်။

လူတွေ ...

ချောင်းဘက်ကို ဆင်းလာတဲ့ ခြေသံ။

လူသုံးယောက် ...

မိုက်တီမိုက်ကန်း ရုပ်တွေနဲ့ ...

နီကြောင်ကြောင် မျက်လုံးတွေနဲ့ ...

"ဟိတ်"

အော်သည်။





စိုင်းပက္ကတို့ ရှိရာဘက်ကို အသံပေးပြီး ခပ်ကြမ်းကြမ်း ဆင်းလာနေသည်။

"ဟင်"

စွတ်ဝင်လာတဲ့ လူသုံးယောက် ...

စိုင်းစက္ကကို တိုက်ခိုက်ဖို့ နေရာယူလိုက်ကြပြီ။

"ဖြောင်း"

"ဖြောင်း"

"ဟာ"

စိုင်းစက္က လွတ်အောင် ခုန်ထွက်ရှောင်လို့။

"စိုင်း ... သတိထား"

မြေကွက်လပ် နည်းနည်းကျယ်တဲ့ဘက်ကို စိုင်းစက္ကရောက်သွားသည်။

"ဟိတ်"

"အင့်"

"ဒုတ်"

"ခွပ်"

"အား"

"အိး"

လူမိုက်နှစ်ကောင်။



www.burmeseclassic.com

www.burmeseclassic.com



ခွေခန့် လဲကျသွားအောင် ခြေထောက်တွေ လက်သီးတွေ လေထဲမှာ ခုန်ပျံပြီး စိုင်းစက္က ကျွေးပစ်လိုက်သည်။

"ဟင်"

ကျန်နေတဲ့ တစ်ကောင်။

ပျာယာခတ်သွားသည်။

ထွက်ပြေးတော့မည်။

ပြေးပေါက်ကို ချောင်းနေပြီ။

"ဟိတ် ... မပြေးနဲ့"

စိုင်းစက္က ခြေလှမ်းတွေက ကျဲသည်။

သူ မပြေးနိုင်တော့။

"ဟာ ... မလုပ်ပါနဲ့"

ပျာပျာသလဲ တောင်းပန်နေသည်။

"ဖြောင်း"

"ဖြောင်း"

လက်ခုပ်တီးပြီး ဝင်လာတာ ကျားမနိုင်ဘခက်။

နှုတ်ခမ်းမှာ စီးကရက်တစ်လိပ်ကို ခဲထားသည်။

"ဟင်"

တစ်လှမ်းချင်း ဝင်လာနေသည်။

ပြီးတော့ စိုင်းစက္ကကို ခပ်ထေ့ထေ့ကြည့်ပြီး လက်ဆွဲနှုတ်ဆက်ဖို့ လက်ကမ်းပေးနေပြီ။





"ကျားမနိုင်ဘခက် ဆိုတာ ကိုယ်ပဲ"

"သြော်"

သည်တော့မှ စိုင်းစက္က သဘောပေါက်သွားသည်။

"ကျုပ်နာမည် စိုင်းစက္က"

"ဟင် ... ဒါဆို ဘလက်တိုက်ဂါး ဆိုတာ"

"လူတွေကတော့ ကျုပ်ကွယ်ရာမှာ အဲလိုပဲ ခေါ်ကြတာပဲ"

"တွေ့ရတာ ဝမ်းသာတယ်ဗျာ

"SAME TOO YOU"

စိုင်းစက္က လက်ဆွဲနှုတ်ဆက်လိုက်သည်။

"သူက"

ဘခက် မျက်လုံးတွေက လူးလူးဆီကို ရောက်သွား၏။

"လူးလူး"

"တွေ့ရတာ ဝမ်းသာတယ်ဗျာ"

"ဟင်"

ဘခက် ကြောင်သွားသည်။

သူကမ်းပေးလိုက်တဲ့ လက်ကို လူးလူးက သည်အတိုင်း ခပ်ရွှံ့ရွံ့လှစ်ပစ်လိုက်တော့ ဘခက် ရှက်ပြီး သူ့လက်ကို သူ့ဘာသူ ပြန်ရုပ်သိမ်းသွားသည်။

ဂမ်းနာမ ...



www.burmeseclassic.com

www.burmeseclassic.com



*ဘခက် စိတ်ထဲက ကျိတ်ပြီး ကျိန်ဆဲပစ်လိုက်သည်။*

"ခင်ဗျားတို့အဖွဲ့က ကြိုဆိုသည့်ခံတာ ရိုင်းတယ်ဗျာ"

"တောင်းပန်ပါတယ်"

"ကျုပ်စိတ်ကို မစမ်းပါနဲ့"

"အင်း"

"ကျုပ် ဘယ်တော့မှ လူလည်းမရွေးဘူး၊ နေရာလည်း မရွေးဘူး"

"ဟား ဟား"

ဘခက် လှောင်သလိုပုံစံမျိုးနဲ့ ရယ်ချပစ်လိုက်သည်။

"သည်တစ်ခါတော့ အရမ်းကြိုက်သွားပြီဟေ့"

"ဟား ဟား ဟား"

အိုင်းရှမ်း ...

အကုန်မြင်နေရသည်။

ဘခက် လူနှစ်ယောက်ကို တစ်ပြိုင်တည်း လှဲသိပ်သွားတဲ့ ဘလက်တိုက်ဂါးရဲ့ တိုက်ကွက်တွေကို အစအဆုံး တွေ့လိုက်ရသည်။

တကယ့် ဖိုက်တာပဲ ...

နာမည်နဲ့ လိုက်ပါတယ် ...

"ဘလက်တိုက်ဂါး"

"ပြောလေဗျာ"





"ဒါ ... စိမ့်ကြီးမြိုင်"

"သိပါတယ်"

"ကျားမနိုင်ဘခက်နဲ့ စိမ့်ကြီးမြိုင်ကို ဘယ်တော့မှ ခွဲခြားပစ်လို့ မရဘူး"

"ဟုတ်လား"

စိုင်းစက္က မလှုပ်တလှုပ် ရယ်ပစ်လိုက်သည်။

"ဘာလဲ မယုံလို့လား"

"အ ... မဟုတ်ပါဘူး၊ ယုံပါတယ်"

"ဟင်"

အိုင်းရှမ်း ...

သူမပါ အနားကို ရောက်လာပြီ။

"မိတ်ဆက်ပေးရဦးမယ်၊ ဒါ ... အိုင်းရှမ်း"

"အိုင်းရှမ်း"

"နာမည် အပြည့်အစုံက အိုင်းရှမ်းဖေဒါ"

စိုင်းစက္က ရင်မောသွားသည်။

နာမည်နဲ့လိုက်အောင် ကြမ်းတမ်းမဲ့ အိုင်းရှမ်းဖေဒါ။

"ကျွန်တော် ဘလက်တိုက်ဂါးပါ"

"သိတယ်"

အိုင်းရှမ်း အသံက ပြတ်သည်။

မျက်နှာထားက တင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်အသုံးမကျတဲ့ ကောင်တွေ"

"ဟင်"

မှောက်သွားတဲ့ နှစ်ကောင်။

သူတို့ဟာသူတို့ ပြန်ထလာကြပြီ။

"ငါ့ရှေ့က အခုချက်ချင်း ထွက်သွားစမ်း"

အိုင်းရွှမ်း အော်ထုတ်နေသည်။

"ဟင်း ... ဟင်း ... ရှင် မဆိုးပါဘူး"

အိုင်းရွှမ်း အကြည့်တွေက စိုင်းစက္က နောက်က လူးလူးဆီကို ဖျတ်ခနဲ ကူးသွားသည်။

"သူက ဘယ်သူလဲ"

"လူးလူး"

"ရှင်နဲ့က"

"ဒီလိုပေါ့"

စိုင်းစက္က အဖြေက မတင်မကျ။

အိုင်းရွှမ်း မကျေနပ်။

"ရှင်က ကွန်ဖူးသမားလား"

"အဲလောက်တော့ မဟုတ်သေးပါဘူး"

"ရှင် မညာနဲ့နော်"

"ကိုယ့်ကို ကွန်ဖူးသမားပါလို့ မင်းကို ဘယ်သူက ပြောတာလဲ"





"ရှင့် ကစားကွက်တွေက တော်တော်ကြမ်းလို့"

"ဒါတော့ ... ဗျာ"

အိုင်းရွှမ်းဖေဒါရဲ့ မျက်လုံးအကြည့်တွေက စိုင်းစက္က ဆီက မခွာတော့။

တော်တော်ယောကျ်ားပီသတဲ့လူ။

တောင့်ဖြောင့်နေတာပဲ။

အိုင်းရွှမ်း သဘောကျတယ်။

"ဟင်း ... ဟင်း ..."

အိုင်းရွှမ်း ရယ်လိုက်သည်။

လူးလူးကတော့ မျက်တောင်လေး တဖျပ်ဖျပ် ပုတ်ပြီး အိုင်းရွှမ်းဖေဒါ ဆိုတဲ့ မိန်းမကိုပဲ ကြည့်နေမိ၏။

ကိုယ်လုံးကိုယ်ပေါက် ထွားထွား ...

နုနုနယ်နယ် နေတတ်တဲ့ ယောကျ်ားတွေနဲ့ ဘယ်လိုမှ မလိုက်။

သူကြမ်းရင် ကိုယ်ကြမ်းမယ်ဆိုတဲ့ မိန်းမ။

သွားကြမ်း ...

လာကြမ်း ...

စားကြမ်း ...

အိပ်ကြမ်း ...



www.burmeseclassic.com

www.burmeseclassic.com



အကုန်ကြမ်းမဲ့မိန်းမ ...

ကိုယ်ကျပ်ဂျင်းဘောင်းဘီကို ဝတ်ထားသည်။

ခါးမှာ ဓားမြောင်တစ်လက်ကို ချိတ်ထားသည်။

ပေါင်တန်တွေက ရှည်လျားသည်။

မျက်လုံးတွေက စူးရှနက်မှောင်သည်။

နှုတ်ခမ်းတွေက ဖူးအစ်စိုတင်းသည်။

အသားက ဖြူနီ။

ကိုယ်ကျပ်အင်္ကျီကို ဝတ်ထားတော့ ကြည့်ရတာ ရင်မောလွန်းလှသည်။

"ကဲပါလေ၊ ခုတော့ ညှိသည်တွေလည်း ပင်ပန်းလာပြီ စိမ့်ကြီးမြိုင်ချောင်းရဲ့ သာလာလှပမှုတွေကို အေးအေးဆေး ဆေး ခံစားရင်း အနားယူလိုက်ပါဦး"

အိုင်းရှမ်း လှည့်ထွက်သွားဖို့ ခြေလှမ်းပြင်လိုက် သည်။

"ဘခက် ... နင် မနောင့်ယှက်နဲ့တော့၊ သူတို့လွှတ်လွှတ် လပ်လပ် နေပါစေ"

အိုင်းရှမ်း ထွက်သွားပြီ။

ဘခက်ကလည်း စိုင်းစက္ကကို စူးခနဲ တစ်ချက်ကြည့် ပြီး အိုင်းရှမ်း နောက်ကို ပြေးလိုက်သွားပြီ။





စိမ့်ကြီးမြိုင်ချောင်း ...

စိုင်းစက္ကနဲ့ လူးလူး နှစ်ယောက်တည်း ကျန်ခဲ့သည်။

"စိုင်း"

"ဟင်"

လူးလူး အဲသံလေးက မောင်နေသည်။

"ဘခက် ဆိုတဲ့ လူကြီးက တော်တော်ကြောက်ဖို့ကောင်း တယ်နော်၊ စိုင်းကို အသေသတ်ချင်နေတဲ့ပုံပဲ"

"အိုင်းရှမ်းဗေဒါကိုရော လူးလူး ဘယ်လိုမြင်လဲ"

"သူ့ စိုင်းကိုကြည့်နေတဲ့ မျက်လုံးတွေကို လူးလူးမုန်းတယ်"

"ဟား ဟား"

လူးလူး လက်ကလေးတွေက စိုင်း လက်မောင်း တွေကို ဆုပ်ဖက်ထားလိုက်ပြီ။

ချောင်းထဲက ငါးကလေးတွေကိုလည်း လူးလူး မရှုက်တော့ ...

သစ်ပင်ပေါ်က ငှက်ကလေးတွေကိုလည်း လူးလူး မျက်နှာမပူတော့။

"အိုင်းရှမ်း"

"ဘာလဲ ဘခက်"

"နင် ကတိတည်နော်"

www.burmeseclassic.com



ဘခက်ကလည်း အိုင်းရှမ်း အားမှာ တတွတ်တွတ် ...။

အခွင့်အရေး မရနဲ့ ...

ရလိုက်တာနဲ့ သခွပ်ပင်က မီးတကျည်ကျည် လုပ်နေသည်။

"ငါသိတယ် ဘခက်၊ အဲဒါကို နင် ခဏ ခဏ မပြောနဲ့"

"နင် မေ့သွားမှာ စိုးလို့ပါ"

"ဒီမှာ"

"ပြော အိုင်းရှမ်း"

"ဘလက်တိုက်ဂါးကို နင် လှော်တွက်ရင် မှားသွားလိမ့်မယ်"

"စာမဖွဲ့ပါဘူး"

"နင် လေ့ကျင့်စရာရှိရင် လေ့ကျင့်ထား"

အိုင်းရှမ်း သတိပေးလိုက်သည်။

"သမီး"

"ရှင် ... ဒက်ဒီ"

ဦးထီးမိုးစံ အိုင်းရှမ်းဆီကို ရောက်လာသည်။

"ဘလက်တိုက်ဂါးနဲ့ စိမ့်ကြီးမြိုင်ချောင်းမှာ တွေ့ခဲ့တယ်ဆို"

"တွေ့ခဲ့တယ် ဒက်ဒီ"





"ဘယ်လိုမြင်လဲ"

"ဘခက် ... မလွယ်ဘူး"

"ဟင်"

"ဒီပွဲက ကြမ်းလိမ့်မယ်"

"ဒက်ဒီ ဘာလုပ်ရင် ကောင်းမလဲ"

"အခြေအနေကြည့်ပြီး မီးစင်ကြည့်က,တာပေါ့ ဒက်ဒီရာ၊ အချိန်ရပါသေးတယ်"

"ရန်စေးထန်ကို ဒီတစ်ပွဲမှာ ဒက်ဒီ အပြတ်ဖြတ်ချင်တယ်၊ ဒီကောင့်ဘက်က အားသာသွားလို့ မဖြစ်ဘူး၊ ဒီတစ်ပွဲဖြတ်နိုင်ရင် ဒီကောင် ပြတ်ပြီ၊ ရှိသမျှကုန်ပြီး၊ ဒက်ဒီ အဲဒါ ပြောချင်လို့"

"ဒက်ဒီ မပူနဲ့၊ အိုင်းရှမ်း တာဝန်ထား"

ရိုးရိုးနိုင်ရင်နိုင် ...

မနိုင်ရင် နောက်ဆုံးနည်း သုံးရမှာပဲ။

အဲဒီနည်းက ...

အောက်လမ်းနည်း ...

အိုင်းရှမ်း ကြိုစဉ်းစားထားပြီးပြီ ...

ဘလက်တိုက်ဂါးရယ် ...

ရှင့်ကို အိုင်းရှမ်း သိပ်သနားတယ်သိလား ...

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ...

ရှင့်ကို နမြော်တယ် ...

ဟင်း ... ဟင်း ...

တွေ့ကြသေးတာပေါ့ ဘလက်တိုက်ဂါး။

ဟ ဟ ဟ





## အခန်း(၈)

"အေး"

"ဝေး"

"သောက်"

"သောက်ကြ"

"လူစုံပြီဟေ့"

"ဖြောင်း ဖြောင်း ဖြောင်း"

စိမ့်ကြီးမြိုင်စခန်းရဲ့ အလယ်က ကွက်လပ်ကျယ်မှာ လူတွေ ပျော်နေသည်။

မီးပုံပွဲကြီးတစ်ခု ကျင်းပနေသည်။

ကြက်တွေ ကင်နေသည်။

ချေသား ကင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စားစရာ သောက်စရာတွေ အပြည့်အစုံ ချထားသည်။

အနံ့တွေက မွှေးကြိုင်နေ၏။

လူတွေအားလုံး သွားရည်ယိုနေကြပြီ။

"ရန်စေးထန်"

"ဟောဗျာ"

"ဘလက်တိုက်ဂါး ရောက်ပြီလား"

"ရောက်ပြီ"

"ရောက်ရင် အားလုံးနဲ့ မိတ်ဆက်ပေးတော့လေ"

ရန်စေးထန် ဘေးမှာ ဘလက်တိုက်ဂါး(ခေါ်) စိုင်းစက္က။

အသင့်နေရာယူထားသည်။

လူတွေရဲ့ မျက်နှာတွေကို တစ်ယောက်ချင်း လိုက်ကြည့်နေသည်။

စိုင်းစက္ကနဲ့ ရှေ့တည့်တည့်မှာ ...

အိုင်းရှမ်းဖေဒါ ...

ပြီးတော့ သူမဘေးမှာ ကျားမနိုင်ဘခက်။

မျက်ထောင့်နီကြီးနဲ့ စိုင်းစက္ကကို လိုက်ကြည့်နေသည်။

မျက်လုံးချင်း မဆုံ့ဆုံအောင် ကြိုးစားနေ -

အိုင်းရှမ်း ကတော့ ခပ်တည်တည်ပဲ။





ခြေထောက်ကို ချိတ်ထားပြီး ထိုင်နေသည်။

တိုက်ကို နောက်ကို မှီထားသည်။

အိုင်းရှမ်းရဲ့ မျက်လုံးအကြည့်တွေက လူးလူးဆီကို တစ်ချက် တစ်ချက်မှာ ဝဲဝဲရောက်လာသည်။

သူမ လူးလူးကို အကဲခတ်နေသည်။

လူးလူး အခြေအနေကို စောင့်ကြည့်နေသည်။

"ကဲ ... အားလုံး နားထောင်ကြပါ"

"အားလုံး ငြိမ်ကြပါ"

ဦးထိးမိုးစံ ...

သူ့လူတွေနဲ့ မိတ်ဆက်ပေးဖို့ ပြင်နေပြီ။

ပြီးတော့မှ ...

တစ်ယောက်ချင်း မိတ်ဆက်ပေးလိုက်သည်။

"ဒါ ကျားမနိုင်ဘခက်ပါ"

"ဟော့"

"ဟေး"

လက်ခုပ်သံတွေ တဖြောင်းဖြောင်း ထွက်လာသည်။

"သူ့ကိုတော့ မသိတဲ့လူ မရှိပါဘူး၊ သူနဲ့ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ လူတွေအားလုံးကို စိမ့်ကြီးမြိုင်ချောင်းထဲ ပစ်ချခဲ့တဲ့သူပါ"

"ဝေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟေး"

အော်သံတွေ ဆူညံသွားသည်။

ဘခက်ကတော့ မှုန်တည်တည်ပင်။

အိုင်းရှမ်းနဲ့လည်း မိတ်ဆက်ပေးသည်။

"သူကတော့ အိုင်ရှမ်းဗေဒါပါ"

အိုင်းရှမ်းနဲ့ စိုင်းစက္က အကြည့်ချင်း ဆုံသွားသည်။

"စိုင်း"

"ဟင်"

"အိုင်းရှမ်းက စိုင်းကိုပဲ တစ်ချိန်လုံး စိုက်ကြည့်နေတာ ဘာသဘောလဲ"

လှူးလှူး မေးပြီ။

စိုင်း မဖြေတတ်။

"ဟော ... ကြည့်နေပြန်ပြီ"

လှူးလှူး မေးမယ်ဆိုလည်း မေးချင်စရာ။

အိုင်းရှမ်း ...

သူမရဲ့ အကြည့်တွေက စိုင်းဆီကနေ ခွာမသွားတော့။

တစ်ချိန်လုံး စိုင်းဆီမှာ ဝဲနေသည်။

လှူးလှူး မကျေနပ်ပါ။





နှုတ်ခမ်းလေးတွေကို စာမင် စုတင်းထားလိုက်မိသည်။

"ဦးထီးမိုးစံ အလှည့်ပြီးရင် ကျွန်တော် မိတ်ဆက်ပေးပါတော့မယ်"

ရန်စေးထန် လူပုံအလယ်မှာ ထ,ရပ်လိုက်ပြီ။

"သူကတော့ ကျားမနိုင်ဘခက်ကို စိမ့်ကြီးမြိုင်ချောင်းထဲကို ပစ်ချမဲ့ ဘလက်တိုက်ဂါး(ခေါ်)စိုင်းစက္ကပဲ ဖြစ်ပါတယ်"

"ဝါး"

"ဟား ဟား"

သူတို့ဘက်က လူတွေကများတော့ လှောင်ပြောင်ရယ်မောလိုက်တဲ့ အသံတွေနဲ့ ဖုံးသွားသည်။

ရန်စေးထန် စကားကြောင့် ကျားမနိုင်ဘခက်ရဲ့ မျက်နှာကြီး ရဲတွတ်နီမြန်းသွားရသည်။

ဦးထီးမိုးစံလည်း ကွက်ခနဲ မျက်နှာပျက်သွား၏။

"မယုံမရှိပါနဲ့ခင်ဗျာ၊ ယှဉ်ပြိုင်ထိုးသတ်တဲ့နေ့က မကြာခင်ရောက်လာရတော့မှာမို့ အဲဒီနေ့မှာ အဖြေကို သိရပါတော့မှာပါ"

ရန်စေးထန်ကတော့ ...

ခပ်တည်တည်ပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အရေးကြီးတဲ့ နောက်တစ်ယောက်နဲ့ ထပ်ပြီး မိတ်ဆက်ပေးပါ့မယ်"

ရန်စေးထန် လူးလူးကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"သူကတော့ လူးလူးပါ၊ စိမ့်ကြီးမြိုင်ကို မရောက်ဘူးလို့ လေ့လာဖို့ လိုက်လာတဲ့လူပါ၊ ကျွန်တော့်ရဲ့ ညီမငယ်လေး ပါ"

"ဟေး"

"မိုက်တယ်"

"အရမ်းသားနားတယ်"

"ရှယ် ... ရှယ် ... ဝွတ်ရှယ်"

မကြားတကြား အော်တဲ့သူက အော်နေသေးသည်။

လူးလူး ခေါင်းကလေး ငုံ့သွား၏။

စိုင်းစက္ကကတော့ တည်တည်ငြိမ်ငြိမ်ပင်။

လူတွေက များနေသည်။

မျက်လုံးအကြည့်တွေ အားလုံးက စိုင်းစက္ကနဲ့ လူးလူး ဆီမှာပဲ စုပြုံကျနေသည်။

မိတ်ဆက်ပေးပြီးတော့မှ ...

သောက်ပွဲစားပွဲကြီးကို စတင်ကျင်းပကြသည်။

"သောက်ပါ ရန်စေးထန်"





ဦးထီးမိုးစံ ကိုယ်တိုင် ဧည့်ခံနေသည်။

"ဟုတ်ကဲ့"

အရက်ခွက်တွေကို ကိုယ်စီ ကိုင်မြှောက်လိုက်ကြသည်။

"ဘခက်"

"ဟင်"

"နင့်ကို စိမ့်ကြီးမြိုင်ချောင်းထဲကို ပစ်ချမဲ့ ဘလက်တိုက်ဂါးတဲ့"

"ဟင်း ... ဟင်း"

"ငါကတော့ မယုံပါဘူး"

"စောင့်ကြည့်လိုက်လေ"

"ရန်စေးထန်ကတော့ တော်တော် တက်ကြွနေတဲ့ပုံပဲ၊ လူးလူး ဆိုတဲ့ ကောင်မလေးကလည်း ဘလက်တိုက်ဂါး နားကို အတင်းကပ်နေတယ်"

"ဘယ်သူကပ်ကပ် မကပ်ကပ်၊ နင် မကပ်ဖို့ဘဲ အရေးကြီးတယ် အိုင်းရွှမ်း"

ဘခက် အသံက မသိမသာ မာသွားသည်။

"ဟာ ... ဟ"

အိုင်းရွှမ်း မထိတထိ ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းစက္က ဆိုတဲ့ ဘလက်တိုက်ဂါးနဲ့ အကြည့်ချင်း ဆုံနေတာကို ဘခက် ရိပ်မိသွားလို့လား။

အူတော့တိုနေသည်။

မျက်နှာက စူပုပ်ပုပ်နဲ့တော့ တင်းနေသည်။

နောက်တစ်နေ့မနက် ...

စိမ့်ကြီးမြိုင်ရွာထဲမှာ ...

အိုင်းရွှမ်းနဲ့ စိုင်းစက္က ထိပ်တိုက်တွေ့ကြပြီ။

"ဘာလာလုပ်တာလဲ စိုင်းစက္က"

"ရွာထဲကို လာလေ့လာတာ"

"လူးလူး ဆိုတဲ့ ကောင်မလေး မပါဘူးလား"

"မပါဘူး"

"လူးလူးက တော်တော်ချစ်ဖို့ကောင်းတယ်နော်"

အိုင်းရွှမ်း ...

တရင်းတနှီးလုပ်ပြီး ပြောနေသည်။

"ဟုတ်တယ်၊ လူးလူးက တော်တော်ချစ်ဖို့ကောင်းတယ်"

"ကြုံတုန်း စိုင်းစက္ကနဲ့ အေးအေးဆေးဆေး ဆွေးနွေးချင်တယ်"

"ဟင်"

"တောင်ခြေက ရေတံခွန်ဘက်ကို သွားရအောင်"

"ဘာရေတံခွန်လဲ"





"တောင်ရင်ကွဲရေတံခွန်"

အိုင်းရွှမ်း ဖိတ်ခေါ်နေပြီ။

မလိုက်ရင် သတ္တိနည်းရာ ကျသွားတော့မှာပေါ့။

"သွားလေ ... ဘာနဲ့သွားမလဲ"

"နောက်ထပ် မြင်းတစ်ကောင်နဲ့"

မြင်းနှစ်ကောင် ဖြစ်သွားသည်။

စိုင်းစက္က တစ်ကောင် ...

အိုင်းရွှမ်း တစ်ကောင် ...

တောင်ရင်ကွဲ ရေတံခွန်တဲ့ ...

စိုင်းစက္ကတို့နှစ်ယောက် ထွက်သွားတာကို ဘယ်သူမှ မသိလိုက်။

ရေတံခွန်ကြီးရှိတဲ့ နေရာကို ရောက်သွားကြပြီ။

"စိုင်းစက္က"

"ပြော ... အိုင်းရွှမ်း"

"စိုင်းစက္ကနဲ့ ရန်စေးထန် ဘယ်လိုပတ်သက်လဲ"

အိုင်းရွှမ်း အသိချင်ဆုံးမေးခွန်း။

"ဘယ်လိုမှ မပတ်သက်ပါဘူး၊ လူးလူးကြောင့် ယာယီ မဟာမိတ် ဖွဲ့ထားတာ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းစက္ကု အခြေအနေတွေ အားလုံးကို အိုင်းရှမ်းနားလည်အောင် ရှင်းပြလိုက်သည်။

"အဲဒါပဲ အိုင်းရှမ်း"

အိုင်းရှမ်း နားလည်သွားရပြီ။

"ဒါ ... ဒါဆို ဘခက်ကို အနိုင်ထိုးသတ်ဖို့ ရှင့်ဘက်က အပြီးဆုံးဖြတ်ထားပြီးပြီပေါ့၊ ဘခက်ကိုနိုင်မှ ရှင့်အတွက် အဆင်ပြေတော့မှာပေါ့"

"သိပ်သေချာတာပေါ့ အိုင်းရှမ်း"

"ရန်စေးထန်ကတော့ လောင်းကြေးကို ပုံအောထည့်ထားလိုက်ပြီ"

အိုင်းရှမ်း ...

စိုင်းစက္ကုကို ပြောပြလိုက်သည်။

"လာ စိုင်းစက္ကု၊ ရေတံခွန် အောက်ခြေထိ သွားရအောင်"

မြင်းတွေကို အရိပ်ကောင်းတဲ့ သစ်ပင်ကြီး တစ်ပင်အောက်မှာ ကြိုးချည်ထားခဲ့လိုက်သည်။

အိုင်းရှမ်းက အကြံနဲ့ ...

သူမမှာ ရည်ရွယ်ချက်တစ်ခု ရှိနေသည်။

စိုင်းစက္ကု ခေါ် ဘလက်တိုက်ဂါး၏ ရာဇဝင်တွေကို သိချင်နေသည်။

ပြီးတော့ ...





စိုင်းစက္ကုကို ...

"ဟင်"

စိုင်းစက္ကု အံ့ဩသွားသည်။

ရေတံခွန်အောက်ခြေမှာ သစ်သားအိမ်ကလေးတစ်လုံး။

ပန်းတွေ စိုက်ထားသည်။

ပန်းရောင်စုံတွေနဲ့ အိမ်ကလေးက သာယာနေသည်။

ဘယ်သူနေတဲ့ အိမ်ကလေးလဲ။

"စိုင်းစက္ကု"

"ဗျာ"

"အိမ်ကလေးကို မြင်လိုက်လို့ အံ့ဩသွားတာလား"

"အင်း ..."

"အဲဒါ အိုင်းရှမ်း တစ်ယောက်တည်း မကြာခဏလာပြီး အပန်းဖြေတဲ့အိမ်"

"ဟင်"

"အိုင်းရှမ်းလာမှ သော့ဖွင့်တယ်၊ အိုင်းရှမ်း ပြန်သွားရင် သော့ပိတ်တယ်၊ လာ ... စိုင်းစက္ကု၊ အဲဒီကို သွားမယ်"

စိုင်းစက္ကု ...

တဖြည်းဖြည်းနဲ့ အိုင်းရှမ်းရဲ့ အိမ်ကလေးဆီကို ပါသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေးက ...

ကုန်းမြင့်လေးတစ်ခုပေါ်မှာ ဆောက်ထားသည်။

အိမ်ကလေးနဲ့ မလှမ်းမကမ်းမှာ တောင်ရင်ကွဲ ရေတံခွန်ကြီးဆီက ရေတွေ တဝေါဝေါနဲ့ စီးကျနေသည်။

စိမ့်ကြီးမြိုင်ချောင်းဘက်ကို စီးနေတဲ့ရေတွေ။

တောင်ရဲ့ အငွေ့အသက်က အေးစိမ့်နေသည်။

လေတွေက တဟူးဟူးနဲ့ အဆက်မပြတ် တိုက်နေသည်။

"လာလေ"

အိမ်ကလေးရဲ့ တံခါးဝကနေ အိုင်းရှမ်း ခေါ်နေသည်။

တံခါးသော့ကို ဖွင့်လိုက်ပြီ။

"ဟင်"

သားနားသပ်ရပ်တဲ့ အခန်း။

ကြိမ်ဆက်တီတစ်လုံး ချထားသည်။

တီဗီရှိသည်။

ကက်ဆက်ရှိသည်။

ဝမ်းဒိုးဇရဲသေတ္တာတစ်ခုတောင် အခန်းထောင့်မှာ ထောင်ထားလိုက်သေး။

"ထိုင်ပါ စိုင်းစက္က၊ အိုင်းရှမ်း မီးစက်နိူးလိုက်ဦးမယ်"





ခေတ်မီတဲ့ အိမ်ကလေး။

အိုင်းရှမ်း အတွက်ကတော့ ဓိမ်ပဲ။

"ဟော"

မီးတွေ လင်းလာပြီ။

လျှပ်စစ်ပစ္စည်းတွေ အကုန် အလုပ်လုပ်လာပြီ။

အိုင်းရှမ်း ဝမ်းဒိုးရေခဲသေတ္တာလေးကို ဆွဲဖွင့်လိုက်သည်။

"သစ်သီးဖျော်ရည်နဲ့ စိုင်းစက္ကကို ဧည့်ခံမယ်"

နောက်ငါးမိနစ်အတွင်းမှာ ...

အေးစက်နေတဲ့ ဖျော်ရည်တစ်ခွက် စိုင်းစက္ကရှေ့ကို ရောက်လာသည်။

"အမောပြေ သောက်လိုက်ပါဦး စိုင်းစက္က"

"ဟုတ်"

ရင်ထဲ အေးသွားသည်။

အမောလည်း ပြေသွားသည်။

"အိုင်းရှမ်း"

"ရှင်"

"မင်း ဒီမှာ ညအိပ်ဖူးသလား"

"အိပ်ဖူးတာပေါ့"

"မင်းကို ဘယ်သူမှ မနှောင့်ယှက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်ကလေး ရှိတဲ့ဘက်ကို ဘယ်သူမှ လှည့်တောင်မကြည့်ရဲဘူး"

"မင်းကို ကြောက်လို့လား"

"အင်း ... အဲလိုတော့ ထင်တာပဲ"

"ဒီနယ်မှာ အိုင်းရှမ်းက နာမည်ကြီးတယ်ဆို"

"ဘယ်သူ ပြောတာလဲ"

"ရန်စေးထန် ပြောတာ"

"ဟင်း ... ဟင်း ... သူပြောသလောက်လည်း မဟုတ်သေးပါဘူး"

အိုင်းရှမ်း ရယ်လိုက်တော့ တစ်ကိုယ်လုံး လှုပ်သွားသည်။

အိမ်ကလေးတောင် လှုပ်သွားသလိုပင်။

အိုင်းရှမ်းက ရန်စေးထန် ပြောသလို နေတာထိုင်တာ ကြမ်းသည်။

အနေအထိုင် ပက်စက်သည်။

သူမကိုယ်သူမ မိန်းကလေးတစ်ယောက် ဖြစ်တယ်ဆိုတာကိုတောင် သတိရပုံမရ။

"အိုင်းရှမ်းကတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ် စိုင်းစက္က၊ စိုင်းစက္ကကို တိုင်ပင်စရာရှိလို့ ဒီနေရာကို ခေါ်လာတာ၊ ဘခက် အပါအဝင် ဒီနေရာကို စိမ့်ကြီးမြိုင်





စခန်းကလူတွေ ဘယ်သူမှ လာခွင့်မရှိဘူး။ အိုင်းရှမ်းတစ်ယောက်တည်း အပန်းဖြေဖို့ ဆောက်ထားတဲ့ ဒီအိမ်ကလေးကို အိုင်းရှမ်း ပထမဆုံး အလည်ခေါ်လာတဲ့ ယောကျ်ားဟာ ကမ္ဘာပေါ်မှာ ရှင် တစ်ယောက်တည်း ရှိတယ်ဆိုတာ ယုံလိုက်ပါ စိုင်းစက္က"

"အိုင်းရှမ်း ဘာကိုတိုင်ပင်ချင်တာလဲ၊ ကိုယ့်ဆီက ဘာကို လိုချင်တာလဲ"

"ဘခက်ကို အရှုံးပေးလိုက်ပါ"

"ဘာ"

"ရှင် လိုချင်တာတွေ အိုင်းရှမ်းပေးမယ်"

"မင်း"

စိုင်းစက္က အံ့ဩသွားသည်။

အိုင်းရှမ်းကိုလည်း စူးခနဲ စိုက်ကြည့်ပစ်လိုက်၏။

"အိုင်းရှမ်း တောင်းပန်တာပါ စိုင်းစက္က၊ အိုင်းရှမ်း ဖြစ်ချင်တာကို ပွင့်ပွင့်လင်းလင်း ပြောပြတာပါ၊ ဘခက်ကို အရှုံးပေးလိုက်မယ် ဆိုရင်၊ စိုင်းစက္ကကို အိုင်းရှမ်းမှာ ရှိသမျှတွေထဲက စိုင်းစက္က လိုချင်တာမှန်သမျှ အိုင်းရှမ်းပေးမယ်"

"ငါ ဘာမှ မလိုချင်ဘူး အိုင်းရှမ်း"

"အပြတ်မငြင်းနဲ့လေ စိုင်းစက္က"



www.burmeseclassic.com

www.burmeseclassic.com



အိုင်းရှမ်း အကြည့်တွေကမာသွားသည်။

အိုင်းရှမ်း အကြည့်တွေက စူးသွားသည်။

"ငါ့အတွက် အရေးကြီးတာ လူးလူးပဲ၊ ရန်စေးထန် လက်က လူးလူး လွတ်မြောက်နိုင်ဖို့ကလွဲရင် တခြား ဘာကိုမှ ငါ စိတ်ဝင်စားမှာ မဟုတ်ဘူး အိုင်းရှမ်း"

စိုင်းစက္ကကလည်း မာမာပဲ။

အိုင်းရှမ်း ဆန္ဒတွေကို ဘယ်လိုနည်းနဲ့မှ စိုင်းစက္က လိုက်လျောနိုင်မှာ မဟုတ်။

စိုင်းစက္က ရင်ထဲမှာ ရှိနေတာ လူးလူး။

လူးလူး အတွက် စိမ့်ကြီးမြိုင်ကို စိုင်းစက္က လိုက်လာတာ။

"ဖြောက်"

"ချောက်"

"ဟင်"

ပြတင်းပေါက်ကနေ ...

ဖျတ်ခနဲ ပေါ်လာပြီး ပျောက်သွားတဲ့ အရိပ်တစ်ရိပ်။

"လူ"

"လူတစ်ယောက်"

သွက်လိုက်တဲ့ အိုင်းရှမ်း ...





အိမ်ကလေးရဲ့ အပြင်ဘက်ကို ချက်ချင်းရောက်သွားသည်။

"ဟိတ် ... မပြေးနဲ့"

ရေတံခွန်ကြီးဘက်ကို လှစ်ခနဲ ပြေးပြီ။

စိုင်စက္ကလည်း မနေသာ။

"ဘယ်သူလဲ အိုင်းရှမ်း၊"

"မသိဘူး ... လူတစ်ယောက်ပဲ"

မတွေ့တော့ ...။

ချက်ချင်း ပျောက်သွားသည်။

ရေတံခွန်ကြီးရဲ့ နောက်ဘက်ကို ရောက်သွားပုံပင်။

"ဝေါ"

"ဝေါ"

ရေတွေက တဝေါဝေါနဲ့ စီးကျနေသည်။

စိတ်မောသွားတာ အိုင်းရှမ်း ...

ဒေါသဖြစ်သွားတာ အိုင်းရှမ်း ...

ဒါ အိုင်းရှမ်းနဲ့ စိုင်းစက္ကကို မသင်္ကာလို့ လာချောင်းတာ။

ဘယ်သူလဲ ...

ဘယ်သူခိုင်းတာလဲ။

"ပျောက်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



အိုင်းရွှမ်း လုံးဝမကျေနပ်တော့။

"အို"

ဒေါသဖြစ်ဖြစ်နှင့် ကျောက်စွန်းတစ်ခုကို ဖိအနင်း...

"ဟင်

ဟန်ချက်ပျက်ပြီး လူက ယိုင်သွားသည်။

"ဟာ"

တော်ပါသေးရဲ့ ...

စိုင်းစက္က လှမ်းထိန်းလိုက်လို့ ...

သို့သော် ...

လူချင်းကတော့ ပူးကပ်သွားသည်။

စိုင်းစက္က ရင်ခွင်ထဲကို ရောက်သွားတဲ့ အိုင်းရွှမ်း။

"ကျေး ... ကျေးဇူးပဲ စိုင်းစက္က"

လူက အလျင်အမြန် ရုန်းထွက်လိုက်နိုင်ပေမဲ့ ရင်ထဲမှာတော့ မောသွားသည်။

အိုင်းရွှမ်း ရင်တုန်သွားသည်။

သူ ...

စိုင်းစက္က ..

အိုင်းရွှမ်းလို သံမဏိမိန်းမတစ်ယောက်ကိုတောင် စိတ်တွေချောက်ချားလာအောင် ယိမ်းယိုင်တွေဝေစေခဲ့သူ။

အိုင်းရွှမ်း ရှက်တတ်နေပြီ။





အိုင်းရွှမ်း ထူပူတတ်နေပြီ။

"အိမ်ကလေးကို ပြန်သွားမယ် စိုင်းစက္က"

အိုင်းရွှမ်း စိုင်းစက္ကကို လှည့်မကြည့်တော့။

"ဗိုး"

"ဟင်"

"ဖြောင်း"

"ဒုတ်"

မထင်မှတ်တဲ့နေရာကနေ လေထဲကို မြောက်တက်လာတဲ့ ဓားတစ်ချောင်း။

စိုင်းစက္ကရဲ့ ရင်ညွန့်တည့်တည့်ဆီကို ပြေးဝင်လာတဲ့ဓား။

လေထဲမှတင် ရိုက်ထုတ်ပစ်လိုက်တော့ ရေတံခွန်ဘေးက ကညင်ပင်ကြီးမှာ သွားစိုက်နေသည်။

"ဟာ"

အိုင်းရွှမ်း အသက်ရှူမှားသွားသည်။

အိုင်းရွှမ်း မျက်လုံးတွေက ကျားတစ်ကောင်ရဲ့ မျက်လုံးတွေလို ချက်ချင်းအရောင်ပြောင်းသွားသည်။

"ဟိတ်"

"မပြေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါ အတင်းစွတ်ဝင် ပြေးလိုက်သွားတာ အိုင်းရှမ်း။

"ဖြောင်း"

"ဘောင်း"

"ဒုတ်"

"ခွပ်"

လူတစ်ယောက် ...

အိုင်းရှမ်းရဲ့တိုက်ကွက်တွေအောက်မှာ ဆန့်ဆန့်ကြီး မှောက်သွားသည်။

လူစိမ်း ...

သည်နယ်မြေမှာ အိုင်းရှမ်း မတွေ့ခဲ့ဘူးတဲ့ လူစိမ်း။

သူ့ရဲ့ပစ်မှတ်သည် ...

စိုင်းစက္က ...။

စိုင်းစက္ကရဲ့ ရင်ညွန့် ...

"နင် ... နင် ... ဘယ်သူလဲ"

လူစိမ်း မဖြေနိုင်။

အသက်ကို မနည်းရှူနေသည်။

အိုင်းရှမ်းနဲ့ စိုင်းစက္ကကို ဖြူဆုတ်ကြောက်လန့်နေတဲ့ မျက်လုံးတွေနဲ့ ငေးကြောင်ပြီး ကြည့်နေသည်။

"ဟော့ ... ဖြေလေ"





အိုင်းရှမ်း လက်ရွယ်လိုက်တော့မှ ...

"အား ... မလုပ်ပါနဲ့၊ ကျွန်တော် ဖြေမယ်"

"နင့်ကို ဘယ်သူခိုင်းတာလဲ"

"ကိုဘခက်"

"ဘာ"

အိုင်းရှမ်း တစ်ကိုယ်လုံး မီးပုံထဲ ပစ်ချခံလိုက်ရသလို မှုလောင်ဆူပွက်သွားသည်။

သူ့ကို ဘခက် ခိုင်းတာဆိုပါလား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

"ဘခက်"

"ပြော ... အိုင်းရှမ်း"

"နင် ဘာသဘောနဲ့ ရေတံခွန်ကို လူတစ်ယောက်လွှတ်ပြီး ပြဿနာရှာတာလဲ"

ဘခက် ...

အိုင်းရှမ်း မျက်နှာကို မကြည့်။

ခေါင်းကို တမင်လွှဲထားသည်။

အိုင်းရှမ်းကို မကြည့်ရဲတာလည်း ပါသည်။

သူမကို ကြည့်လိုက်မိတိုင်း အသည်းယယ်သလို ခံစားနေရတာ ဘခက် အသိဆုံး။

အိုင်းရှမ်းကမှ ဘခက်ကို ဂရုမစိုက်တာ့။





အိုင်းရှမ်း ဂရုစိုက်တာ စိုင်းစက္က။

ရေတံခွန်က အိမ်ကို စိုင်းစက္ကနဲ့ အတူသွားကတည်းက အိုင်းရှမ်းစိတ်တွေ တစ်မျိုးဖြစ်နေတာ ဘခက် သိသွားသည်။

အရက်ပုန်းဆိုင်မှာ ခင်သွားတဲ့ ဓားအောင်သန်းကို ကျိတ်မှာပြီး သတင်းထောက်လှမ်းဖို့နဲ့၊ လိုအပ်ရင် အပြတ်ရှင်းဖို့ အထိ မှာပြီး ဘခက် လွှတ်လိုက်ရတာပါ။

ခုတော့ ...

မျက်နှာပူရတာနဲ့ အရှက်ကွဲရတာပဲ အဖတ်တင်သည်။

အိုင်းရှမ်း သိသွားသည်။

ဓားအောင်သန်းကို မိသွားသည်။

အပြစ်က ဘခက်ဆီကို စုပြုံရောက်လာသည်။

"ငါ မေးတာ ဖြေလေ ဘခက်"

"နင့်ကို လွှတ်သွားမှာ ကြောက်လို့"

ဘခက် ...

ခပ်ရှင်းရှင်းပဲ ဖြေလိုက်၏။

ဟုတ်တယ်လေ ...

ကိုယ်မှ အလွှတ်မခံနိုင်တာ ...

အိုင်းရှမ်းကို လိုချင်နေတာ ကိုယ်ပဲသိသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းစက္ကသည် ဘခက် အတွက် ကြီးမားတဲ့ အနှောင့်အယှက်ကြီးတစ်ခု ဖြစ်နေသည်။

ဆူးပြောင့်ခလုတ်ကြီးတစ်ခု ဖြစ်နေသည်။

ခက်နေတာက အိုင်းရွှမ်း။

ရေတံခွန်အိမ်ကလေးကို ခေါ်သွားသည်။

နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် စကားတွေပြောကြသည်။

ဘခက် သဝန်တိုသည်။

အိုင်းရွှမ်းကို မကျေနပ်။

စိုင်းစက္ကကို မကျေနပ်။

ဟင်း ...

စင်ပေါ်မှာ တွေ့လိုက်တော့ ဘခက်နဲ့ စိုင်းစက္ကသူသေ ကိုယ်သေပဲ။

သည်တစ်ခါ အပြတ်ပဲ။

"ဘခက်"

"ဘာလဲ အိုင်းရွှမ်းရာ"

"ညှော်သည်ကို ညှော်ခံရမှာ ငါ့ရဲ့တာဝန်ပဲ၊ နင် ကြားထဲကနေ အူတိုမနေနဲ့၊ ပြဿနာ ရှာမနေနဲ့၊ ဖေဖေ သိသွားရင် နင် မလွယ်ဘူး"





"နင် အနေအထိုင် ဆင်ခြင်ပေါ့ အိုင်းရွှမ်း၊ ငါ စိတ်ပူအောင် နင်မလုပ်နဲ့ပေါ့"

"နင်က ဘာကို စိတ်ပူတာလဲ"

"စိုင်းစက္က ဆိုတဲ့ကောင်ကို နင် အရေးပေးနေတာ"

"အရေးပေးနေတာ မဟုတ်ဘူး၊ စည်းရုံးနေတာ၊ ဒီပွဲမှာ ငါ့ဘက်ကနိုင်ဖို့ အကွက်ဆင်နေတာ"

အိုင်းရွှမ်း ...

ဘခက် နားလည်အောင် ရှင်းပြနေရသည်။

သည်အချိန်မှာ ဘခက်ကလည်း အရေးကြီးနေသည်။

ဘခက် စိတ်ဓာတ်ကျလို့ မဖြစ်သေး။

ယှဉ်ပြိုင်ရမဲ့ရက်က နီးလာပြီ။

ဘခက် ရှုံးရင် အိုင်းရွှမ်းတို့ ရှုံးတာပဲ။

ဖေဖေ ...

ပုံအောထားသည်။

နောက်ဆုံးတစ်ခေါက်ထက် လေးဆလောက် ပိုတင်ထားသည်။

ရှုံးလို့မဖြစ် ...

ဘယ်နည်းနဲ့မှ စိုင်းစက္ကကို အနိုင်ပေးလို့မဖြစ်။

အိုင်းရွှမ်း ဦးနှောက်စားနေသည်။

ဘခက်ကို ဖြေရှင်းနေရတော့ ပိုဆိုးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အိုင်းရှမ်း"

"ပြော ဘခက်"

"သည်တစ်ခါ ဘယ်လိုဖြစ်လဲ မသိဘူး၊ ငါ့စိတ်ထဲမှာ လေးနေတယ်"

"ဟင်"

"ငါ့ကို စိတ်မာတ်ကျအောင် မလုပ်ပါနဲ့ အိုင်းရှမ်းရယ်"

သည်လိုကျတော့လည်း ဘခက်က သနားစရာ။

ငေးငိုင်နေတဲ့ ဘခက်။

အချစ်အတွက် ပူလောင်ဗျာများနေတဲ့ ဘခက်။

သူ့ကို အိုင်းရှမ်း မျှော်လင့်ချက် မပေးလို့ မဖြစ်တော့။

"ဘခက်ရာ ... နင့်ကို အိုင်းရှမ်း ကတိပေးထားတာပဲ၊ ဘလက်တိုက်ဂါးကို နိုင်ရင် နင်လိုချင်တာ ရပြီလေ"

"နင်က ဘယ်သူ့ဘက်က အားပေးမှာလဲ"

"ဟာ ... နင့်ဘက်က အားပေးမှာပေါ့"

"တကယ်နော်"

"နင့်ကို ဘယ်တုန်းက ငါ လိမ်ခဲ့ဖူးလို့လဲ ဘခက်၊ ငါပေးထားတဲ့ ကတိဆိုရင် အမြဲတည်ခဲ့တာချည်းပဲ"

"နင့်ကို ငါ မယုံဘူး အိုင်းရှမ်း၊ ရက်စက်တတ်တဲ့ နင့်စိတ်ကို ငါ သိထားတယ်၊ တကယ်လို့သာ ဒီပွဲမှာ ငါရှုံးသွားခဲ့ရင်"





"မရှုံးဘူး၊ ဘယ်လိုနည်းနဲ့မှ ဘလက်တိုက်ဂါးကို တို့ အရှုံးပေးလို့ မဖြစ်ဘူး"

အိုင်းရှမ်း ရင်ထဲမှာ မောဟိုက်မွန်းကျပ်သွားသည်။

ဘလက်တိုက်ဂါးကို ရှုံးလို့မဖြစ်ပါ။

အနိုင်ယူရမည်။

ဒါမှ ...

လူးလူး ဆိုတဲ့ ကောင်မလေး ...

ရန်စေးထန် နောက်ကို ပါသွားမှာ။

အိုင်းရှမ်း စိတ်ထဲမှာ လူးလူး အကြောင်းတွေကို စဉ်းစားလိုက်တိုင်း တစ်မျိုးဖြစ်ဖြစ်သွားသည်။

မကျေနပ်တာလား။

အူတိုတာလား။

လူးလူးနဲ့ စိုင်းစက္က ...

အမြဲတတွဲတွဲ လုပ်နေတာကို အိုင်းရှမ်း ကြည့်မရ ဖြစ်နေတာလား။

"အိုင်းရှမ်း!"

"အိုင်းရှမ်း ရှိလား"

"ဟင် ... ဖေဖေ"

ဦးထီးမိုးစံ ...

အိုင်းရှမ်း တဲကို ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ သူ့ဘော်ဒီဂါတ်နှစ်ယောက် ပါလာသည်။

"အိုင်းရှမ်း"

"ရှင်"

"ပစ္စည်းတွေ ရောက်လာပြီ"

"ပစ္စည်းတွေ"

အိုင်းရှမ်း ဝမ်းသာသွားသည်။

နယ်စပ်ကို ဖြတ်ပို့ပေးရမဲ့ ပစ္စည်းတွေ။

"ဘယ်အဖွဲ့က သယ်လာတာလဲ"

"ကျောက်လုံတို့အဖွဲ့ လားတန်းနဲ့ သယ်လာတာ"

"ဘယ်လောက်များလဲ"

"များတယ်၊ အဲဒါ သွားစစ်လိုက်ဦး"

အိုင်းရှမ်းကို တာဝန်ပေးပြီး ဖေဖေ ပြန်ထွက်သွားသည်။

ကျောက်လုံ ...

လားတန်းခေါင်းဆောင် ...

အိုင်းရှမ်းတို့နဲ့ လက်တွဲလာတာ ကြာပြီ။

ဖေဖေ့ရဲ့ သစ္စာရှိ လူယုံ။

"ကျောက်လုံ"

"ကျောက်လုံ ဘယ်မှာလဲ"





မြင်းတစ်ကောင်နဲ့ ရွာထဲကို အိုင်းရှမ်း ရောက်သွားသည်။

လားတန်းကြီး နားနေတဲ့နေရာမှာ ကျောက်လုံ မရှိ။

"ရေချိုးဖို့ ချောင်းထဲကို ဆင်းသွားတယ်"

"လမ်းမှာ အဆင်ပြေရဲ့လား"

"ဟင်"

ကျောက်လုံရဲ့ တပည့် ...

မျက်နှာတော့ နည်းနည်းပျက်သွား၏။

"မပြေဘူး မမ၊ လားနှစ်ကောင် ပြုတ်ကျသွားတယ်၊ ပစ္စည်းရော လားရော ဆုံးရှုံးသွားတယ်"

"ဘယ်သူ့လားတွေလဲ"

"မောင်ချစ်နဲ့ အေးမောင်"

အိုင်းရှမ်း ဒေါသဖြစ်သွားသည်။

လားထိန်းသမားတွေ အသုံးမကျလို့။

ကျောက်လုံ ညံ့လို့။

"တောက်"

အိုင်းရှမ်းကိုတော့ အားလုံး ကြောက်သည်။

အိုင်းရှမ်း မျက်နှာရဲသွားကတည်းက အစားကို ဘယ်သူမှ မကပ်ရဲတော့။



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေက ကာလပေါက်ဈေးနဲ့တွက်ရင် နည်းမှာမဟုတ်။

ပြီးတော့ ...

ကျသွားတဲ့ လားတစ်ကောင်ရဲ့ တန်ဖိုး။

မောင်ချစ်နဲ့ အေးမောင် ...

ပစ္စည်းဖိုးရော လားဖိုးပါ လျော်တော့ပဲ။

ဖေဖေ သိရင် ဒေါပွမှာ သေချာသည်။

"ကျောက်လုံ"

"ကျောက်လုံ"

စိမ့်ကြီးမြိုင်ချောင်းဘက်ကို အိုင်းရှမ်း တစ်ယောက်တည်း ဆက်လိုက်လာသည်။

ကျောက်လုံ မရှိ။

တခြားလူတွေလည်း ဘယ်သူမှ မရှိ။

"ဟင်"

ချောင်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လို့။

ဟော ... တွေ့မဲ့တွေ့တော့ ...

စိုင်းစက္က ...

ကစားကွက်တွေကို တစ်ယောက်တည်း အပြင်းအထန် လေ့ကျင့်နေသည်။

အကျိုးမပါ ...





အပေါ်ပိုင်းဗလာ ...

"ဟိတ်"

"အိ"

"ဟား"

ခုန်သည်။

ကန်သည်။

လေထဲမှာ ကျွမ်းထိုးသည်။

သစ်ပင်ကြီးရဲ့ သစ်ကိုင်းတွေပေါ်မှာ တွဲလောင်းခိုသည်။

တစ်နေရာကနေ တစ်နေရာ မျောက်တစ်ကောင်လို ခုန်ကူးပြီး သွားနေသည်။

သူ ...

အိုင်းရှမ်းကို မမြင်ပါ။

သူ့အလုပ်ကို သူ လုပ်နေသည်။

"ဟော"

ချောင်းထဲကို ဖြာကျနေသည့် သစ်ကိုင်းပေါ်ကို စိုင်းစက္က ရောက်သွားပြီ။

"ဗွမ်း"

"ဟာ"

ချောင်းရေထဲကို ဒိုင်ဗင်ထိုး ဆင်းသွားတဲ့ စိုင်းစက္က။



www.burmeseclassic.com

www.burmeseclassic.com



**ရေမှုက်တွေ** ပလုံစီအောင် ထ,သွားသည်။

**မြန်မပေါ်မလာတော့**။

"**ဟင်**"

ချောင်းစပ်က ကျောက်တုံးကြီး တစ်ခုပေါ်မှာ တစ်ယောက်တည်း ထိုင်နေတဲ့ လူးလူး။

နေရောင်အောက်မှာမို့ ...

သူမရဲ့ အသားအရေက ရွှေရောင်လို ဝင်းနေသည်။

"ဟိတ်"

"ဟင်"

အိုင်းရွှမ်း အသံပေးလိုက်တော့ လူးလူး ဆိုတဲ့ကောင်မလေး လန့်တုန်သွားသည်။

"အိုင် ... အိုင်းရွှမ်း"

"မကြောက်နဲ့၊ အေးအေးဆေးဆေး ထိုင်နေ"

လူးလူး ကြောက်မယ် ဆိုလည်း အိုင်းရွှမ်းပုံက ကြောက်ချင်စရာ။

ခါးမှာ လက်နက်တွေ ချိတ်ထားသည်။

လူးလူး ဆီကို ခြေလှမ်းကျဲကြီးတွေနဲ့ လှမ်းလာနေသည်။

အိုင်းရွှမ်းပုံက ...

စိတ်မထင်ရှင် မထင်သလို ကြမ်းမဲ့ရမ်းမဲ့ပုံ။





"စိုင်း ... စိုင်းက"

"ငါသိတယ် လူးလူး၊ ငါ အားလုံးမြင်တယ်၊ ရပ်ကြည့်နေတာကြာပြီ"

အိုင်းရွှမ်းကို လူးလူး ကြောက်နေသည်။

တစ်သက်နဲ့တစ်ကိုယ် ဘယ်တုန်းကမှ မတွေ့ဘူးခဲ့တဲ့ မိန်းမ။

အံ့ရုံပျက်သွားတာ ကျောက်လုံ။

ချုံထဲကနေ လူးလူးကို ချောင်းကြည့်နေတာလေ။

လှလိုက်တဲ့ မိန်းမ ...

အီစက်နေသည်။

ဝင်းမွတ်နေသည်။

အိုင်းရွှမ်းက အနေအထိုင် ကြမ်းသလောက် လူးလူး ဆိုတဲ့ ကောင်မလေးက နုရွလွန်းနေသည်။

လမ်းမှာ ခရီးပန်းခဲ့သလောက် ...

စိမ့်ကြီးမြိုင်ချောင်းကို ရောက်တော့မှ အပန်းပြေသွားသည်။

အမောပြေသွားသည်။

အိုင်းရွှမ်း လှဓာတ တစ်မျိုး။

အိုင်းရွှမ်း အလှက ပူလောင်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူးလူး ဆိုတဲ့ ကောင်မလေးက တသိမ့်သိမ့် တငြိမ့်ငြိမ့် ကြည့်ရင်း ကြည့်ရင်း လှလာတဲ့ အလှမျိုး။

လူတစ်ယောက် ...

ကွန်ဖူးကစားကွက်တွေ လေ့ကျင့်ရင်း ကစားနေတာလည်း တွေ့လိုက်ရသေးသည်။

ဘယ်သူလဲ ဆိုတာတော့ ...

ကျောက်လုံလည်း မသိသေး။

လူစိမ်းတော့ လူစိမ်း ...

စိမ့်ကြီးမြိုင်မှာ ဘယ်တုန်းကမှ မတွေ့ခဲ့ဖူးသေးတဲ့ လူစိမ်း။

သူ့ လေ့ကျင့်နေတဲ့ ကစားကွက်တွေက ကြောက်စရာ။

ကျောက်တုံးကြီးတွေကို ပခုံးနဲ့တိုက်ပြီး တွန်းသည်။

လက်ဝါးပြားနှင့် ခပ်ကြမ်းကြမ်း ရိုက်သည်။

ကျောက်တုံးကြီးတွေပေါ်က ဖြတ်ပြေးသည်။

ကျောက်တုံးကြီးတွေပေါ်က ခုန်ဆင်းသည်။

ကျောက်တုံးကြီးတွေပေါ်ကို ခုန်တက်သည်။

လေထဲမှာ ...

လွှားခနဲ လွှားခနဲ ခုန်ပျံသွားတာ ကြည့်လို့ကောင်းလိုက်တာ။





လူးလူး ဆိုတဲ့ ကောင်မလေးကို ကြည့်လိုက်။

လေထဲက ကွန်ဖူးသမားကို ကြည့်လိုက်နဲ့ ကျောက်လုံ အလုပ်ရှုပ်သွားသည်။

ပင်ပန်းခဲ့တာတွေ အားလုံးကို မေ့သွားသည်။

ရေချိုးဖို့တောင် သတိမရ။

အိုင်းရွှမ်း ရောက်လာတော့မှ ပွဲကပျက်သွားသည်။

လူးလူးနဲ့ အိုင်းရွှမ်း စကားတွေ ပြောနေကြပြီ။

"လူးလူး"

"ရှင်"

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ကိုး"

"အင်း ... ဆယ့်ကိုး ဆိုပေမဲ့ ထွားတယ်"

"ထွားတယ်"

လူးလူး မျက်လုံးဝိုင်းကလေးနဲ့ အိုင်းရွှမ်းကို မော့ကြည့်နေသည်။

"ထွားတာပေါ့ကွ၊ အရွယ်နဲ့တောင် မလိုက်ဘူး"

"မမအိုင်းရွှမ်းက ပိုလှပါတယ်"

"ဟင်း ... ဟင်း ... မစကေ မင်းကို မမီပါဘူး လူးလူး ရယ်"

စိုင်းစက္က တွဲမယ်ဆိုလည်း တွဲချင်စရာ။



www.burmeseclassic.com

www.burmeseclassic.com



လူးလူးက နုပြီး ကြွေရုပ်ကလေးလို ကြွရွနေတဲ့ ကောင်မလေး။

အိုင်းရွှမ်း ဘယ်လိုလုပ် ယှဉ်နိုင်ပါ့မလဲ။

"ဗွမ်း"

"ဗွမ်း"

"ဟော"

ရေထဲ ငုပ်သွားတဲ့ စိုင်းစက္က ...

ရေပြင်ပေါ် ပြန်တက်လာပြီ။

လူးလူးနဲ့ အိုင်းရွှမ်းကို တွေ့သွားသည်။

"စိုင်း"

"ပ္ဥ"

လူးလူး လက်ကလေးထောင်ပြီး စိုင်းစက္ကကို လှမ်းခေါ်နေသည်။

လူးလူး ခေါ်တာ တစ်လုံးတည်း။

စိုင်း ... တဲ့။

အိုင်းရွှမ်းလည်း လူးလူး ခေါ်သလို ခေါ်ချင်လိုက်တာ။

ဒါပေမဲ့ ပါးစပ်မရဲ။

စိုင်းစက္က အနားကို ရောက်လာပြီ။

"အိုင်းရွှမ်း"



"ဟင် ... စိုင်းစက္က"

တွေ့လား ...

ပါးစပ်ကလည်း မသွက်လိုက်တာ။

စိုင်းစက္ကလိုပဲ နှုတ်က ခေါ်ဖြစ်သွားသည်။

"ကိုယ် လေ့ကျင့်နေတာပါ"

"အိုင်းရွှမ်း သိတယ်"

"စိမ့်ကြီးမြိုင်ရဲ့ နာမည်ကြီး ကျားမနိုင်ဘ ခက်နဲ့ ယှဉ်ရမှာဆိုတော့ မလွယ်ဘူးလေ"

"အင်း ... ဘခက်က အရက်ချည်းပဲ ဖိသောက်နေတာခက်တယ်"

စိုင်းစက္က ...

ဓားအောင်သန်းကို ပြန်သတိရသွားသည်။

အောက်လမ်းနည်းသုံးပြီး စိုင်းစက္ကကို အပြတ်ရှင်းဖို့အထိ ကျားမနိုင်ဘခက် ကြိုးစားနေတာပဲ။

ဒါ မတရားတာပဲ။

"ဓားအောင်သန်းကိစ္စ ဘာပြောလဲ"

"သူ ရှင့်ကို မကျေနပ်ဘူး ဖြစ်နေတယ်"

"သြော်"

"နောက်မဖြစ်စေရပါဘူး၊ အိုင်းရွှမ်း သူ့ကို ဆုံးမထားပါတယ်"

www.burmeseclassic.com



"ပွဲကိစ္စ ကိုယ့်ဘက်က အဆင်သင့် ဖြစ်နေပြီ"

"ခဏလေး သည်းခံပါဦး စိုင်းစက္က၊ ဒီနေ့ပဲ ပစ္စည်းတွေ ရောက်လာလို့၊ ဖေဖေလည်း သူ့လူတွေနဲ့ အလုပ်များနေတယ်၊ အဲဒီကိစ္စပြီးရင် ရပါပြီ"

"ဘယ်တော့ ပြီးမှာလဲ"

"နောက်အများဆုံးကြာရင် သုံးလေးရက်ပဲ"

"ကောင်းပြီလေ၊ ဒီကြားထဲမှာ အိုင်းရွှမ်း လူတွေ ကိုယ့်ကို ပြဿနာမရှာရင် ပြီးတာပဲ၊ ဖြစ်လာရင် ကိုယ်အဆိုးမဆိုနဲ့"

စိုင်းစက္က ...

အိုင်းရွှမ်းကို သတိပေးလိုက်သည်။

"အိုင်းရွှမ်း"

ကျောက်လုံ ထွက်လာပြီ။

ညှိုးသိုးသိုး မျက်နှာနဲ့ ...

"နင့်ကို ငါ လာရှာတာ ကျောက်လုံ"

"ဟဲ ... ဟဲ ... တပေါ်တပါး သွားနေလို့"

"ဘယ်လိုလဲ လားနှစ်ကောင် ကျခဲ့တယ်ဆို"

အိုင်းရွှမ်း လိုရင်းအချက်ကိုပဲ တန်းမေးလိုက်သည်။

ကျောက်လုံ ခေါင်းငိုက်စိုက် ကျသွားပြီ။

"ဟုတ်တယ် မမ"





"ဖြန်း"

"ဖြန်း"

"ဟာ"

"အို"

ကြမ်းလိုက်တဲ့ အိုင်းရွှမ်း ...

ကျောက်လုံ ပါးတွေကို ဘယ်ပြန်ညာပြန် ရိုက်ချလိုက်သည်။

မျက်လုံးပြူးသွားတာ ...

လူးလူးနဲ့ စိုင်းစက္က။

"တော်တော့်အသုံးမကျတဲ့ကောင်"

"ထို"

ကျောက်လုံ မျက်နှာပြန်မော့မလာ။

နဂိုက ရှုပ်ပွနေတဲ့ ကျောက်လုံရဲ့ ဆံပင်တွေ ...

ခုတော့ ပိုပြီး ရှုပ်ပွသွားသည်။

"လားတွေနဲ့ ပစ္စည်းတန်ဖိုးကိုတွက်ပြီး နင်ပြန်လျော်ပေးရမယ် ကျောက်လုံ၊ မလျော်နိုင်ရင် နင့်အသက်ကို ဖက်နဲ့ထုပ်ထား၊ သွား ... သွား ... ငါ့ရှေ့က အခုထွက်သွားစမ်း"

ကျောက်လုံကို မောင်းထုတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောဖို့နေနေသာသာ အိုင်းရှမ်းကို မော့တောင် မကြည့်ရဲတဲ့ ကျောက်လုံ။

အနားကနေ ချာခနဲ လှည့်ထွက်သွားပြီ။

စိတ်နာသွားသည်။

လှုစိမ်းတွေရှေ့မှာမို့ ကျောက်လုံ ရှက်သွားသည်။

"တောက်"

အရက်တွေကို တစ်ခွက်ပြီးတစ်ခွက် သောက်သည်။

မောင်ချစ်နဲ့ အေးမောင်ကို ဖိဆဲသည်။

"ခွေးမသားတွေ"

ကြွက်မနိုင်တော့ ကျီကိုမီးနဲ့ရှို့ ...

မောင်ချစ်နဲ့ အေးမောင် ...

အထိုးခံရပြန်ပြီ။

လားတန်းအဖွဲ့ကကောင်တွေ ဆရာကျောက်လုံကို ဝိုင်းဆွဲထားကြလို့။

မောင်ချစ်နဲ့ အေးမောင် ...

ခုမှ နှောင်တ,ရနေသည်။

တရားခံက သူတို့နှစ်ယောက် ...

ဦးထီးမိုးစံက အပြစ်ရှိရင် ဘယ်တော့မှ ခွင့်မလွှတ်တတ်။

အိုင်းရှမ်းကဆိုဆိုးသည်။





အိုင်းရှမ်းက ပိုကြမ်းသည်။

ညှဲ့သည်တွေရှေ့မှာမို့ အိုင်းရှမ်း စိတ်ထိန်းလိုက်တာ ...

ခုတော့ ...

လားတန်းကြီး နားနေတဲ့ နေရာကို အိုင်းရှမ်း လိုက်လာပြီ။

အိုင်းရှမ်း နောက်မှာ ...

ဘော်ဒီဂါတ်တွေနဲ့ ...

လက်နက်တွေ ကိုယ်စီလွယ်ထားသည်။

"ကျောက်လုံ ထွက်ခဲ့စမ်း"

ကျောက်လုံကလည်း အိုင်းရှမ်း လိုက်လာမှာကို သိသည်။

"မောင်ချစ်နဲ့ အေးမောင် ဘယ်မှာလဲ"

"ကျွန်တော်တို့ ရှိပါတယ်"

ဆီးရွက်သာသာလောက်ရှိတဲ့ မျက်နှာလေးတွေနဲ့ အိုင်းရှမ်း ရှေ့ကို ထွက်လာတဲ့ မောင်ချစ်နဲ့ အေးမောင်။

"ဘယ်လိုဖြစ်တာလဲ ပြောစမ်း"

"ဟို ... ဟို ..."

နှစ်ယောက်စလုံး မဖြေရဲ။

စကားတွေ ထစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေတွေလက်တွေ တုန်နေသည်။

"ဟဲ့ ... ဖြေကြလေ"

သူတို့ကိုယ်စား ဝင်ဖြေတာ ကျောက်လုံး။

"ဒီကောင်တွေ သောက်တာ များသွားလို့ မမ"

"ဘာ"

"ဝက်ပါတောင်ခါးပန်းကနေ လားတွေကို မထိန်းနိုင်တော့လို့ လားနှစ်ကောင် ခြေချော်ပြီး ပြုတ်ကျသွားတာ"

"တောက်"

အိုင်းရှမ်း ဒေါပွလို့မဆုံး ...

သတ်ပစ်လိုက်ရင်လည်း ကျည်ဆန်ကုန်တာပဲအဖတ်တင်မဲ့ကောင်တွေ။

"သွား ... ထိတ်တုံးခတ်ထားလိုက်"

"ဘယ်နှယောက်လဲ"

"သုံးယောက်စလုံး ... သုံးယောက်စလုံး"

အိုင်းရှမ်း စိတ်တွေ မီးဟုန်းဟုန်း တောက်နေတာ ဘယ်သူမှ မသိ။

အဲဒါနဲ့ရောပြီး ခံလိုက်ရတာ ကျောက်လုံတို့အဖွဲ့။

တကယ်တော့ ...

အိုင်းရှမ်းမှာ တောက်နေတဲ့ မီးတွေက အချစ်မီးတွေ။

စိုင်းစက္က ...





အိုင်းရှမ်း စိတ်တွေကို ကသောင်းကနင်း ဖရိုဖရဲဖြစ်စေခဲ့တာ ...

စိုင်းစက္က ဆိုတဲ့လူပဲ။

သူ့ရင်ခွင်ထဲကို အိုင်းရှမ်း ကျသွားခဲ့ဖူးသည်။

စူးရှတဲ့ သူ့အကြည့်တွေအောက်မှာ အိုင်းရှမ်း တစ်ကိုယ်လုံး နုံးခွေချည့်နဲ့သွားခဲ့ဖူးသည်။

လှူးလှူးကို တွေ့လိုက်ရတော့ မခံချင်စိတ်က နိုးထလာခဲ့သည်။

သိပ်လှတဲ့ ကောင်မလေး လှူးလှူး။

စိုင်းစက္ကနဲ့ တတွဲတွဲ လုပ်နေသည်။

စိုင်းစက္ကကလည်း လှူးလှူးကို အရေးပေးနေသည်။

နားရင်လည်း လှူးလှူးနဲ့ ...

သွားရင်လည်း လှူးလှူးနဲ့ ...

အိုင်းရှမ်း စိတ်တွေ ကြာတော့ မီးတောက်တစ်ခုလို ဆူပွက်လာရပြီ။

သည်ည ...

ရေတံခွန်က အိမ်ကလေးကိုပဲ အိုင်းရှမ်း သွားတော့မည်။

သည်အိမ်ရောက်မှ ...

အိုင်းရှမ်း စိတ်တွေကို ဖောက်ခွဲပစ်လိုက်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုင်လိုက်တာ ...

ဒီညဟာ ...

လပြည့်ညပဲ။

ッッッ





## အခန်း(၁၀)

လပြည့်ည ...

ရေတံခွန်နားက အိမ်ကလေး ...

လရောင်တွေက အိမ်ကလေးပေါ်ကို ဖြာကျနေ၏။

အိမ်ကလေးထဲမှာ အိုင်းရှမ်း တစ်ယောက်တည်း။

သူမ ...

မိန်းကလေးတစ်ယောက်လို အလှဆုံး ပြင်ဆင်ထားသည်။

ညဝတ်အင်္ကျီဖားဖားကြီးကို ခြေဖဝါးဖုံးတဲ့အထိ ခတ်ထားသည်။

မျက်နှာမှာလည်း ...



www.burmeseclassic.com

www.burmeseclassic.com



ရေမွှေးနံ့သင်းတဲ့ အကောင်းစား မိတ်ကပ်ပါးပါး လေးတစ်ထပ်ကိုလည်း လိမ်းခြယ်ထားလိုက်သေး၏။

အညိုရောင် လက်သည်းနီနဲ့ ခြေသည်းလေးတွေပါ မကျန် မဆိုးတတ် ဆိုးတတ်နှင့် ဆိုးထားလိုက်သေးသည်။

တောထဲမှာ ပြေးရင်းလွှားရင်း ကြီးပြင်းလာခဲ့တဲ့ အိုင်းရှမ်း။

သည်တစ်ခါပဲ ...

ကိုယ့်ကိုယ်ကိုယ် အလှပြင်ဖူးသေးသည်။

သူမ ...

အခုမှ လှချင်နေသည်။

ဖူးဖူးနုနုလေးနဲ့ ဥချင်နေသည်။

ရွရွလှလှလေးနဲ့ ကြွချင်နေသည်။

သူမရှေ့မှာ ကိုယ်လုံးပေါ်မှန်ကြီး တစ်ချပ်ကို ထောင်ထားသည်။

မှန်ကြီးရဲ့ညာဘက် အပေါ်ထောင့်မှာတော့ စိုင်းစက္ကရဲ့ ဓာတ်ပုံကို ချိတ်ထားသည်။

စိုင်းစက္ကကို ကြည့်လိုက် ...

သူမကိုယ်သူမ ကြည့်လိုက်နဲ့ အိုင်းရှမ်း တစ်ယောက်တည်း စိတ်တွေ လှုပ်ရှားနေသည်။

အဲဒါ ဘာကြောင့်လဲ ...





စိုင်းစက္ကကို သူမ ချစ်မိသွားလို့။

စွဲနေပြီ ...

စိုင်းစက္ကကြောင့် သူမ ရင်ခုန်နေခဲ့ရပြီ။

သူမကို ဆွဲဆောင်ညှို့ယူနိုင်စွမ်းရှိတဲ့ စိုင်းစက္က။

"ဟင် ... ဟင်"

သူမ ...

နှုတ်ခမ်းလေးတွေကို တအားဖိကိုက်ရင်း ညည်းညူပစ်လိုက်သည်။

ပြီးတော့ ...

ခုတင်ပေါ်ကို ပစ်လှဲချလိုက်သည်။

သူမ ဘယ်လိုမှ အိပ်မပျော်။

ရင်ထဲမှာ ဟာနေသည်။

တစ်ခုခုကို လိုအပ်နေသည်။

ဘာကိုလိုအပ်နေမှန်းလည်း သူမ မသိ။

အပြင်မှာ လ,သာနေသည်။

လရောင်သည် သူမရဲ့ အိပ်ခန်းထဲထိ ဖြာကျတောက်ပနေသည်။

ညကိုးနာရီ ကျော်နေပြီ။

"ဖြောက်"

"ဖြောက်"



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်ခြောက်တွေကို ဖိနင်းလိုက်တဲ့ခြေသံ။

ရေတံခွန်ကြီးဆီက ရေကျသံတွေနဲ့ ရောပြီး ပေါ်ထွက်လာသည်။

တခြားလူမဟုတ် ...

ဘခက် ...

ကျားမနိုင်ဘခက် ...

အိုင်းရွှမ်း တစ်ယောက်တည်း ရေတံခွန်ဘက်ကို ထွက်သွား၍ လိုက်လာခဲ့ခြင်း ဖြစ်သည်။

စိတ်မချ။

စိုးရိမ်နေသည်။

စိုင်းစက္က ဆိုတဲ့ကောင်နဲ့ ပတ်သက်ပြီးစွန်းသွားမှာ ဘခက် အထိတ်လန့်ဆုံး ဖြစ်သည်။

ရေတံခွန်အိမ်ကလေးက လွတ်လပ်သည်။

အိုင်းရွှမ်းကို နှောင့်ယှက်မဲ့သူ တစ်ယောက်မှမရှိ။

သည်အတွက် ...

ဘခက် သည်နေရာကို ထွက်လာခဲ့ခြင်း ဖြစ်သည်။

ဖြစ်ချင်ရာဖြစ် ...

အိုင်းရွှမ်း အိပ်ခန်းကို ချောင်းကြည့်ဖို့ ဘခက် ဆုံးဖြတ်လိုက်သည်။

အိုင်းရွှမ်းက မသိ။





မျက်လုံးတွေကို မှေးစင်းထားရင်း ကိုယ်လုံးက အိပ်ရာပေါ်မှာ ဘယ်ညာလူးလွန့်နေသည်။

ဒါကိုလည်း ဘခက် မြင်နေရသည်။

ဘခက် လက်ထဲမှာ ...

ညကြည့်မှန်ပြောင်းတစ်လက် ပါလာသည်။

အိုင်းရွှမ်းက အိပ်ခန်းပြတင်းပေါက်တွေကို ဖွင့်ထားသည်။

ဘခက်က အဲသည့်ပြတင်းပေါက်မှတစ်ဆင့် ညကြည့်မှန်ပြောင်းနဲ့ အထဲကို လှမ်းကြည့်နေခြင်း ဖြစ်သည်။

"ဟာ"

ညဝတ်အင်္ကျီသည် ပါးလှပ်လှပ်ကလေး ဖြစ်နေ၍ ဘခက် ရင်ထဲမှာ ပူလောင်ဆူပွက်သွားသည်။

ဘခက် ရှေ့ကို တိုးလိုက်သည်။

အဲဒါ ဘခက်ရဲ့အမှား။

"ဖြောင်း"

သစ်ကိုင်းခြောက် တစ်ခုကို တက်နင်းမိလိုက်တော့ ဖြောင်းခနဲ ကျိုးသွားတဲ့ အသံ။

"ဟင်"

အိုင်းရွှမ်း မျက်လုံးတွေ ဝိုင်းစက်သွားရပြီ။



www.burmeseclassic.com

www.burmeseclassic.com



အိုင်းရှမ်းကို အနှောင့်အယှက်ပေးမဲ့ သူတစ်ယောက် အိမ်ကလေးနားကို တိုးကပ်လာနေခဲ့ပြီ။

အိုင်းရှမ်း အိပ်ရာက လူးလဲထ,လိုက်သည်။

ပြတင်းပေါက်နားကို တိုးကပ်သွားသည်။

ပတ်ဝန်းကျင် တစ်ခုလုံး ငြိမ်သက်နေသည်။

ဘာမှမရှိ။

အိုင်းရှမ်း မသင်္ကာ။

စောစောက သစ်ကိုင်းခြောက်တစ်ခု ကျိုးသွားတဲ့ အသံကို ပီပီသသ ကြားလိုက်ရတာပဲ။

တောကောင် တစ်ကောင်ကောင်များ အိမ်ကလေး နားက ဖြတ်သွားတာများလား။

"ဟင်း"

စိတ်ကူးယဉ်နေတာလေးတွေတောင် ပျောက်သွား သည်။

ရောဂါပဲ ...

အိုင်းရှမ်း ပြန်လှည့်လိုက်ပြီး အိမ်ကလေးရှေ့က စရန်တာဆီသို့ ပြန်ကူးလာခဲ့သည်။

အိုင်းရှမ်း တမင်လှည့်စားလိုက်တာပါ။

ဘယ်ရမလဲ ...

သူမကလည်း အိုင်းရှမ်းပဲ။





ပစ္စတိုသေနတ်ကို ထုတ်လိုက်ပြီး လက်ထဲမှာ ဖွက် ကိုင်ထားလိုက်သည်။

အရက်နံ့ ...

လေထဲက ပါလာတဲ့ အရက်နံ့ရှူးရှူးကို အိုင်းရှမ်း နှာဖျားလေးတွေက ရနေပြီဆိုတော့ ဘာလိုသေးလဲ။

ရန်သူတစ်ယောက် ရောက်နေပြီဆိုတာ ဗေဒင်သွား မေးစရာတောင် မလိုတော့ဘူးပေါ့။

"ဟင်"

မြင်းခွာသံတွေ ...

ရေတံခွန်အောက်ဘက်က တဖြောင်းဖြောင်း အသံ ပေးပြီး တက်လာနေတဲ့ မြင်းခွာသံတွေ။

"အိုင်းရှမ်းရေ"

"အိုင်းရှမ်း"

စိမ့်ကြီးမြိုင်က ထွက်လာခဲ့ကြတဲ့လူတွေ ...

"ဘယ်သူတွေလဲ"

"ကျွန်တော်တို့ပါ၊ ဦးထီးမိုးစံ လွှတ်လိုက်လို့"

မောင်ပိန်တို့အဖွဲ့ ...

ရေးကြီးသုတ်ပျာ ဖြစ်နေသည်။

"ဘာကိစ္စရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ကျွန်တော်တို့လည်း မသိဘူး၊ အရေးကြီးတယ်လို့ပဲ ပြောတယ်၊ အခုချက်ချင်း လိုက်ခဲ့ပါတဲ့"

ဦးထီးမိုးစံရဲ့ အမိန့်။

အိုင်းရှမ်း မောင်ပိန်တို့နဲ့အတူ စိမ့်ကြီးမြိုင်ကို ချက်ချင်း ပြန်လိုက်ခဲ့ရပြီ။

လားတန်းကြီး စခန်းချထားတဲ့ နေရာမှာ ဦးထီးမိုးစံ ရောက်နေသည်။

သမီးလုပ်သူ အိုင်းရှမ်းကို မျှော်နေသည်။

အချိန်က မရှိတော့။

"လာပြီ"

"အိုင်းရှမ်းကို ခေါ်လာပြီ"

ရွာထိပ်ပိုင်းက အော်လာတဲ့ အဖွဲ့။

"ဘယ်လို ဖြစ်တာလဲ"

မြင်းပေါ်က ခုန်ဆင်းပြီး ဖေဖေ့ဆီကို အိုင်းရှမ်း တန်းတန်းမတ်မတ် လျှောက်သွားလိုက်သည်။

"အခြေအနေ မကောင်းဘူး၊ ပစ္စည်းတွေကိုညတွင်းချင်းရွှေ့မှဖြစ်မယ်"

"ဘာဖြစ်လို့လဲ"

"သက်ဆိုင်ရာက လိုက်လာနေပြီ"

ဒီလောက်ဆို အိုင်းရှမ်း သဘောပေါက်ပြီ။





"မောင်ပိန်"

"ဗျာ ... မမ"

"ရှိသမျှလူတွေ အကုန်လုံး စုလိုက်စမ်း"

အိုင်းရှမ်း စတင်လှုပ်ရှားပြီ။

ပစ္စည်းတွေရဲ့ တန်ဖိုးက နည်းနည်းနောနောမဟုတ်။

သက်ဆိုင်ရာ လက်ထဲကို အပါမခံနိုင်။

လွတ်အောင်တော့ ရှောင်တိမ်းရတော့မှာပဲ။

"သမီး အိုင်းရှမ်း"

"ရှင် ... ဖေဖေ"

"သက်ဆိုင်ရာက သတင်းရလို့ လိုက်လာတာတဲ့"

"ဟုတ်လား"

"ဖေဖေကတော့ ရန်စေးထန်တို့ အဖွဲ့ကို မသင်္ကာဘူး"

"ဟင်"

"ဖေဖေ့ကို အပြုတ်တိုက်ဖို့ ဒီကောင်တွေ အကွက်ချောင်းနေတာလေ"

အိုင်းရှမ်း သည်အချက်ကို ခုမှ စဉ်းစားမိသွားသည်။

ရန်စေးထန် ...

ဖေဖေ့ရဲ့ စီးပွားရေးပြိုင်ဘက် ...

ဖေဖေ့ရဲ့ အရှိန်အဝါတွေကို သည်နယ်မြေမှာ အရှုံးပေး ဆင်းသွားအောင် တစ်ချက်တည်းနဲ့ အပြုတ်တိုက်ချင်နေတဲ့လူ။



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေ အပုံတိုက် ရောက်လာတာကို ရန်စေးထန် သိသွားပြီး တစ်ဖက်လှည့်နဲ့ သက်ဆိုင်ရာကို သတင်းပေးလိုက်တာ နေမှာပေါ့။

ကဲ ... ဒါဆို အိုင်းရှမ်း ဘာလုပ်မလဲ။

နံပါတ်တစ် အရေးကြီးတာ လုံခြုံစိတ်ချသောကင်းတဲ့ နေရာကို ပစ္စည်းတွေ ရွှေ့နိုင်ဖို့။

နံပါတ်နှစ် အရေးကြီးတာ ရန်စေးထန်နဲ့ မျက်နှာချင်းဆိုင် စာရင်းရှင်းနိုင်ဖို့။

ယုတ်မာတဲ့ ရန်စေးထန်။

တွေ့ကြသေးတာပေါ့။

"သူကတော့ ခပ်တည်တည်ပဲ၊ သူ့ဘာမှမသိသလိုပဲ၊ စခန်းထဲက တဲမှာ သောက်လိုက် စားလိုက်ပဲ"

"အဲဒါ နောက်မှရှင်းမယ်၊ အခုလောလောဆယ် အရေးကြီးတာ၊ စိမ့်ကြီးမြိုင်ရဲ့ အနောက်ဘက် တောထဲကို ပစ္စည်းတွေ အမြန်ရွှေ့ထားလိုက်မှ ဖြစ်တော့မယ်"

"ယော့ကောင်တွေ"

"ဗျာ ... မမ"

"ကျောက်လုံကို ထိပ်တုံးဖြုတ်ပေးလိုက်၊ ပြီးရင် ငါ့ဆီခေါ်လာခဲ့"

လားတန်းအဖွဲ့ခေါင်းဆောင် ကျောက်လုံ။





သူ မပါလို့ မဖြစ်။

သူ မရှိလို့ မဖြစ်။

သူက လမ်းကျွမ်းသည်။

လားတန်းကြီးကို ကောင်းကောင်း ဦးဆောင်နိုင်သည်။

ပြီးတော့ ...

ထွက်ရမှာလည်း ည ...

လပြည့်မို့သာပေါ့။

"ကျွန်တော် ရောက်ပါပြီ မမ"

ကျောက်လုံ ရောက်လာသည်။

ကားမောင်းသမားတွေလည်း ပါလာသည်။

"ပစ္စည်းတွေ တင်မယ်၊ ဒီရွာကနေ အားချင်းထွက်မယ်၊ နောက်ဆယ့်ငါးမိနစ်အတွင်း အားလုံးအဆင်သင့်ဖြစ်အောင် လုပ်ထား"

"စိတ်ချပါ မမ"

"သမီး ကိုယ်တိုင် လိုက်သွားမလို့လား"

"လိုက်သွားမယ် ဖေဖေ"

ကိုယ်တိုင် လိုက်သွားဖို့ အိုင်းရှမ်း ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်းရှမ်းတို့အဖွဲ့တွေရဲ့ လှုပ်ရှားမှုတွေကို အနီးကတ် စောင့်ကြည့်နေတာ ရန့်စေးထန်။

အငြိုးကြီးနေသည်။

အကွက်များနေသည်။

သူ့တုန်းကလည်း ဦးထီးမိုးစံ အနီးကပ် လက် ထောက်ချလိုက်လို့ ဘဝပျက်မတတ် ခံခဲ့ရဖူးတာပဲ။

သည်အခြေအနေ ပြန်ရောက်အောင် ရန့်စေးထန် အသည်းအသန် ပြန်ကြိုးစားလာခဲ့ရတာပါ။

ခုတော့ ...

ထန်းသီးကြွေခိုက် ကျီးနင်းခိုက်။

စိမ့်ကြီးမြိုင်ကို ရောက်နေတုန်း အကွက်ဆိုက်လာ တာ။

လားတန်းကြီးနဲ့ ရောက်လာတဲ့ ပစ္စည်းတွေ။

ဥပဒေက ခွင့်မလွှတ်ထားတဲ့ တားမြစ်ထားတဲ့ ဆေးဝါးပစ္စည်းတွေ။

ရန့်စေးထန် သတင်းပေးလိုက်သည်။

ဦးထီးမိုးစံ ဘာတတ်နိုင်သေးလဲ။

ကိုယ့်အလှည့်မှာ မနွှဲ့စတမ်းလေ။

သည်လောကကြီးက ကြွေတစ်လှည့် ကြက်တစ်ခုန် ပဲ။





"ဆရာ"

"ပြောလေကွာ"

"သူတို့ ပျာယာခတ်နေကြပြီ"

"မသိချင်ဟန်ဆောင်နေ၊ ဝင်မပါနဲ့၊ သွားမစပ်စုနဲ့"

ရန့်စေးထန် ...

အကွက်မိသည်။

အကွက်စေ့သည်။

လျှင်သလားတော့ မမေးနဲ့ ...

သူ့လူတွေကို တိတ်တိတ်လေး လွှတ်ထားပြီးသား။

သူကတော့ ...

ဖဲရိုက်မပျက် ...

ပိုက်ကာဒေါင်းနေသည်။

သူ ဘာမှမသိတဲ့ အပေါက်မျိုး ချိုးနေသည်။

သူ့လူတွေနဲ့ သူ့အဖွဲ့သားတွေနဲ့ ...

အသောက်မပျက်၊ အစားမပျက်။

"လုပ်"

"လုပ်"

"မြန်မြန်လုပ်"

လားတန်းကြီး အဆင်သင့် ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ညတွင်းချင်း ရွာကနေ ခြေရာပျောက် ထွက်ကြတော့မည်။

မောနေတာ အိုင်းရွှမ်း။

"ထွက်ကြမယ်ဟေ့"

"ထွက်"

"ထွက်"

သောကဗျာပါဒတွေနဲ့ ကျန်ခဲ့တာ ဦးထီးမိုးစံ။

အိုင်းရွှမ်းကတော့ အဖွဲ့ကို ဦးဆောင်ပြီး ထွက်သွားပြီ။

စိုင်းစက္က ...

အမှောင်ထုအောက်ကနေ အခြေအနေကို စောင့်ကြည့်နေသည်။

စိမ့်ကြီးမြိုင်ချောင်းကို ကားတန်းကြီး ဖြတ်လာသည်။

စုစုပေါင်း သုံးဆယ့်ခြောက်ကောင်တိတိ။

ပစ္စည်းတွေ အပြည့်အသိပ်နဲ့ ...

လားတန်းထိပ်ဆုံးမှာ ...

အိုင်းရွှမ်းပေဒါ ...

လရောင်ကြောင့် ထင်းခနဲ မြင်လိုက်ရသည်။

အမ်ဆယ့်ခြောက်တစ်လက်ကို ပခုံးမှာ သိုင်းလွယ်ထားသည်။

မြင်းညိုကြီးတစ်ကောင်ကို စီးသွားသည်။





"စိုင်း"

"ဟင်"

"လားတွေ များလိုက်တာ"

"ဒီလိုပဲ၊ ဥပဒေနဲ့မကင်းတဲ့ ပစ္စည်းတွေကို ခြေရာဖျောက်သယ်ဖို့ လှုပ်ရှားနေကြတာ"

"လူတွေလည်း အများကြီး"

မမြင်ဘူးတော့ လူးလူး အံ့သြနေသည်။

လူတွေ လားတွေကို ကြည့်ပြီး ရင်ထိတ်နေသည်။

"ဟိတ်"

"မလှုပ်နဲ့"

"ဟင်"

အငိုက်မိသွားတာ စိုင်းစက္က။

အမှောင်ထဲက ရောက်လာတဲ့ သေနတ်သမားတွေ။

"ဝိုင်းထားဟေ့"

"မလွှတ်စေနဲ့"

လားမောင်းသမားတွေရဲ့ အော်သံတွေ ဆူညံသွားသည်။

လားတန်းကြီးရဲ့ လုံခြုံရေးအတွက် ဘေးဝဲယာကနေ ပန်းလိုက်လာတဲ့အဖွဲ့."

"ဘယ်သူလဲ"

www.burmeseclassic.com



"ဘယ်သူလဲ"

အိုင်းရှမ်း မြင်းနဲ့ပြန်လှည့်လာသည်။

စိုင်းစက္ကကို မြင်တော့ အံ့သြသွား၏။

"ဟင် ... စိုင်းစက္က"

အိုင်းရှမ်း စိုင်းစက္ကကို နာကြည်းသွားသည်။

"သူတို့နှစ်ယောက်ကို ဖမ်းခေါ်ခဲ့"

ရန်စေးထန် အားကိုးထားတဲ့ စိုင်းစက္က။

ပြီးတော့ ...

ရင်စေးထန်ရဲ့ အသည်းနှလုံး၊ လူးလူးဆိုတဲ့ ကောင်မလေး။

သူတို့နှစ်ယောက်ကို ကိုင်လိုက်ရင် ရန်စေးထန်ကို ကိုင်လိုက်တာနဲ့ အတူတူပဲဆိုတာ အိုင်းရှမ်း ချက်ချင်းသဘော ပေါက်သွားသည်။

"ဟင်"

စိုင်းစက္က ဘယ်လိုမှ လှုပ်လို့မရတော့။

လူးလူး ပါနေသည်။

အိုင်းရှမ်း ရက်စက်ပြီ။

သေနတ်သမားတွေက စိုင်းစက္ကကို ဝိုင်းထားသည်။

ဓားဘိုင်တွေ အမ်ဆယ့်ခြောက်တွေ ကိုင်ထားသည်။

"လိုက်ခဲ့"





"လုံးဝလှုပ်ဖို့ မကြိုးစားနဲ့"

စိုင်းစက္က စိတ်လျှော့လိုက်သည်။

လူးလူး ...

မျက်နှာငယ် ပေးကို ငယ်လို့။

ဿ ဿ ဿ



www.burmeseclassic.com

## အခန်း(၁၁)

"ဝေါ"

"ဝေါ"

လေတွေ အဆက်မပြတ် တိုက်နေသည်။

သစ်ပင်ကြီးတွေ ယိမ်းထိုးလှုပ်ရှားနေသည်။

တောင်ခါးပန်း အတက်မှာတော့ တရွေ့ရွေ့သွားနေတဲ့ လားတန်းကြီး။

"မြန်မြန်သွားကြ"

"ဘေးကို သတိထား"

"ရွာမှာ လမ်းကျဉ်း ရောက်တော့မယ်"

"လားတွေ မကျစေနဲ့"





တစ်ယောက်တစ်ပေါက်၊ အော်ကြဟစ်ကြနဲ့ သတိပေးတဲ့ အသံတွေ ပေါ်ထွက်လာသည်။

ကံကောင်းသွားတာက ...

လရောင်က ထိန်ထိန်သာနေလို့။

လမ်းကို ကောင်းစွာ မြင်နေရသည်။

"ဟော့ကောင်ေ... မြန်မြန်သွားစမ်း"

ကြီးမိုက်ကြီးတစ်ယောက် ...

စိုင်းစက္က နောက်ကနေ အော်နေသည်။

"အေးဆေးပေါ့ဗျာ"

"အူတူတူလုပ်ဖို့တော့ မစဉ်းစားနဲ့နော်၊ ငါတို့ သေနတ်ထဲက ကျည်ဆန်တွေက ကွန်မြူးသမားတွေ ဘာတွေ သိပ်ဂရုစိုက်နေမှာ မဟုတ်ဘူး"

"ခင်ဗျားတို့ အခု ဘယ်ကိုသွားနေတာလဲ"

"မသိဘူး"

"ဗျာ"

"မင်း မေးစရာအကြောင်း ဘာမှမရှိဘူး"

ဖြေပုံက ခပ်ပြတ်ပြတ်။

ပြေပြေလည်လည် ဆက်ဆံမှုပုံ လုံးဝမရှိ။

"စိတ်ရှည်စမ်းပါ ဆရာသမားရယ်၊ တစ်ခရီးတည်း အတူသွားနေကြတဲ့ လူတွေပဲဥစ္စာ"

www.burmeseclassic.com



"မမေးနဲ့ကွာ၊ ဒီမှာ မောရတဲ့ကြားထဲ"

နောက်တစ်ယောက်က ကြားထဲကနေ ဖြတ်ဝင်ပြောလိုက်ခြင်းဖြစ်သည်။

"သိချင်လို့ မေးတာပါဗျာ၊ ဒီတောင်ပေါ်ကို တစ်ခါမှ မရောက်ဘူးလို့ မေးတာပါ"

"မသိလို့ မေးတာပဲကွာ၊ ဖြေလိုက် ဖြေလိုက်"

နည်းနည်း သဘောကောင်းမယ်လို့ ထင်ရတဲ့ နောက်တစ်ယောက်ဆီက အသံ။

ရှေ့က ခပ်လှမ်းလှမ်းမှာတော့ ...

အိုင်းရှမ်း ...

သူ့မက မြင်းနဲ့ ...

လူးလူးကို သူ့မနောက်မှာ တင်ခေါ်သွားတာကိုပဲ စိုင်းစက္က ကျေးဇူးတင်နေရသေးသည်။

"ကဲ ... မသိရင် မှတ်ထား"

ဖြေတော့လည်း ဆောင့်ဆောင့်အောင့်အောင့်။

"ဒီတောင်ဟာ နတ်ဘုရားတောင်လို့ ခေါ်တယ်၊ ဒီနားမှာ တောင်သုံးလုံး ဆိုင်နေတယ်၊ နတ်ဘုရားတောင်၊ မိုးထိတောင်နဲ့ နွားလပို့တောင်၊ အဲဒီအထဲမှာ မိုးထိတောင်က အမြင့်ဆုံးပဲ၊ တို့သွားမှာ မိုးထိတောင်ဘက်အခြမ်း"

"အဲဒီမှာ ဘာရှိလဲ"





"ငါတို့အဖွဲ့ရဲ့ လျှို့ဝှက်စခန်း ရှိတယ်၊ ပစ္စည်းတွေ အဲဒီကို သွားပို့မလို့"

ဖြေမဲ့ ဖြေတော့လည်း အမှန်အတိုင်း။

"ရောက်ခါနီးပြီလား"

"လိုသေးတယ်၊ မနက်မိုးလင်းမှ ရောက်မှာ"

"လမ်းက အရမ်းဆိုးတယ်နော်"

"ဒါ ကောင်းသေးတယ်၊ ရှေ့က ဝါးရုံတောစခန်းကို ရောက်မှ လျှာထွက်အောင် တက်ရပြီမှတ်"

"ဆေးလိပ်သောက်ချင်တယ်ဗျာ"

"ရော့"

အပေးအယူတော့ နည်းနည်းတည့်လာသည်။

နောက်ကလူသည် စိုင်းစက္ကကို စီးကရက်တစ်လိပ် လှမ်းပေးနေသည်။

"ခင်ဗျားက ဘာလဲ၊ ကွန်မြူးသမားလား"

"နည်းနည်းပါးပါးပါ"

"ဘခက်နဲ့ ဆေဝ့်မလို့၊ စိမ့်ကြီးမြိုင်ကို ရောက်တာလာဆို"

"အင်း ... ဟုတ်တယ်၊ လက်ရည်စစ်ကြည့်မလားလို့"

"ခင်ဗျား ... ရှုံးမှာပဲ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဘခက်က ကြမ်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ရော"

"ညစ်ပတ်တယ်"

အသံတော့ နည်းနည်းတိုးသွားသည်။

ရှေ့မှာ အိုင်းရှမ်း ရှိနေသည်။

သူမ ကြားသွားလို့ မဖြစ်။

လားတန်းကြီးကတော့ တောင်ကြောမကြီးရဲ့ အောက်ဘက်ကို စိုက်ဆင်းနေကြပြီ။

"ဝေါ"

"ဝေါ"

"ရေကျသံတွေ ကြားတယ်၊ ရှေ့မှာ ချောင်းရှိလား"

"ရှိတယ်"

"ဘာချောင်းလဲ"

"ငှက်ဆိုးချောင်း"

"ရှေ့မှာ အားလုံးနားမယ်ဟေ့"

"နားမယ်"

"နားမယ်တဲ့"

အသံတွေ ဆူသွားသည်။

အားလုံး ပျော်ရွှင်သွားသည်။

ငှက်ဆိုးချောင်းမှာ အားလုံးနားကြပြီ။

အိုင်းရှမ်း ရောက်လာသည်။



"စိုင်းစက္က"

"ဟင်"

"အိုင်းရှမ်းတို့ကိစ္စထဲမှာ ဝင်မရှုပ်ပါနဲ့"

နှုတ်ခမ်းတွေက တင်းနေသည်။

မျက်လုံးတွေက ခက်ထန်နေသည်။

"ကိုယ် ဘာလုပ်မိလို့လဲ"

"ရန်စေးထန် လက်ထောက်ချလိုက်လို့ ပစ္စည်းတွေကို ညတွင်းချင်း နေရာပြောင်းနေရတာလေ"

"အဲဒါ ကိုယ် လုံးဝမသိဘူး အိုင်းရှမ်း"

"ရှင် မလိမ်နဲ့"

အိုင်းရှမ်း အသံက သိသာစွာ ကျယ်လောင်သွားသည်။

"ကိုယ်"

"ရှင် ဆက်မပြောနဲ့ စိုင်းစက္က၊ ရှင်တို့အားလုံး အတူတူပဲ၊ အိုင်းရှမ်းတို့အဖွဲ့ရဲ့ လှုပ်ရှားမှုတွေကို ရှင်တို့ စောင့်ကြည့်နေတာ၊ လက်ပူးလက်ကြပ်မိတော့မှပဲ အိုင်းရှမ်း သိတော့တယ်၊ ရှင်ဟာ ရန်စေးထန်နဲ့ တစ်ကြိတ်တည်း တစ်ဆက်တည်းပဲ"

"မဟုတ်ဘူး အိုင်းရှမ်း"

www.burmeseclassic.com



လူးလူးကတော့ ထုံးစံအတိုင်း အိုင်းရွှမ်းကို ကြောက်နေပြီ။

ရန်စေးထန်ကြောင့် လူးလူးတို့ကို မဲမှာ စိုးရိမ်နေပြီ။

စိုင်းစက္က နောက်မှာ လူးလူး ဝင်ရပ်နေသည်။

ငေးကြောင်ဖြူဆုတ်နေတဲ့ မျက်လုံးတွေနဲ့ အိုင်းရွှမ်းကိုပဲ ငေးစိုက်ကြည့်နေသည်။

"မယုံဘူး ... ရှင့်ကို အိုင်းရွှမ်း မယုံတော့ဘူး"

အိုင်းရွှမ်း ...

မျက်နှာ နီမြန်းသွားသလိုပင်။

ပြီးတော့ ...

အိုင်းရွှမ်း တစ်ကိုယ်လုံးလည်း လှုပ်ခါသွားသည်။

"ယောကောင်တွေ"

"ဗျာ ... မမ"

"ခဏနားပြီးရင် ရှေ့ကို ဆက်ထွက်မယ်၊ အချိန်ဖြုန်းလို့ မဖြစ်ဘူး"

သူ့လူတွေကို လှည့်အော်လိုက်သေး၏။

"စိုင်းစက္ကကို ထိန်းထား၊ အလွတ်မပေးနဲ့"

မှာပြီး ချာခနဲ လှည့်ထွက်သွားသည်။

"ကြားလား ကိုယ့်လူ"



"ကြားပါတယ်"

"ရုတ်ရုတ် ရုတ်ရုတ်လုပ်ဖို့ မကြိုးစားနဲ့နော်၊ အိုင်းရွှမ်းက သူများနဲ့တူတာ မဟုတ်ဘူး၊ ဒါ သူ့စိတ်ကို လျှော့ထားတာ၊ အရင်က စိတ်မျိုးသာဆိုရင် ကိုယ့်လူကို ချောင်းထဲ မျှောချပစ်လိုက်ပြီ"

"ကြမ်းသလားတော့ မမေးနဲ့"

"ခင်ဗျားလို ကွန်မြူးသမားလောက်ကို ဝါးစားပစ်လိုက်မယ် ဘာမှတ်လဲ"

စိုင်းစက္က ...

ပခုံးနှစ်ဖက်ကို ဆတ်ခနဲ တွန့်ပစ်လိုက်သည်။

စိုင်းစက္ကကို အိုင်းရွှမ်း လူတွေက ခြိမ်းခြောက်နေလိုက်ကြတာ။

ပြီးတော့ ...

သေနတ်ပြောင်းတွေနဲ့လည်း စိုင်းစက္ကကို ဝိုင်းချိန်ထားကြသေးသည်။

"လူးလူး"

"ဟင် ... စိုင်း"

"မကြောက်နဲ့နော်"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



စိုင်းကတော့ လူးလူးကို အားပေးနေသည်။

လူးလူး နေလို့ရနေတာ ...

အနားမှာ စိုင်းတစ်ယောက်လုံး ရှိနေလို့။

"ကိုယ်တို့နှစ်ယောက်ကို ဘာသဘောနဲ့ အိုင်းရှမ်း ခေါ်လာတာလဲ မသိဘူး"

"ရန်စေးထန်ကို အကျပ်ကိုင်ချင့်လို့ ခေါ်လာတာ ဖြစ်မှာပေါ့ စိုင်းရဲ့"

"အင်းနော်"

"လူးလူးတို့ ပျောက်သွားတာ သိရင် ရန်စေးထန် စိတ်ပူနေတော့မှာပဲ"

"ဟိတ် စကားများမနေကြနဲ့၊ အားလုံးပြန်ထွက်ကြတော့မယ်"

လူတွေ လှုပ်လှုပ်ရွရွ ပြန်ဖြစ်နေကြပြီ။

"ထွက်ထွက်မယ်"

"ထွက် ... ထွက်"

"ဟေး"

"ဟေး"

လားတွေကိုမောင်းတဲ့ အသံတွေနဲ့ ငှက်ဆိုးချောင်းတစ်ဝိုက်မှာ ဆူညံသွားသည်။





ချောင်းကို ဖြတ်ကြပြီ။

လားတွေ ချောင်းရေထဲကို တအိအိနဲ့ ဆင်းနေကြသည်။

ရေက ပေါင်လယ်လောက်အထိပဲ ရှိသည်။

မိုးတွင်းဆိုရင်တော့ ...

ရေအကျကြမ်းလာပြီး ဘယ်သူမှ မဖြတ်ရဲတော့တဲ့ ငှက်ဆိုးချောင်း။

မိုးလင်းတော့မည်။

"ကျို"

"ကျလီ"

ငှက်ကလေးတွေ အိပ်တန်းထ,လာကြပြီ။

"ဒိုင်း"

အာရုဏ်ဦးကို ဆူညံသွားစေတဲ့ သေနတ်သံ။

"ဟာ"

"လုံခြုံရေးတပ်ဖွဲ့တွေ လိုက်လာပြီ"

"ဒိုင်း"

"ဒိုင်း"

"သေစမ်း"

အိုင်းရှမ်း မျက်လုံးတွေ ကျယ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အိုင်းရှမ်း စိတ်တွေ ယောက်ယက်ခတ်သွားလေသည်။

လားတွေ ...

လူတွေ ...

ဖရိုဖရဲ ဖြစ်သွားသည်။

ပြေးတဲ့လူပြေး၊ ပုန်းတဲ့သူပုန်း ဖြစ်ကုန်ကြသည်။

ငှက်ဆိုးချောင်းကို ဖြတ်လိုက်လာတဲ့ သက်ဆိုင်ရာနယ်မြေလုံခြုံရေးတပ်ဖွဲ့တွေ။

"အင်အားများတယ် အိုင်းရှမ်း"

"ဘယ်လိုလုပ်မလဲ"

"ဒုက္ခပဲ"

အသက်သေမှာကို အိုင်းရှမ်း မကြောက်။

ပဲ့စည်းတွေ ဖမ်းမိသွားမှာကိုပဲ စိုးရိမ်ထိတ်လန့်သွားသည်။

"ဒိုင်း"

"ဒိုင်း"

"ဒက်"

"ဒက်"

ကျည်ဆန်တွေ တရကြမ်း ဖြတ်သန်းနေသည်။



အိုင်းရှမ်း စီးလာတဲ့ မြင်းတောင် ကျောက်တုံးကြီးကွယ်နေတဲ့ နေရာကို ဖျတ်ခနဲ ရောက်သွားလို့။

"လူးလူး"

လူးလူးဆီကို အရောက်ပြေးလာတာ စိုင်း။

စိုင်းစက္က။

"ဒိုင်း"

လူးလူး ထိတ်လန့်နေသည်။

အိုင်းရှမ်းက ပခုံးမှာ လွယ်ထားတဲ့ သေနတ်ကို ဖြုတ်ယူလိုက်ပြီး လက်မှာ အသင့်ကိုင်ထားသည်။

"ဒိုင်း"

"ဒိုင်း"

ကျည်ဆန်တွေက ကျောက်တုံးကြီးကို တဖွဲဖွဲ ထိမှန်နေသည်။

"ဘယ်လိုလုပ်မလဲ အိုင်းရှမ်း၊ လုံခြုံရေးတပ်တွေက အင်အားများတယ်"

ခုခံဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တော့။

"ဒိုင်း"

"ဟိုး"

"ဟိုး"

www.burmeseclassic.com

www.burmeseclassic.com



သေပြီ။

အိုင်းရှမ်း စီးထားတဲ့ မြင်းကြီးကို သေနတ်ကျည်တွေ ထိသွားပြီ။

မြင်းကြီး ခွေခနဲ ပစ်လဲကျသွားသည်။

မြင်းကြီးပေါ်က အိုင်းရှမ်း ဘာမှမတတ်နိုင်။

မြေပြင်ပေါ်ကို လူးလူးနဲ့ အိုင်းရှမ်း ဒလိမ့်ခေါက်ကွေး ပြိုင်တူပြုတ်ကျလာသည်။

"လူးလူး"

လူးလူးကို အချိန်မီ ဖမ်းထိန်းလိုက်တာ နိုင်းစတွေ။

အိုင်းရှမ်းက ...

လျင်သည်။

သွက်သည်၊ မာသည်၊ ခံနိုင်ရည်ရှိသည်။

မြေပြင်ပေါ် ရောက်သည်နှင့် အိုင်းရှမ်းသည် အသင့်နေရာယူထားပြီးနေပြီ။

"ဒိုင်း"

"ဒိုင်း"

"ဒက်"

"ဒက်"

တိုက်ပွဲက ကြမ်းနေသည်။





အိုင်းရှမ်း လူတွေ တစ်ယောက်ပြီး တစ်ယောက် ကျနေသည်။

ကျောက်လှိုနဲ့ မောင်ဟန် ...

အိုင်းရှမ်းနားကို ရောက်လာသည်။

"မရတော့ဘူး မမ"

"သူတို့ဘက်က အင်အား အရမ်းများနေပြီ"

"သတ်မယ်"

"ရန်စေးထန်ကို သတ်မယ်"

"သင်းကြောင့်"

အိုင်းရှမ်း ဒေါသတွေက တကယ့်ကို အထွတ်အထိပ်။

ပစ္စည်းတွေ လားတွေ အသိမ်းခံလိုက်ရပြီ။

သူ့လူတွေ အဆုံးရှုံးခံလိုက်ရပြီ။

အိုင်းရှမ်း မသေချင်သေး။

ရန်စေးထန်ကို တွေ့ချင်သေးသည်။

စိမ့်ကြီးမြိုင်ကို အလွတ်ရုန်းပြီး ပြန်ရောက်နိုင်ဖို့ အရေးကြီးနေသည်။

"တောင်ကြောကို ဖောက်ထွက်မှရမယ် မမ"

လမ်းကျွမ်းတဲ့ ကျောက်လှို ...



www.burmeseclassic.com

www.burmeseclassic.com



ပစ်အားမရှိတဲ့ဘက်ကို ဖောက်ထွက်ဖို့ ကြိုးစားနေသည်။

လမ်းအခြေအနေကို ကြည့်နေသည်။

တစ်ဖက်မှာ ချောက်ကြီး ...

"ကြိုးနဲ့ဆင်းမယ်"

"မြန်မြန်လုပ်"

"အချိန်မရှိတော့ဘူး"

"ဒိုင်း"

"ဒိုင်း"

အသက်လုပြီး ပြေးခဲ့ရတဲ့ အိုင်းရှမ်း။

ပစ္စည်းတွေ လားတွေ အကုန်ထားခဲ့ရပြီ။

တစ်ချက်တည်းနဲ့ သိန်းထောင်ချီပြီး ဆုံးရှုံးခဲ့ရပြီ။

အဲဒါ ရန်စေးထန်ကြောင့် ...

ရန်စေးထန် သတင်းပေးလိုက်လို့ ...

ရန်စေးထန် သစ္စာမဲ့လိုက်လို့ ...

စိုင်းစက္ကနဲ့ လူးလူး ....

အိုင်းရှမ်း လက်ထဲမှာ ပိတ်မိနေသည်။

အိုင်းရှမ်း ဒေါသတွေက ကြီးမားနေသည်။

မည်းမည်းမြင်ရာ အကုန်ပစ်သတ်ချင်နေသည်။





တောင်ခါးပန်းစောင်းကနေ ကြိုးနဲ့ဆင်းလိုက်တော့ လှိုဏ်ကြီးတစ်ခုထဲကို ရောက်သွားသည်။

လှိုဏ်ကြီးက မိန်းပိတ်အောင် နက်နေသည်။

လမ်းစပျောက်နေသည်။

အားလုံးစုစုပေါင်း လူရှစ်ယောက်။

အိုင်းရှမ်းတို့က ခြောက်ယောက်။

လူးလူးနဲ့ စိုင်းစက္ကတို့က နှစ်ယောက်။

စိုင်းစက္ကကို ရှေ့ဆုံးမှာ ထင်ထားသည်။

စိုင်းစက္က နောက်မှာ လူးလူး ...

လူးလူး နောက်မှာ အိုင်းရှမ်း ...

ထွက်ပြေးဖို့ ကြိုးစားလို့ကတော့ အိုင်းရှမ်း အသေပစ်ပြီပဲ။

ဘယ်သူ့ကိုမှ အိုင်းရှမ်း ညှာတော့မှာမဟုတ်။

အိုင်းရှမ်း ...

ညစ်နေပြီ။

အိုင်းရှမ်း စိတ်ရိုင်းဝင်နေပြီ။

မြေကလည်းကြမ်း ...

တောကလည်းကြမ်း ...

အသက်ဘေးက လွတ်လာတာ လူရှစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းစက္ကူနဲ့ လူးလူးကလွဲရင် အားလုံး လက်နက်တွေ ကိုယ်စီနဲ့ ...

ကျောက်လုံလည်း ဘာမှမတတ်နိုင်။

"ကျောက်လုံ"

"ဗျာ"

"တို့ ဘယ်နေရာကို ရောက်နေပြီလဲ"

"ညောင်သုံးပင်စခန်း"

တောင်သုံးလုံး ဖိုခနောက်ဆိုင် တည်နေတဲ့ အလယ် ဗဟိုကြောအောက်တည့်တည့်နေရာ။

"နားမယ်ဆိုရင် နားလို့ရတယ် မမ၊ ကျွန်တော်တို့နောက် ကို ဘယ်သူမှ လိုက်မလာတော့ဘူး"

"နားမယ်"

အကောင်းဆုံး နေရာတစ်ခုကို ကျောက်လုံကပဲ ရွေးလိုက်သည်။

ညကတစ်ညလုံး ဘယ်သူမှ မအိပ်ခဲ့ကြရ။

နုံးခွေနေကြပြီ။

ခြေကုန်လက်ပန်း ကျချင်နေကြပြီ။

"မောင်ပိန့်"

"ဗျာ ... မမ"





"အားလုံးစားဖို့ တစ်ခုခု စီစဉ်စမ်း"

နောက်ဆုံးတော့ ...

စားဖို့စောင့်ရင်း ဗိုက်ဆာဆာနဲ့ အားလုံးအိပ်ပျော် သွားကြသည်။

နာရီကိုကြည့်လိုက်တော့ မနက်ခုနစ်နာရီတိတိ။

နေရာက ...

ညောင်သုံးပင်စခန်း။

ꩭ ꩭ ꩭ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

စိုင်းစက္က ...

အိပ်မပျော်ပါ ...

အိပ်လို့လည်း မရပါ။

အခြေအနေကို ကြည့်လိုက်တော့ လူရှစ်ယောက်မှာ သုံးယောက်က မအိပ်။

ချက်ဖြုတ်နေသည်။

စားဖို့အတွက် စီစဉ်နေသည်။

လူးလူးနဲ့ အိုင်းရှမ်းကတော့ ကွက်လပ်တစ်ခုမှာ နှစ်ယောက် အတူတူ အိပ်ပျော်နေသည်။

"ဟေ့ လူတွေ"

"ဟင်"





အသံကြားတာနဲ့ သူတို့သေနတ်ပြောင်းတွေက စိုင်းစက္ကဘက်ကို လှည့်ထားပြီးသား။

"ခင် ... ခင်ဗျား မအိပ်ဘူးလား"

အိုင်းရှမ်းက မှာထားသည်။

မညာနဲ့တဲ့။

ပြဿနာရှာရင် အသေပစ်သတ်လိုက်တဲ့။

အဲလို ... အဲလို ...။

"အိပ်လို့ မရဘူး၊ ကျောအောက်က ရှစိ ရှစိနဲ့"

"ဒီဘက်ကို မလာနဲ့နော်၊ အဲဒီမှာပဲနေ"

"ကျုပ်ကိုယုံပါဗျာ၊ ထွက်ပြေးဖို့လည်း မကြိုးစားပါဘူး၊ ပြဿနာလည်း မရှာပါဘူး၊ ကျွတ်တွေလား တီကောင်တွေလား မသိဘူး၊ ကိုယ်ပေါ်ကို တက်တက်လာလို့"

စိုင်းစက္က ညာပြောလိုက်ခြင်း ဖြစ်သည်။

"အကိုက်ခံလိုက်၊ လှုပ်ဖို့တော့ မကြိုးစားနဲ့၊ ဟင်း"

ကျောက်လုံ ...

စိုင်းစက္ကကို အပြတ်ကြိမ်းနေသည်။

**သင်းတို့အဖွဲ့တွေကြောင့် သူတို့ ချွေးပြေးဝက်ပြေး ပြေးခဲ့ရတာ။**

**ရန်စေးထန် လက်ထောက်ချလိုက်လို့။**

**ရန်စေးထန် ယုတ်မာလိုက်လို့။**



www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှုံးသွားတဲ့ ပစ္စည်းတွေအတွက် ဦးထီးမိုးစံ ဘယ်လောက် နှမြောလိုက်မလဲ။

အိုင်းရွှမ်း ...

အသည်းနာနေသည်။

စိတ်ဆင်းရဲ ဒေါသဖြစ်ပြီး အိပ်ပျော်သွားသည်။

"ကျောက်လုံ"

"ဟင်"

အိုင်းရွှမ်း နိုးလာပြီ။

စိတ်တွေ ယောက်ယက်ခပ်နေတော့ အိုင်းရွှမ်း အိပ်လို့မရ။

"စားစရာတွေ ရပြီလား"

"ရပြီ မမ"

"ပေးစမ်း"

စိုင်းစက္ကကို မကျွေး။

အိုင်ရွှမ်း တစ်ယောက်တည်း စားနေသည်။

"စိုင်း"

လူးလူးလည်း နိုးလာသည်။

"ဗိုက်ဆာတယ်"

လူးလူး နှုံးချွေနေသည်။

ခရီးပန်းတဲ့ဒဏ်ကို လူးလူး မခံနိုင်။





"ရော ... နှစ်ယောက်စာ"

ကျောက်လုံ ...

ဆောင့်ကြီးအောင့်ကြီးနဲ့ နှစ်ယောက်စာ လာပေးသည်။

"လူးလူးစား"

"စိုင်းလည်းစားလေ"

တစ်ယောက်ကို တစ်ယောက် ကြင်နာနေသည်။

ယုယနေသည်။

အိုင်းရွှမ်း ပိုစိတ်တိုနေပြီ။

အိုင်းရွှမ်း အသည်းတွေ ကွဲခဲတ်နေပြီ။

လူးလူးကို အိုင်းရွှမ်း မနာလို။

"မြန်မြန်စားကြ၊ အချိန်သိပ်ဆွဲနေလို့ မရဘူး"

အော်ပစ်လိုက်သည်။

အိုင်းရွှမ်း စိတ်ထဲမှာ ဖြစ်နေတာကို စိုင်းစက္ကလည်း သိပါသည်။

အသည်းရိုင်းမလေး ...

မျက်လုံးတွေက ရီဝေကြေကွဲလို့။

နှုတ်ခမ်းတွေက စူတင်းနေသည်။

အသက်ရှူသံတွေက ကြမ်းတမ်း မောဟိုက်နေသည်။

ခဏနေတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ရှစ်ယောက်အဖွဲ့ ပြန်ထွက်ကြပြီ။

ဗိုခနောက်ဆိုင် တောင်သုံးလုံး အလယ်ကြောကို ဖောက်ထွက်နိုင်ဖို့ ကျောက်လုံ ကိုယ်တိုင် ဦးဆောင်လျှပ်ရှားနေသည်။

"အိုင်းရှမ်း"

"ဘာလဲ စိုင်းစက္က"

"လူးလူး ဆက်မလိုက်နိုင်တော့ဘူး"

"ဟင်"

"ခြေထောက်တွေ အရမ်းနာနေပြီတဲ့"

တကယ်လည်း လူးလူး မျက်နှာလေးက ရှုံ့မဲ့နေသည်။

"ပြဿနာပဲ"

အိုင်းရှမ်း စိတ်ဓာတ်ကျသွားသည်။

"ဘယ်လိုလုပ်မလဲ"

"ရှေ့မှာ အတက်တွေချည်းပဲ မမ"

ကျောက်လုံ လှမ်းအော်ပြောနေသည်။

**နတ်ဘုရားတောင် အတက်လမ်းက စမှအစပဲရှိသေးတဲ့ဥစ္စာ။**

**သွားနေတာကလည်း လမ်းမှန်က သွားနေတာ** မဟုတ်။





ဖြတ်လမ်းက တက်နေတာ။

လမ်းက ဆိုးသည်။

ဆူးတောကြီးတွေကို ဆက်တိုက်တိုးရမဲ့လမ်း။

"ကျောက်လုံ"

"ဗျာ ... မမ"

"သူ့ကို အထမ်းလုပ်ပြီး ခေါ်ခဲ့"

အိုင်းရှမ်း အမိန့် ...

မောင်နီတို့အဖွဲ့ နာပြီ။

စောင်ကိုပုခက်လိုလုပ်ပြီး နှစ်ယောက်တစ်ဖွဲ့ တစ်လှည့်စီ ထမ်းခေါ်တော့မှ ခရီးက ပေါက်သွားသည်။

နေ့လယ်လောက်မှာ စိမ့်ကြီးမြိုင်ကို ပြန်ရောက်သွားသည်။

ကြားလိုက်တဲ့ သတင်းဆိုးကြောင့် ဒေါ်သူပုန်ထ, သွားရတာ ဦးထိးမိုးစံ။

"သတ်မယ်"

"သတ်မယ်"

"ရန်စေးထန်ကို အသေသတ်မယ်"

ရန်စေးထန်တဲကို သွားဝိုင်းသည်။

သို့သော် ...

ရန်စေးထန်က မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖွဲ့လုံး ခြေရာပျောက်သွားသည်။

အိုင်းရှမ်း အခံရခက်သွားသည်။

*ဘာဆက်လုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။*

ဦးထီးမိုးစံရဲ့ ဒေါသတွေ နောက်ဆုံးစုပုံရသွားရသူက စိုင်းစက္က။

"မင်းတို့ ငါ့ကို ဒုက္ခပေးဖို့ သက်သက်မဲ့ လိုက်လာကြတာ"

"စိုင်းစက္က ဆိုတဲ့ကောင်နဲ့ ဟိုကောင်မလေးကို ဖမ်း"

"ရန်စေးထန်ကို မသတ်ရရင် အဲဒီနှစ်ယောက်ကို သတ်မယ်"

စိုင်းစက္က ဘာမှမတတ်နိုင်။

သူတို့လက်ခုပ်ထဲက ရေပဲ။

သူတို့က အင်အားကြီးသူတွေပဲ။

စိုင်းစက္ကနဲ့ လှူးလှူးကို တဲတစ်လုံးစီမှာ ခွဲပြီးချုပ်ထားလိုက်သည်။

ဦးထီးမိုးစံ ...

ရန်စေးထန်ကို အနားတစ်ဝိုက်က ရွာတွေမှာ လိုက်ရှာသည်။

ရှာလို့မတွေ့ ...

သတင်းအစအန ပျောက်နေသည်။

တွေ့လို့ကတော့ ပွဲကြီးပွဲကောင်းပဲ။





သူသေ ကိုယ်သေပဲ။

နောက်ဆုံးတော့ ဦးထီးမိုးစံရဲ့ ဒေါသတွေ စိုင်းစက္ကဆီကိုပဲ ရောက်သွားသည်။

"မင်းနဲ့ ရန်စေးထန် ဘာတွေကျိတ်ပြီး တိုင်ပင်ထားသလဲဆိုတာ ပြောစမ်း"

"မတိုင်ပင်ထားပါဘူး"

"ငါ ... ငါ့ပစ္စည်းတွေ ဒီကောင့်ကြောင့် အကုန်ဆုံးသွားရပြီ"

ဒေါသတွေ ...

လောဘတွေ ...

မောဟတွေနဲ့ ဦးထီးမိုးစံ တစ်ယောက်တည်း မီးတောက်နေ၏။

အရှုးမီးဝိုင်း ဖြစ်နေသည်။

အိုင်းရှမ်း ထပ်ရောက်လာသည်။

ဦးထီးမိုးစံ ပြန်ထွက်သွားသည်။

"စိုင်းစက္က"

ကြိုးတွေနဲ့ ချုပ်ထားတော့ စိုင်းစက္က လှုပ်လို့မရ။

"ဘာလဲ"

"အိုင်းရှမ်းကို ခွင့်လွှတ်ပါ"

"ကိုယ့်မှာ ဘာအပြစ်မှ မရှိဘူး အိုင်းရှမ်း"

စိုင်းစက္က အသံက နည်းနည်းတော့ မာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဒီကိုလာတာ ကျားမနိုင်ဘခက်နဲ့ ယှဉ်ဖို့ပဲ၊ အဲဒါ ကိုယ့်ရဲ့အဓိက ရည်ရွယ်ချက်ပဲ"

"ရန်စေးထန်က ရှင်တို့ကို ထားခဲ့ပြီလေ"

"ဟင်"

"ရန်စေးထန်ကို ဘယ်မှာမှ ရှာလို့မတွေ့တော့ဘူး"

"အဲဒါ ကိုယ်မှ မတတ်နိုင်တာ"

"လူးလူးဆီကိုတော့ ရန်စေးထန် လာမှာပဲ"

အိုင်းရွမ်း ရည်ရွယ်ချက်က လူးလူးကို ထိန်းထားဖို့။

"အိုင်းရွမ်း"

"အိုင်းရွမ်း"

"ဟင် … ဘခက်"

ဘခက် ရောက်လာပြီ။

"ရန်စေးထန်တို့ အဖွဲ့ကို တွေ့ပြီ"

"ဘာ"

"ကျောက်တစ်လုံးစခန်းမှာ"

ဘခက် ဝမ်းသာအားရ သတင်းလာပေးနေသည်။

"အဲဒါ ဦးထိးမိုးစံ ကိုယ်တိုင် လိုက်သွားမလို့တဲ့"

အိုင်းရွမ်း မျက်လုံးတွေ အရောင်လက်သွားသည်။

"လိုက်မယ်"

"ငါလည်း လိုက်မယ်"





တစ်ဖွဲ့လုံး အပြင်ဘက်မှာ လူတွေစုရင်း ဆူညံနေသည်။

တစ်ယောက်ကိုတစ်ယောက် အော်ခေါ်နေတဲ့ အသံတွေနဲ့ ပွက်လောရိုက်နေသည်။

ကျောက်တစ်လုံးစခန်း …

စိမ့်ကြီးမြိုင်ရဲ့ မြောက်ဘက်စူးစူးမှာ …

မှောင်နိဒ္ဓစရိုက်သမားတွေ စခန်းချ ကျင်လည်လှုပ်ရှားကြတဲ့ နယ်မြေ။

"အိုင်းရွမ်ကို ဆရာကြီး ခေါ်နေပြီ"

တဲအပြင်ဘက်က အော်နေတဲ့ မောင်ပိန်ရဲ့အသံ။

"လာပြီ"

"လာပြီ"

လူတွေလည်း အဆင်သင့်။

မြင်းတွေလည်း အဆင်သင့်။

စိုင်းစက္ကကိုတော့ အစောင့်တချို့နဲ့ ထားခဲ့သည်။

ဟိုဘက်တဲမှာ လူးလူး။

သူတို့ စဏနေတော့ မြင်းခွာသံတွေ တဖြောင်းဖြောင်းနဲ့ အုပ်စုလိုက် ထွက်သွားသည်။

အဲဒါ အိုင်းရွမ်းတို့ရဲ့ အမှား။



www.burmeseclassic.com

www.burmeseclassic.com



ရန်စေးထန် ရှိနေတဲ့ နေရာကို လျှို့ဝှက်လူတွေက တစ်ဆင့် သတင်းများကြီးကို ပေးလိုက်တာလေ။

သွားပြီ ...

အိုင်းရွှမ်းတို့ ရန်စေးထန်ရဲ့ လှည့်ကွက်ထဲကို ဝင်သွားကြပြန်ပြီ။

"ဒုတ်"

"အင့်"

လူးလူး တဲမှာ စောင့်နေတဲ့ အစောင့်တစ်ယောက်။

အင့်ခနဲ တစ်ချက်အော်ပြီး ရင်ဝမှာ စားတန်းလန်းနဲ့ လဲကျသွားသည်။

ဘယ်သူမှ မသိလိုက်။

သွက်လိုက်တဲ့ ရန်စေးထန်။

စိမ့်ကြီးမြိုင်ရဲ့ ပတ်ဝန်းကျင်မှာပဲ ရှိနေသည်။

လူးလူး တဲထဲကို တိတ်တိတ်လေး ရောက်သွားပြီ။

"လူးလူး"

"ဟင် ... ရန်စေးထန်"

"လူးလူးကို လာခေါ်တာ"

ရုတ်တရက် လူးလူး ဝမ်းသာသွားသည်။

အိုင်းရှမ်းတို့ လက်ထဲမှာ မနေချင်။

သူတို့အုပ်စုက သွေးဆာနေသည်။





ရန်စေးထန်နဲ့ ပတ်သက်နေတဲ့လူတွေ အားလုံးကို အပြတ်ရှင်းချင်နေသည်။

"စိုင်း ... စိုင်းရော"

"သူ့အတွက် မပူနဲ့"

ရန်စေးထန် ...

လူးလူးကို ခေါ်ထုတ်လာနိုင်ခဲ့၍ ဝမ်းသာနေသည်။

စိုင်းစက္ကကတော့ ...

"ဗိုျ့ ... ဟေ့လူ"

"ဘာလဲ"

"ထမင်းဆာပြီဗျ"

တိုင်မှာ မှီပြီးထိုင်နေတဲ့ အစောင့်တစ်ယောက် ... ဓိမ်ပျက်သွားသည်။

"ကျွေးမှာပေါ့ဗျ၊ ဘယ်လိုဖြစ်နေတာလဲ"

ဘုဆတ်ဆတ် ပြန်အော်လိုက်သေး၏။

"ဒီမှာ"

"ပြောလေဗျာ"

"ခင်ဗျားတို့ စခန်းမှာ ဘယ်သူတွေ ကျန်ခဲ့လဲ"

"အကုန်ထွက်သွားပြီ"

"နားအေးသွားတာပေါ့"

"ကိုယ့်လူ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကျုပ်တို့အားလုံး ဆရာကြီးအတွက် စိတ်မကောင်းဖြစ်နေတယ်ဗျာ၊ တစ်ဆိတ်လောက် ကျေးဇူးပြုပြီး ခင်ဗျား ပါးစပ်ကို ပိတ်ထားစမ်းပါ၊ လျှာကြော အကြောမရှည် စမ်းပါနဲ့"

နီကြောင်ကြောင် ဖြစ်နေတဲ့ ဆံပင်တွေကို တဖြင်းဖြင်း ဆွဲကုတ်ရင်း မျက်နှာပေါက်ဆိုးဆိုးနဲ့လူက စိတ်ပျက်လက်ပျက် ပြောနေသည်။

ဟိုဘက်တဲက လူးလူးကို အဲနောက်ဘက်က ဝါးရုံတောတွေထဲကို ဆွဲထုတ်သွားတာ ခုထိ သူ မသိသေး။

"စကားကြောရှည်တာ မဟုတ်ပါဘူးဗျာ၊ ပျင်းလို့ပါ"

"ဟင်း ... အရေးထဲ သူက လာပျင်းနေသေးတယ်"

မျက်နှာက ရှုံ့မဲ့သွားသည်။

တဲတွေးကိုလည်း ထွီခနဲ ပစ်ထွေးလိုက်သေး၏။

"ဟေ့ကောင် ... ချိုကြီး"

"ဟင်"

တဲအပြင်ဘက်က ပြေးဝင်လာတဲ့ လူတစ်ယောက်။

"ဟိုဘက်တဲမှာ ကောင်မလေး မရှိတော့ဘူး"

"ဘာ"

"ငပုကို ဓားနဲ့ပစ်သွားတယ်"





စိုင်းစက္က အံ့ဩသွားသည်။

လူးလူး မရှိတော့ဘူးတဲ့။

အစောင့်ငပုကိုလည်း ဓားနဲ့ပစ်သွားတယ်တဲ့။

ဒါဆို လူးလူးကို ဘယ်သူတွေ ခေါ်ထုတ်သွားတာလဲ။

ရန်စေးထန် ...

ရန်စေးထန် ညာဏ်များလိုက်ပြီလား။

အိုင်းရွမ်းတို့ အဖွဲ့ကို အနံ့ပေးလိုက်ပြီး တစ်ဖက်လှည့်နဲ့ အကြံအဖန် ဝင်လုပ်သွားတယ်။

"ဘယ်လိုဖြစ်တာလဲ"

"ငါလည်း မသိဘူး၊ အခုမှ တဲအေားမှာ ငပု လဲနေတာမြင်လို့ သွားကြည့်တော့မှ ကောင်မလေး မရှိမှန်း သိလိုက်ရတာ"

"အိုင်းရွမ်း ပြန်လာရင် ပြဿနာတက်တော့မှာပဲကွာ"

စိုင်းစက္က ငြိမ်နေလို့ မဖြစ်နိုင်တော့။

လွတ်မြောက်အောင် လှုပ်ရှားရတော့မည်။

အရေးကြီးတာ လက်မှာချည်ထားတဲ့ကြိုး။

နိုင်လွန်ကြိုး။

သူတို့ ပျာယာခတ်နေတုန်း စိုင်းစက္က ကိုးအားသုံးပြီး ကျိတ်ဖြုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရပြီ

စိုင်းစက္က အမြန်လှုပ်ရှားလိုက်သည်။

"ဟိတ်"

"ဟိုလူ ပြေးပြီ"

"ပစ်"

"ပစ်"

"ဒိုင်း"

"ဒိုင်း"

သေနတ်သံတွေ ဆူညံသွားသည်။

ကျည်ဆန်တွေက ဝါးရုံပင်ကြီးတွေကို မတိုးနိုင်။

စိုင်းစက္ကသည် ဝါးရုံပင်ကြီးတွေကြားထဲကို လျင်မြန်သော အရှိန်ဝတစ်ခုဖြင့် ရောက်သွားသည်။

လူးလူးကို ခေါ်ထုတ်သွားနိုင်တဲ့ တစ်ခုတည်းသော လမ်း။

လူးလူး အတွက် စိုင်းစက္က စိတ်ပူနေရပြီ။

ဘယ်ကို ခေါ်သွားမှန်း မသိ။

ဘယ်ကို လိုက်ရမှန်း မသိ။

စိုင်းစက္က နောက်မှာလည်း အိုင်းရှမ်းတို့အဖွဲ့က အစောင့်ထားခဲ့တဲ့လူတွေ လက်နက်ကိုယ်စီနဲ့ တောနင်းလိုက်လာနေသည်။





လူးလူးကတော့ ...

"လွှတ်"

"လွှတ်"

"ရှင် မယုတ်မာနဲ့ ရန်စေးထန်"

"ရှင့်ကို လူးလူး မယုံဘူး"

"ရှင်ခေါ်တဲ့နောက်ကို လူးလူး မလိုက်နိုင်ဘူး"

"ဖြန်း ... ဖြန်း"

"ဟာ"

ရန်စေးထန် မထင်မှတ်ဘဲ လူးလူး ပါးရိုက်တာကို ခံလိုက်ရသည်။

မျက်နှာတွေ ထူပူသွားသည်။

သွေးရောင်တွေနဲ့ မျက်နှာတစ်ခုလုံး ရဲတွတ်သွားသည်။

"မင်း ... မင်းကွာ"

ရန်စေးထန် ရှက်ရှက်နဲ့ တအားဆောင့်တွန်းပစ်လိုက်တော့ ကိုင်းတောကြီးအလယ်မှာ လူးလူး ပစ်ကျသွားသည်။

လူးလူး ဝတ်ထားတဲ့ အင်္ကျီလေးတွေပါ စုတ်ပြဲသွားသည်။

"အို"

မလှုံ့တလုံ ဖြစ်သွားတဲ့ လူးလူး။



www.burmeseclassic.com

www.burmeseclassic.com



ရန်စေးထန်ကိုပဲ နှာကျင်စွာ စိုက်ကြည့်ပစ်လိုက်သည်။

"ရှင် ... ရှင် ..."

"မင်း ငါ့လက်က ပြေးလို့မလွတ်ပါဘူး လူးလူး၊ မင်းကောင်ကို ငါ တမင်ထားခဲ့တာ၊ တစ်ချက်ခုတ် သုံးချက်ပြတ်ပဲ၊ ဟား ဟား ... ထိးမိုးစံလည်း ကွဲပြီ၊ မင်းလည်း ငါ့လက်ထဲကိုရောက်ပြီ၊ မင်းအကောင် စိုင်းစက္ကလည်း ဒေါသဖြစ်ဖြစ်နဲ့ ပစ်သတ်တာ ခံရတော့မယ်၊ ဘယ်လောက်ပိုင်လဲ၊ ရန်စေးထန်တဲ့၊ မပိုင်ရင် ဘာမှမလုပ်ဘူး၊ နားလည်လား"

"ရှင် ... ယုတ်မာတယ် ... ထွီ"

"မင်းကြိုက်သလိုပြော လူးလူး၊ မင်း ဘာပြောပြော ငါခံမယ်၊ အရေးကြီးတာ ငါခေါ်တဲ့နောက်ကို မင်း အေးအေးဆေးဆေး လိုက်ခဲ့ဖို့ပဲ"

"မလိုက်ဘူး ... မလိုက်ဘူး ... အဟင့် ... ဟင့်"

လူးလူး ငိုပြီ။

မျက်နှာလေးပေါ်မှာ မျက်ရည်တွေနဲ့ ချက်ချင်းရွဲနစ်သွား၏။

"ဟေ့ကောင်တွေ၊ သူ့ကိုခေါ်ခဲ့"

အထမ်းသမားတွေ ...





လူးလူးကို ထမ်းခေါ်ဖို့ အဆင်သင့် ဖြစ်နေသည်။

သည်တောင်ကို ရအောင်ဖြတ်ကျော်နိုင်ဖို့ ရန်စေးထန်အတွက် အရေးကြီးနေသည်။

"မြန်မြန်လုပ်ကြဟေ့"

တောကြီးက နက်လာသည်။

ဆူးတောကြီးတွေနဲ့ ပြည့်နေသည်။

သည်ဘက်မှာတော့ ...

စိုင်းစက္က ...

"လိုက်"

"လိုက်"

"မလွတ်စေနဲ့"

"တွေ့ရင် အသေပစ်သတ်"

စခန်းမှာကျန်ခဲ့တဲ့ ရှိသမျှလူကုန် စိုင်းစက္က နောက်ကို တောနင်းလိုက်နေကြပြီ။

စိုင်းစက္ကက လူးလူးကို ရှာသည်။

အိုင်းရှမ်း လူတွေက စိုင်းစက္ကကို ရှာသည်။

တောထဲမှာ ...

တောင်ကြောမကြီးတစ်ခုရဲ့ အတက်တစ်နေရာမှာ။

"ဟင်"

ဖိနပ်လေးတစ်ဖက် ...



www.burmeseclassic.com

www.burmeseclassic.com



လှူးလှူး စီးနေတဲ့ မိနပ်ကလေး ...

သေချာသွားပြီ ...

သည့်လမ်းကနေ လှူးလှူးကို ခေါ်ထုတ်သွားတာ။

စိုင်းစက္က ...

အမြန်နှုန်းကို တင်လိုက်သည်။

ရန်စေးထန် ...

ဘယ်နေရာမှာမှ မနား။

အရေးကြီးတာ တောင်ကြောကြီးကို ကန့်လန့်ဖြတ် ဆင်းနိုင်ဖို့။

အချိန်မရှိတော့ ...

ညနေစောင်းသွားခဲ့ပြီ။





## အခန်း(၁၃)

ပွဲကြမ်းလာတာ ...

အိုင်းရှမ်းဗေဒါ။

အညာခံလိုက်ရတာကို သိပြီး မြင်းတွေအားလုံး ပြန်လှည့်လာသည်။

စိမ့်ကြီးမြိုင်ကို ရောက်တော့ ...

ပိုဆိုးသွား၏။

စိုင်းစက္ကလည်း မရှိတော့။

လှူးလှူးလည်း မရှိတော့။

ယမ်းပုံပေါ် မီးကျတာကမှ သက်သာချင် သက်သာဦးမည်။

အခုဟာက မသက်သာ။



www.burmeseclassic.com

www.burmeseclassic.com



မြင်းတွေနဲ့ သူ့လူတွေနောက်ကို အားချင်းလိုက်ချလာသည်။

"အိုင်းရှမ်း လိုက်လာပြီ"

"ဖြောင်း"

"ဖြောင်း"

မြင်းကြီးတစ်ကောင်ပေါ်မှာ အိုင်းရှမ်း။

"ဟေး"

"ဝေး"

အိုင်းရှမ်း မျက်နှာက နီရဲနေသည်။

ဒေါသတွေနဲ့ အိုင်းရှမ်း ပေါက်ကွဲနေသည်။

"လူးလူးကို ရန်စေးထန် ခေါ်ထုတ်သွားတယ်"

"စိုင်း ... စိုင်းစက္က ဘယ်မှာလဲ"

"သူလည်း အလစ်မှာ ထွက်ပြေးသွားတယ်"

"တော်တော် အသုံးမကျတဲ့ကောင်တွေ"

"ဖြောင်း"

"ဖြောင်း"

မြင်းပေါ်က ခုန်ဆင်းလာပြီး သူ့လူတွေကို ဘယ်ပြန်ညာပြန် တစ်ယောက်ပြီးတစ်ယောက် နားသယ်နားရင်းတွေ ပွင့်ထွက်သွားအောင် အိုင်းရှမ်း လက်စွမ်းပြလိုက်သည်။

"အဲဒါ ညံ့ဦး"





"အဲဒါ အသုံးမကျဦး"

တစ်ယောက်မှ ခေါင်းမဖော်နိုင်။

ဦးထိးမိုးစံလည်း ဖတ်ဖတ်မောလို့။

"ခေါင်းမနားချောင်း ဘက်ကို ဆင်းသွားတာပဲဖြစ်မယ်၊ အဲဒီနေရာကကျော်ရင် ရန်စေးထန် လွှပ်ရှားတဲ့နယ်မြေကိုရောက်ပြီ အိုင်းရှမ်း၊ အဲဒီကို ဆက်လိုက်မယ်"

အန္တရာယ်နယ်မြေ။

ဝင်ပြီးရင် ပြန်ထွက်ဖို့ မလွယ်တဲ့တော။

ပျားကြီးတွေ အုပ်လိုက်ခိုအောင်းနေတတ်တဲ့တော။

ခေါင်းမနားချောင်းသည် အန္တရာယ်နယ်မြေကို အလယ်က ဖြတ်ပြီး တောင်ဘက်ကို စီးဆင်းသွားသည်။

"လိုက်မယ်"

"လိုက်မယ်"

"အားလုံးကို တစ်ယောက်မကျန် ပစ်သတ်မယ်"

မြင်းတွေသုံးလို့ မရတော့။

မြင်းသုံးလို့ ရတဲ့လမ်းက ဆုံးသွားပြီ။

ခြေလျင်လိုက်ရမဲ့လမ်း။

ဆူးတွေ ချုံတွေကို ဖြတ်တိုးရမဲ့လမ်း။

ရှေ့မှာ ...

ကျောက်ဆောင်ကြီးတွေ ...



www.burmeseclassic.com

www.burmeseclassic.com



ကျောက်လွှာပြတ်ကြီးတွေနဲ့ ထူထပ်နေသည်။

သည်လမ်းဟာ ရန်စေးထန် ဖြတ်ဆင်းသွားနိုင်တဲ့ လမ်းပဲ။

"ရှေ့မှာ မီးခိုးတွေ့တယ်"

"ဘာ"

"သေချာတယ်၊ ရှေ့ကတောအုပ်ထဲမှာ အဖွဲ့တစ်ဖွဲ့ စခန်းချနေပြီ"

ဘခက် တွက်တာ မှန်သွားသည်။

ရန်စေးထန် တစ်ကွက်မှားသွားပြီပေါ့။

သည်တော သည်တောင်တွေက ခရီးသွားတွေ ဖြတ်သန်းသွားလာနေကြ လမ်းတွေမှ မဟုတ်တာပဲ။

ရန်စေးထန်အဖွဲ့ကလွဲရင် တခြား ဘယ်အဖွဲ့မှမဖြစ်နိုင်။

စိုင်းစက္ကလည်း မီးခိုးတန်းတစ်ခု ဟိုဘက်တောင်ကြောက တက်လာတာကို တွေ့လိုက်ရသည်။

လိုက်ပြီပေါ့။

တောင်ကြောကို ဖြတ်ဆင်းပြီ။

ကွန်မြူသမား စိုင်းစက္က ...

ခြေလှမ်းတွေက သွက်နေသည်။

ခန္ဓာကိုယ်က ပေါ့ပါးနေသည်။





ရန်စေးထန်အဖွဲ့သည် ချောင်းဖျားထိပ်မှာ ချက်ပြုတ်စားသောက်ဖို့ ပြင်ဆင်နေသည်။

"ပေါ့ကောင်တွေ ... မီးခိုးတွေ သိပ်မထွက်စေနဲ့ကွ၊ ဟိုကောင်တွေ လိုက်လာနေဦးမယ်"

ရန်စေးထန် သတိပေးတာ နောက်ကျသွားပြီ။

"ထင်းတွေက ရေစိုနေလို့ပါ ဆရာရယ်၊ မီးစွဲသွားရင် မီးခိုးမထွက်တော့ပါဘူး"

"မြန်မြန်လုပ်"

"ဟုတ်ကဲ့ပါ၊ ဆရာ"

"လူးလူး ဗိုက်ဆာနေပြီကွ"

အပြင်မှာ မှောင်တော့မည်။

ငှက်ကလေးတွေတောင် အိပ်တန်းတက်ဖို့ တကျွိကျွိ အသံပေးနေကြပြီ။

စိုင်းစက္က ...

ရန်စေးထန် အဖွဲ့ကို မီသွားသည်။

ချောင်းဘေးက ကျောက်တုံးကြီးနားမှာ လူးလူး။

စိတ်ဓာတ်ကျပြီး ခွေခွေလေး လှဲအိပ်နေသည်။

လူးလူးကို လူတစ်ယောက်က ထိုင်စောင့်နေသည်။

ထိုင်စောင့်တဲ့လူ ...

သူလည်း ခရီးပန်းပြီး ငိုက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းစတ္တ ...

ခဲလုံးတစ်လုံးနဲ့ကောက်ပြီး လူးလူး ခြေထောက်တည့်တည့်ကို မှန်အောင်ပစ်ပေါက်လိုက်သည်။

"ဒေါက်"

"ချောက်"

ငိုက်နေတဲ့ အစောင့် မသိလိုက်။

လူးလူး သိသွားသည်။

စိုင်းကို မြင်သွားသည်။

"ဟင်"

လျင်လိုက်တဲ့ စိုင်း ...

သွက်လိုက်တဲ့ စိုင်း ...

အစောင့်တွေ ကြားထဲက သည်အထိ လိုက်လာနိုင်တာကို အံ့သြသွားသည်။

မယုံနိုင် ...

စိုင်း ထွက်ပြေးလွတ်မြောက်လာတာပဲ ဖြစ်ရမည်။

စိုင်း ... စိုင်းရယ် ...

လူးလူး အခြေအနေကို မသိမသာ အကဲခတ်ကြည့်လိုက်သည်။

အစောင့်တစ်ယောက် ...

လူးလူး အနားမှာ အိပ်ငိုက်နေသည်။





လူးလူး အသာလေးထ,လိုက်သည်။

ခြေကိုဖွဖွလေးနင်းပြီး ကျောက်တုံးကြီးဘေးကို လှစ်ခနဲ ပြေးဝင်လိုက်သည်။

မသိ ...

ဘယ်သူမှ မသိလိုက်။

စိုင်းက လူးလူးကို ရင်တထိတ်ထိတ်နဲ့ စောင့်ကြည့်နေသည်။

အစောင့် မမြင်ပါစေနဲ့။

"စိုင်း"

"လူးလူး"

လူးလူးသည် စိုင်းကို ပြေးဖက်ပြီး တအင့်အင့်နဲ့ ရှိုက်ငိုနေသည်။

ပင်ပန်းနွမ်းနယ်နေရှာတဲ့ လူးလူး ...

အားငယ် ထိတ်လန့်နေခဲ့ရတဲ့ လူးလူး ...

ခုတော့ ...

ကယ်တင်ရှင် စိုင်းနဲ့ ပြန်ဆုံတွေ့ရပြီ။

"လူးလူး မငိုနဲ့၊ လူးလူးနားမှာ စိုင်း ရှိနေပြီလေ"

"အဟင့် ... ဟင့်"

လူးလူး ဝမ်းနည်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်သက် စိုင်းနဲ့ ပြန်တွေ့ရတော့မှာ မဟုတ်တော့ဘူးလို့တောင် လူးလူး ထင်ထားခဲ့တာပါ။

"အချိန်မရှိတော့ဘူး လူးလူး၊ ကိုယ်တို့ ဒီနယ်မြေကနေ လွတ်အောင် ပြေးနိုင်မှ ဖြစ်တော့မယ်၊ ကိုယ့်နောက်မှာ လက်နက်အပြည့်အစုံနဲ့ အိုင်းရွှမ်းအဖွဲ့ကလူတွေ တောနင်းလိုက်လာနေကြပြီ"

လူးလူး လက်ကို စိုင်းစက္က ဆွဲယူလိုက်သည်။

ရှေ့မှာ ပိန်းပိတ်အောင် မှောင်တော့မဲ့ တောနက်ကြီးတစ်ခု။

စိုင်းစက္က ဘယ်လမ်းကို ရွေးမလဲ။

စိုင်းစက္က ဘယ်လမ်းကို လိုက်မလဲ။

သည်တော သည်တောင် သည်လမ်းတွေကို စိုင်းစက္က မကျွမ်း ...

ရှေ့မှာ ဘာတွေရှိလဲ စိုင်းစက္က မသိ။

ရှေ့မှာ ဘာတွေဖြစ်မလဲ စိုင်းစက္က ကြိုမတွေးနိုင်။

ရန်စေးထန်သည် သူ့လူတွေနဲ့ ချက်ပြုတ်ဖို့ စီစဉ်ရင်း အလုပ်ရှုပ်နေသည်။

လူးလူး ပျောက်သွားတာကို မသိလိုက်။

"ဟင်"

အစောင့် နိုးသွားသည်။





မျက်လုံးတွေကို အားယူဖွင့်ကြည့်လိုက်တော့ လူးလူး မရှိတော့။

သေပြီ။

ရောဂါပဲ။

"ဆရာ"

"ဆရာ"

"ဘာဖြစ်တာလဲ မောင်စိုး"

"လူးလူး လစ်သွားပြီ"

"ဘာ"

"မရှိတော့ဘူး ဆရာရဲ့"

ရန်စေးထန် မောင်စိုးကို ဆဲတာ မိုးမွှန်သွားသည်။

"လိုက်စမ်း ... ဒီနားတစ်ဝိုက်မှာပဲ ရှိရမယ်"

အားလုံး အလုပ်ရှုပ်သွားသည်။

ကဲ ... မှောင်လာပြီဖြစ်တဲ့ တောကြီးထဲကို ဘယ်လိုလိုက်ကြမလဲ။

စိုင်းစက္က ...

ဒေါင်းမနားချောင်းကို လူးလူးနဲ့ အတူတူ ဖြတ်ကျော်နိုင်ဖို့ ကြိုးစားနေသည်။

ရေစီးသန်သည်။

ရေက နက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တံတားက မရှိ။

"လူးလူးရေ"

"လူးလူး"

"လူးလူး ဘယ်မှာပုန်းနေလဲ"

"လူးလူး ပြေးလို့မရပါဘူး"

"တောထဲမှာ တစ်ယောက်တည်း လျှောက်သွားနေရင် လူးလူး ဒုက္ခရောက်လိမ့်မယ်"

"ဒါ ... ဒါ ... ရန်စေးထန်ရဲ့ အသံ"

"လာ ... လူးလူး"

"ဟင် ... ဘာလုပ်မလို့လဲ"

"ဒီချောင်းကို ရအောင်ဖြတ်မယ်"

"ဘယ်လိုဖြတ်မှာလဲ"

"နွယ်ကြိုးနဲ့ခိုပြီး ဖြတ်မယ်"

"အမယ်လေး"

လူးလူး ထိတ်လန့်သွားသည်။

မျက်နှာလေးပေါ်မှာတောင် သွေးမရှိတော့။

ချောင်းဟိုဘက်သည်ဘက်ကို နှစ်ဖက်ယှက်ပြီးပေါက်နေတဲ့ နွယ်ပင်တွေ။

"ကဲ"

"အို"





လူးလူး ကိုယ်လုံးလေးကို စိုင်းက တအားသိမ်းကျုံးပွေ့ဖက်လိုက်ပြီ။

နှစ်ယောက်တွဲ ...

လူးလူးကလည်း စိုင်း ပခုံးတွေကို တအားဆုပ်ကိုင်ပြီး ပြန်ဖက်ထားသည်။

"လူးလူး မကြောက်နဲ့"

"ဟင်"

"အို"

ရုတ်တရက် ရင်ထဲမှာ အေးခနဲ ဖြစ်သွားသည်။

"ဟာ"

"အင့်"

"အွတ်"

ချုံကြီးတစ်ခုပေါ်ကို နှစ်ယောက်သား လုံးထွေးပြုတ်ကျသွားတာကိုပဲ လူးလူး သိလိုက်သည်။

အနာခံလိုက်တဲ့ စိုင်း။

စိုင်းလက်မောင်းကို သစ်ကိုင်းစတစ်ခုက တအားခြစ်ချလိုက်သလို ဖြစ်သွားတော့ သွေးတွေ ချက်ချင်းထွက်လာသည်။

"စိုင်း"

"စိုင်း"

"လူးလူး ကိုယ့်အတွက် မစိုးရိမ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သွေး ... သွေးတွေ"

"ရတယ် ... ကိစ္စမရှိဘူး"

နှစ်ယောက်သား ဒေါင်းမနားချောင်းရဲ့ ဟိုဘက်ကမ်းကို ကူးနိုင်သွားကြပြီ။

"ဟေး"

"ဟေး"

"ပြေးပြီကွ"

"ဟိုဘက်ကမ်းကို ရောက်သွားကြပြီကွ"

ရန်စေးထန် မြင်သွားသည်။

ရန်စေးထန် သဘောပေါက်သွားသည်။

ချောင်းကို ဖြတ်ကူးသွားတာ နှစ်ယောက်တွဲ။

စိုင်းစက္က ...

တော်တော်သွက်တဲ့လူ ...

သူ ဘယ်လိုလိုက်လာခဲ့ပါလိမ့်။

ဒီလူ့ကို ညှာလို့မရတော့။

"လိုက်"

"လိုက်"

"အားလုံး ဟိုဘက်ကမ်းကို ရောက်အောင်ကူးကြ"

အသံတွေ ဆူသွားသည်။





ရေထဲကို တဝုန်းဝုန်း ခုန်ဆင်းပြီး လက်ပစ်ကူးလိုက်လာနေကြပြီ။

အိုင်းရှမ်းတို့ အဖွဲ့ကလည်း နောက်မှာ ...

ဒေါင်းမနားချောင်းနားကို တရွေ့ရွေ့ နီးကပ်လာနေကြသည်။

"သေချာတယ် ဘခက်၊ ရှေ့မှာ ရန်စေးထန်တို့အဖွဲ့"

အသံတွေ ကြားနေရသည်။

တစ်ယောက်ယောက်နောက်ကို လူအင်အားသုံးပြီး ဝိုင်းလိုက်နေကြတဲ့ အသံတွေ။

"သေချာတယ်"

"သေချာတယ်"

"ရန်စေးထန်"

"သေဖို့သာပြင်ထား"

"ရှင် ... အိုင်းရှမ်း လက်ကနေ ပြေးလို့မလွတ်ပါဘူး"

ဘခက် ...

သူလည်း အိုင်းရှမ်းအတွက် သွေးဆာနေသည်။

လက်စွမ်းပြချင်နေသည်။

သူတို့အဖွဲ့ကို ဒုက္ခပေးသွားတဲ့ ရန်စေးထန်။

"သူ့လူတွေကို ဘာမှမလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရန်စေးထန်ကို အရှင်ရအောင်ဖမ်း၊ တတိတိ နှိပ်စက်ပြီးမှ ငါကိုယ်တိုင် သတ်မယ်"

အိုင်းရှမ်းဇေဒါ ကြမ်းပြီ။

ရန်စေးထန်ရဲ့ လုပ်ရပ်တွေအတွက် ရင်ထဲမှာ မီးဟုန်းဟုန်းတောက်အောင် ခံစားနေရတာ အိုင်းရှမ်း အသိဆုံး။

သည်ပွဲဟာ ...

ရန်စေးထန်နဲ့ အပြတ်ရှင်းရမဲ့ နောက်ဆုံးပွဲ။

လိုက်လာတဲ့ အဖွဲ့တွေ ...

တစက်ကလေးမှ မနားရသေး။

အားလုံးပန်းနေကြပြီ။

အားလုံး ဆာလောင်နေကြပြီ။

"ဒိုင်း"

"ဒိုင်း"

ဘခက် အားလုံးကြားအောင် သေနတ်သံ ပေးလိုက်သည်။

"ဟာ"

ရန်စေးထန်အဖွဲ့ကလူတွေ ...

ကြက်သေ,သေနေသည်၊

အံ့အားသင့်နေသည်။

တစ်ယောက်မှ မလှုပ်နိုင်ကြတော့ ...





တစ်ယောက်မှမလှုပ်ရဲကြတော့။

"ရန်စေးထန်"

"ရန်စေးထန် ဘယ်မှာလဲ"

လူအင့်အားနဲ့ လက်နက်အင်အားသာတဲ့ အိုင်းရှမ်းတို့အဖွဲ့ကို ရန်စေးထန်အဖွဲ့ကလူတွေ ဘယ်လိုမှ မယှဉ်သာ။

"ချောင်းဟိုဘက်ကို ကူးသွားပြီ"

"ဟင်"

လျင်လိုက်တဲ့ ရန်စေးထန် ...

ချောင်းဟိုဘက်ကို ကူးသွားပြီတဲ့ ...

စိုင်းစက္ကနဲ့ လူးလူး နောက်ကို လိုက်တာတဲ့ ...

သတင်းက အတိအကျ ...

ချက်ပြုတ်ရင်း ကျန်နေခဲ့တဲ့ ရန်စေးထန့်လူတွေဆီက ကြားလိုက်ရတဲ့သတင်း ဖြစ်သည်။

"ဘယ်လိုလုပ်မလဲ အိုင်းရှမ်း"

"နှစ်ဖွဲ့ခွဲမယ်၊ တစ်ဖွဲ့က ရန်စေးထန် လူတွေကို ထိန်းထား၊ တစ်ဖွဲ့က ရန်စေးထန် နောက်ကို လိုက်မယ်"

အိုင်းရှမ်း ဆုံးဖြတ်လိုက်ပြီ။

ကမ္ဘာကုန်ကျယ်သရွေ့ ရန်စေးထန် နောက်ကို သူမ လိုက်ရတော့မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အိုင်းရွှမ်း အငြိုးကြီးသည်။

အိုင်းရွှမ်း ရက်စက်သည်။

အိုင်းရွှမ်း ကလဲ့စား ချေတတ်သည်။

ဒါတွေကို ရန်စေးထန် သိသွားစေရမယ်။

"ကဲ ... ဆက်လိုက်မယ်"

ဒေါင်းမနားချောင်းကို ဖြတ်ကျော်ဖို့ အိုင်းရွှမ်း ကိုယ်တိုင် ရှေ့ဆုံးက ထွက်သွားပြီ။

ရှင် ဘယ်ကိုပြေးမလဲ ရန်စေးထန် ...

ဂူတစ်ဂူထဲမှာ ခြသေ့နှစ်ကောင် အောင်းဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တော့ပါဘူး ရန်စေးထန်ရယ် ...

ပြီးကော ...

စိုင်းစက္က ...

အိုင်းရွှမ်းကို ရင်ခုန်စေခဲ့သလို နာကြည်းစေခဲ့တဲ့ စိုင်းစက္က။

လူးလူးမှ လူးလူး ဖြစ်နေသည်။

အခုမှ အိုင်းရွှမ်း သိလိုက်ရတာက လူးလူးသည် ရန်စေးထန်နဲ့ပေါင်းပြီး အိုင်းရွှမ်းတို့အဖွဲ့ကို ဒုက္ခပေးခဲ့ဖူးတဲ့သူရဲ့ သမီးမှန်း အခုမှ အိုင်းရွှမ်း သိလိုက်ရခြင်းဖြစ်သည်။

တစ်ချက်ခုတ် နှစ်ချက်ပြတ် ...

ကျူပင်ခုတ် ကျူငုတ်ပါမကျန်စေရ။





တွေ့ကြပြီ ...

ရာဇဝင်ကြွေးတွေကို ဆပ်ဖို့ ဒေါင်းမနားချောင်းမှာ သူတို့အားလုံး ပြန်ဆုံခဲ့ကြပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

"ဒိုင်း"

"ဒိုင်း"

သေနတ်သံတွေ ဆူညံသွားသည်။

အမှောင်ထဲမှာ ယမ်းခိုးတွေ ဝေသွားသည်။

မည်းမည်းမြင်တိုင်း တအားစွတ်ပစ်နေတာ ဘခက်။

ကျားမနိုင် ဘက်ခက် ...

"ဘခက် ... အရမ်းပစ်မနေနဲ့"

အိုင်းရှမ်း တားလိုက်ရသည်။

အိုင်းရှမ်း လိုချင်တာ ရန်စေးထန်ကို အရှင်လိုချင်တာ။

မစံမရပ်နိုင်အောင် ညှဉ်းပန်းနှိပ်စက်ပြီးမှ သတ်ချင်တာ။





ပြီးတော့ လူးလူး ...

ရန်သူတော်ရဲ့သမီး လူးလူး ...

ရန်စေးထန်နဲ့ တစ်ဖွဲ့တည်း ...

တစ်ကျိတ်တည်း တစ်ဉာဏ်တည်းသမားတွေ။

"မဟုတ်ဘူး အိုင်းရှမ်း၊ ဒီကောင်တွေ ကြောက်သွားအောင် အသံပေးနေတာ၊ မြင်တယ် မဟုတ်လား၊ တစ်ယောက်မှ မလှုပ်ရဲတော့ဘူး အားလုံး ငြိမ်နေကြပြီ၊ ဟား ဟား"

ဘခက် ...

အိုင်းရှမ်း ရှေ့ကို ပြေးတက်သွားသည်။

"ဟောကောင်တွေ၊ မင်းတို့[illegible]ပြီး ထွက်ခဲ့စမ်း"

ဘခက် အမိန့်ပေးနေသည်။

အစိုင်းခံထားရတာ ရန်စေးထန်။

သူ့မှာရှိတဲ့ လက်နက်နဲ့လူက အင်အားနည်းနေသည်။

အိုင်းရှမ်းတို့အဖွဲ့အင်အားကိုကြည့်ပြီး ရန်စေးထန် ဖြုသွားသည်။

"ဟောကောင်တွေ ထွက်ခဲ့လေကွာ"

"ဒိုင်း"

"ဒိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဘခက် ရမ်းနေပြန်ပြီ။

ဘခက် ကြမ်းနေပြန်ပြီ။

ဒါ ဘခက်ရဲ့ ပရိယာယ်။

"ကြောက်ပါပြီဗျ"

"ကျွန်တော်တို့ကို မပစ်ပါနဲ့"

"ဟာ"

ချုံတွေထဲကနေ လက်မြှောက်ပြီး ထွက်လာတဲ့လူတွေ။

အိုင်းရွမ်း ဘခက်ကို ဆက်လန့်သွားသည်။

ဘခက်ကို အထင်ကြီးသွားသည်။

တော်လိုက်တဲ့ ဘခက်။

ဘယ်နှယောက်ထွက်လာတာလဲ။

တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်၊ လေးယောက်။

လေးယောက် ... အဲ ... နောက်တစ်ယောက် ထွက်လာပြန်ပြီ။

ငါးယောက် ...

စုစုပေါင်း ငါးယောက် ...

"ရန်စေးထန် ဘယ်မှာလဲ"



"စိုင်းစက္ကတို့နောက်ကို လိုက်သွားပြီ"

"ဘယ်ဘက်ကို ပြေးလို့လဲ"

"တောင်ကြောပေါ် တက်ပြေးလို့"

မညာရဲ ...

သူတို့ အမှန်အတိုင်း ဖြေနေကြသည်။

"ဟော့ ... သူတို့ကို ချုပ်ထားလိုက်စမ်း"

ဘခက် ဆက်လိုက်သည်။

ဒေါင်းမနားချောင်းရဲ့ ဟိုဘက်က တောင်ကြောအတက်လမ်း။

တွေ့ပြီ ...

ရန်စေးထန်ကို မီလာပြီ။

"ဒိုင်း"

သည်တစ်ခါပစ်တာ ဘခက် မဟုတ်။

အိုင်းရွမ်းပေဒါ

သူတို့ စိုင်းစက္ကနဲ့ လူးလူးကို မမြင်ကြ။

ရန်စေးထန်ကို မဲနေသည်။

ရန်စေးထန် နောက်ကို အတောင်းထိုးလိုက်ဖို့ ခြေလှမ်းမြင်နေသည်။

"ထိသွားပြီဟေ့"

"ရန်စေးထန် ခြေထောက်ကို ထိသွားပြီ"

www.burmeseclassic.com



အော်သံကြားလိုက်ရသည်။

"ဟေး"

"ဟေး"

အိုင်းရှမ်း လူတွေ စုပြုံတက်သွားသည်။

အားလုံး ရန်စေးထန်ကို ပိတ်ဝိုင်းထားလိုက်ကြသည်။

ရန်စေးထန် မလွတ်တော့။

"ဟား ... ဟား"

"ဘယ်လိုလဲ ရန်စေးထန်၊ ရှင် လွတ်အောင်ပြေးဦးလေ၊ ရှင် တော်တော် ကြောက်စရာကောင်းတဲ့လူပဲ ရန်စေးထန်ရဲ့"

"အင်း ... ဟင်း"

ရန်စေးထန် မထနိုင်။

ခြေသလုံးသားနေရာကို ကျည်ဆန်တစ်တောင့်က ဖောက်ဝင်သွား၍ သွေးတွေမြင်မကောင်းအောင် စီးကျနေသည်။

"နင် ... နင်"

ရန်စေးထန် အံကြိတ်ထားသည်။

အိုင်းရှမ်းကို မျက်ထောင့်နီကြီးနဲ့ လှမ်းကြည့်နေသည်။

"နင် သတ်လိုက်"



"ဟင်း ဟင်း ... သတ်မှာပါ ရန်စေးထန်ရယ်၊ ရှင် ဘာမှပူမနေစမ်းပါနဲ့၊ ဟော့ ... သူ့ကို ဒေါင်းမနားချောင်းကို ပြန်ခေါ်သွားစမ်း"

လူလေးယောက် ...

ရန်စေးထန်ကို ဝိုင်းမ,လိုက်ကြသည်။

"ဝိုင်း"

"ဟင်"

သည့်ဘက်က ချုံကြီးထဲမှာ ...

ဝိုင်းစက္ကန့် လူးလူး ...

နှစ်ယောက်စလုံး မလှုပ်နိုင်ကြ ...

သူတို့ရဲ့ လက်နက်အင်အား သာနေသည်။

လူအင်အား ကောင်းနေသည်။

"ဘယ်လိုလုပ်မလဲ"

"ရှူး ... တိုးတိုး"

"ဖြောက်"

"ခြောက်"

အိုင်းရှမ်း လူဖစ်ယောက် ...

သူတို့နှစ်ယောက် ဝင်ပုန်းနေတဲ့ ချုံကြီးဘက်ကို လျှောက်လာနေသည်။

"ရှူး"

www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း"

"ဖြန်း"

သေစမ်း ...

ညစ်ပတ်လိုက်တဲ့ကောင်စုတ်။

အနားကိုလာပြီး ဘာမပြော ညာမပြော စွတ်လုပ်သွားသည်။

ခံလိုက်ရတာ စိုင်းစက္က ...

နှံလိုက်တာ ...

"လူးလူး"

"ဟင်"

"အိုင်းရွှမ်းကတော့ ရမ်းနေပြီ။ ရန်စေးထန် မလွယ်တော့ဘူး"

တိုးတိုးကျိတ်ပြောနေရသည်။

"ဟော ... စိုင်းစက္ကကို ဒီနားတစ်ဝိုက်မှာ ရှာစမ်း"

သွက်လိုက်တဲ့ အိုင်းရွှမ်းလူ။

မသိချင်ယောင်ဆောင် ပြန်လှည့်ထွက်သွားပြီး လက်နက်ကိုင်တွေနဲ့ စိုင်းစက္ကတို့ ရှိနေတဲ့ ချုံကြီးကို မသိမသာ ဝိုင်းထားလိုက်ကြပြီ။

"စိုင်းစက္က"

"အခု ထွက်ခဲ့စမ်း"



လူးလူး ကြောက်ပြီး စိုင်းကို တအားဖက်ထားမိသည်။

မရတော့ ...

စိုင်းစက္က ထွက်လိုက်ရသည်။

"မိမဲ့မိတော့လည်း အကုန်လုံး မိတော့တာပါပဲလား စိုင်းစက္ကရယ်"

အိုင်းရွှမ်း ကျေနပ်နေသည်။

အိုင်းရွှမ်း ပီတီတွေ ဖြာနေသည်။

"ကဲ ... အားလုံးကို ခေါ်ခဲ့ကြစမ်း"

ညတွင်းချင်း စိမ့်ကြီးမြိုင်ကို ပြန်ဆင်းကြသည်။

စိမ့်ကြီးမြိုင်သည် သူတို့အားလုံးရဲ့ ဇာတ်ပေါင်းရာနေရာ။

"ရန်စေးထန်ကိုလည်း မိပြီ"

"စိုင်းစက္ကနဲ့ လူးလူးလည်း ပြန်ပါလာပြီ"

"ဟေး"

"ဟေး"

တိတ်ဆိတ်နေတဲ့ ရွာကလေး ဆူညံသွားသည်။

အမဲကောင်ကို အရှင်လတ်လတ် ဖမ်းလာခဲ့ပြီတဲ့ မုဆိုးတွေ ဝမ်းသာနေကြသလိုမျိုးပဲ။

"အိုင်းရွှမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ စိုင်းစက္က"

"ရန်စေးထန်ကို မင်း ကြိုက်သလိုလုပ်၊ ဒါပေမဲ့ ကိုယ်နဲ့ လူးလူးမှာ ဘာအပြစ်မှ မရှိဘူး"

"မအော်နဲ့လေ စိုင်းစက္က၊ စိတ်ထိန်းမှပေါ့။ ကွန်မြူးသမားကြီးရယ် ... ဟင်း ... ဟင်း"

သစ်ပင်မှာ ကြိုးနဲ့တန်းလန်း ချိတ်ဆွဲခံထားရတာ ရန်စေးထန်နဲ့ စိုင်းစက္က။

လူးလူးကတော့ ကျိတ်ငိုနေသည်။

စိုင်းအတွက် ပူပန်သောကတွေ အရမ်းရောက်နေရသည်။

"အိုင်းရွှမ်း မတရားဘူး"

"အိုင်းရွှမ်းကို မကျေနပ်ဘူး"

စိုင်းစက္က အော်ဟစ်နေသည်။

လေတွေကို ခြေထောက်နဲ့ ကန်ကျောက်ပစ်နေသည်။

"အိုင်းရွှမ်း"

"ဘာလဲ [illegible]"

"စိုင်းစက္က ပြောတာ မှန်တယ်"

"ဘာ"



"သူ စိမ့်ကြီးမြိုင်ကို လိုက်လာတာ ငါနဲ့ တစ်ယောက်ချင်း ယှဉ်ဖို့ လိုက်လာတာ၊ ခုထိ သူနဲ့ငါ မယှဉ်ပြိုင်ရသေးဘူး၊ ဒီလိုလုပ် အိုင်းရွှမ်း၊ ချောင်းကို ဖြတ်စီးဆင်းသွားတဲ့ စင်ပေါ်ကနေ စိုင်းစက္ကကို ငါ စောင့်နေမယ်၊ နောက်ဆုံးအနေနဲ့ သူ့ကို အခွင့်အရေး ပေးသင့်တယ်လို့ ငါ ထင်တယ်၊ နင် သူ့ကို လွှတ်ပေးလိုက်ပါ၊ ဒါမှ သူ့ကို နိုင်သွားရင် နင်နဲ့ ငါ"

"ဟေး"

"မှတ်တယ်ကွ"

"ကိုဘခက် ပြောတာ အရမ်းမှန်တာယ်ကွ"

"ပွဲကြီးပွဲကောင်း ကြည့်ရတော့မယ်ဟော့"

"ရှိုး"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

လက်ခုပ်သံတွေ အော်ဟစ် အားပေးသံတွေ စီစနဲ့ ညံအောင် ထွက်လာကြပြီ။

"ကျွားမနိုင်ဘခက်ကွ"

"တို့ဆရာဘခက်ကွ"

ဘခက် စိန်ခေါ်နေပြီ။

အိုင်းရွှမ်း ဘာလုပ်ရတော့မလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘခက် ပြောတာ သဘာဝကျနေသည်။

အရမ်းမျှတနေသည်။

သူတို့နှစ်ယောက်ကြားမှာ ရှိနေတဲ့ အကြွေးတွေကို နောက်ဆုံးအကြိမ်အဖြစ်နဲ့ ပေးဆပ်ကြရမယ်ပွဲ။

ကျားမနိုင်ဘခက်နဲ့ ဘလက်တိုက်ဂါး ...

အသက်မေးကြေး လောင်းကြေးအုပ်ကြမည့်ပွဲ။

"ဟော့ ... စိုင်းစက္ကကို လွှတ်ပေးလိုက်"

အိုင်းရှမ်း ဆုံးဖြတ်လိုက်ပြီ။

စိုင်းစက္က ကိုယ်တိုင် လက်သီးတွေကို အကျစ်ဆုံးဖြစ်အောင် တအားဖိဆုပ်မှစ်လိုက်ပြီ။

စိမ့်ကြီးမြိုင်ချောင်းကို ခွဆောက်ထားတဲ့ လက်ဖွဲ့စင်မြင့်ပေါ်ကို အရင်ဆုံး ရောက်နှင့်နေတာ ဘခက်။

နေရောင်က တဖြည်းဖြည်းမြင့်တက်လာနေသည်။

အချိန်ကို ကြည့်လိုက်တော့ မနက်ဆယ်နာရီခွဲ။

"စိုင်း"

"လူးလူး"

"စိုင်းရယ် ... စိုင်း အတွက် လူးလူး စိတ်ပူလိုက်တာ"

လူးလူး ပြောလာပြီး ချစ်သောစိုင်းကို ပွေ့ဖက်ထားသည်။



စိုင်းမျက်နှာ တစ်ခုလုံးကို မမိမကမ်းနဲ့ လူးလူး အငမ်းမရ လိုက်နမ်းနေသည်။

"စိတ်ချစမ်းပါ လူးလူးရယ်၊ ပွဲပြီးသွားတာနဲ့ လူးလူးဆီကို ကိုယ်ရောက်အောင် ပြေးလာမှာပေါ့၊ ဘခက်ကို ကိုယ် ယှဉ်ရဲပါတယ်၊ ကဲ ... ကိုယ်သွားမယ်၊ စင်ပေါ်ကို ကိုယ် တက်လိုက်တော့မယ်"

"ဟေး"

"ဘလက်တိုက်ဂါးကွ"

"ဘလက်တိုက်ဂါး"

"စိုင်းစက္က"

"ဘလက်တိုက်ဂါး"

အော်သံတွေ ဆူပြီးထွက်လာသည်။

"ဟေး"

"ဟေး"

စိမ့်ကြီးမြိုင်ချောင်းရဲ့ ဟိုဘက်သည်ဘက် ကွက်လပ်ကျယ်တွေမှာ အားပေးနေတဲ့ လူတွေနဲ့ မွှေးမွှေးလှုပ်သွားသည်၊

ဦးထိးမိုးစံနဲ့ အိုင်းရှမ်းပေါ့ ...

အနီရောင်ဝတ်စုံကြီးတွေဝတ်ပြီး ကျားမနိုင်ဘခက်ကို အားပေးနေတဲ့ဘက်ခြမ်းမှာ ထိုင်ခုံတွေနဲ့ စီမံပြီး ကျကျ ထိုင်ကြည့်နေသည်။

www.burmeseclassic.com



လှိုင်းတွေက ကျားမနိုင်ဘက်ဘက်မှာ များနေသည်။

ဟိုဘက်ခြမ်းမှာတော့ ကျိုးတိုးကျဲတဲ။

ခြေထောက်ကို သေနတ်ဒဏ်ရာရထားတဲ့ ရန်စေးထန် ထိုင်ခုံတစ်လုံးပေါ်မှာ ထိုင်နေသည်။

ဘယ်လိုမှ ပြေးလို့မရ။

သန်မာတဲ့ ဗလကြီးနှစ်ကောင်က ရှန်စေးထန်ဘေးမှာ တစ်ဖက်တစ်ယောက်စီ ရပ်နေသည်။

ပြီးတော့ ရန်စေးထန်နဲ့ မလှမ်းမကမ်းက ထိုင်ခုံပေါ်မှာ လူးလူး ...

သူမ အသက်မရှူနိုင် ...

စိုင်း စင်ပေါ်ကို တက်သွားပြီ ဆိုကတည်းက အသက်ရှူဖို့ မေ့သွားသည်။

စိုင်းအတွက် ...

စိုင်းကို ဘုရားသခင် ကယ်တင်စောင့်ရှောက်ပါ။

ပျော်ရွှင်ဝမ်းမြောက်ခြင်းတွေ အားလုံး စိုင်းကိုယ်ပေါ်သို့ ကျရောက်ပါစေ။

"စပြီလော့"

"ပြေး..."

"ဘောင်း"



"အို ... စိုင်း"

လူးလူး မျက်လုံးကလေးတွေ ပြူးကျယ်ဝိုင်းစက်သွားခဲ့ရပါပြီ။

"စိုင်း"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

"စိုင်း"

လူးလူး အသံက အပြင်ကို ထွက်ကျမလာ။

လည်ချောင်းထိပ်မှာ တစ်နေသည်။

လူးလူး တစ်ကိုယ်လုံး ခြေဖျားလက်ဖျားတွေပါ မကျန်အောင် အေးစက်နေသည်။

"ဟေး"

"ဟေး"

"ဆရာဘခက်တဲ့ကွ"

"ကျားမနိုင်ဘခက်"

"ကျားမနိုင်ဘခက်"



ကျားမနိုင်ဘခက်ကို အားပေးနေတဲ့ အော်သံတွေ စိမ့်ကြီးမြိုင်ချောင်းတစ်လျှောက်မှာ ညံနေသည်။

ဘခက်က အှတင်းဝင်ဖိုက်နေသည်။

အခုန်အပျံတွေနဲ့ တရကြမ်း တိုက်စစ်ဆင်နေသည်။

ခံနေရတာ စိုင်းစက္က ...

သူ့ဘက်က အားပေးနေတဲ့ လူတချို့ မျက်လုံးပြူးပြီး ငေးကြောင်နေသည်။

အော်ဟစ်အားပေးဖို့ သတိမေ့နေသည်။

"ကျားမနိုင်ကွ"

"ကျားမနိုင်"

"ကျားမနိုင်တဲ့ဟေ့"

"ရှိုး ... ဖြောင်း ဖြောင်း ဖြောင်း"

လက်ခုပ်သံတွေ ...

ခုန်ပေါက်မြူးတူးနေတဲ့ အသံတွေ ...

တကယ်တော့ ...

မနေ့ညက စိုင်းစက္က လက်မောင်းထိပ် ခုံးနွန်းမှာ သစ်သားချောင်းတစ်ခုနဲ့ ထိုးမိထားတဲ့ဒဏ်ရာထဲမှာ ရထားသည်။

ဒေါင်းမနားချောင်းကို နွယ်ကြိုးတစ်ခုနဲ့ ဖြတ်ကျော် လိုက်စဉ်တုန်းက ရခဲ့တဲ့ဒဏ်ရာ။

သည်ဒဏ်ရာကြောင့်

www.burmeseclassic.com

နိုင်းစက္က ကောင်းစွာလှုပ်ရှားလို့ မရနိုင်။

ထိုလိုက်တိုင်း နာနေသည်။

တဆစ်ဆစ်နဲ့ ကိုက်ချင်နေသည်။

"ဖြောင်း"

"ဘောင်း"

"အင့်"

"ဟေး"

"ဆရာဘခက်ကွ"

မျက်နှာပျက်နေတာ အိုင်းရှမ်း ...

တကယ်လို့သာ ဒီပွဲမှာ ဘခက် နိုင်သွားခဲ့ရင် အိုင်းရှမ်း အကြီးအကျယ် စိတ်ညစ်ရတော့မှာ သေချာနေသည်။

ဘခက်ကို အိုင်းရှမ်း ကိုယ်တိုင် ပေးထားခဲ့တဲ့ ကတိ။

ဘခက် ကိုယ်တိုင်ကလည်း အိုင်းရှမ်းဆီက အထပ်ထပ် အခါခါ တောင်းထားခဲ့တဲ့ ကတိ။

အိုင်းရှမ်း ဘာလုပ်ရပါ့မလဲ။

နိုင်းစက္က ခံနေရပြီ။

စင်ပေါ်မှာ ...

ဘခက် ပွဲကြမ်းနေသည်။



နိုင်းစက္ကကို အတင်းဝင်ပူးဖို့ ကြိုးစားနေသည်။

"ဟေး"

"ဟေး"

"ဖြောင်း"

"ဖြောင်း"

မျက်နှာဆီကို တရကြမ်း ဝဲမှဲလာတဲ့ ဘခက်ရဲ့ လက်သီးတွေ။

နိုင်းစက္က နှန်ရှောင်ရင်း ခြေဖျားထောင်းနဲ့ ဘခက် လည်ပင်းကို ဖြောင်းခနဲ ဖြောင်းခနဲ နှစ်ဆင့်ကန်ပစ်လိုက်သည်။

"ဟာ"

စိမ့်ကြီးမြိုင်ချောင်းသားတစ်ခုလုံး ဟာခနဲ အော်လိုက်တဲ့ အသံတွေနဲ့ ဆူညံသွားသည်။

"ဘခက်"

"သတိထား"

"ဆော်တယ်ဟေ့"

ဘခက် ယိုင်သွားသည်။

နောက်ကို လန်သွားသည်။

တစ်ချိန်လုံး မာနေတဲ့ ဟန်ချက်က ပျက်ချင်သလို ဖြစ်သွားသည်။

www.burmeseclassic.com



စိုင်းစက္က ...

သက်လုံကောင်းပြီးသား ...

တာအထွက်မှာ တမင်အနှာခံပြီး ဘဲခက်ကို လွှတ်ပေးလိုက်တာ။

အဟုတ်မှတ်ပြီး ...

ဘဲခက် ခပ်ကြွမ်းကြွမ်း လှမ်းရှားလိုက်တာလေ။

နတော့ ...

ဘဲခက်ရဲ့ အသက်ရှူသံတွေ ပြင်းနေသည်။

ချွေးသီးချွေးပေါက်က ဘဲခက် တစ်ကိုယ်လုံး ရွှဲနစ်နေအောင် ကျနေသည်။

ခပ်ဆတ်ဆတ်လေး နှစ်ချက်ထိုးသွားတော့ ဘဲခက် ပိုဆိုးသွားပြီ။

မျက်ထောင့်နီကြီးနဲ့ စိုင်းစက္ကကို အတင်းဝင်ပူးသတ်ဖို့ အကွက်ချောင်းနေပြီ။

"ဟိတ်"

"အင့်"

"အွတ်"

"ဖြောင်း"

လည်ထွက်သွားသည်။





ယိုင်ထွက်သွားသည်။

စိုင်းစက္ကတော့ မဟုတ်။

ကျားမနိုင်ဘခက်။

"ဟာ"

"ဟင်"

လူးလူး ထခုန်မိမတတ် ဝမ်းသာသွားသည်။

စိုင်းစက္က ဘက်က အားပေးနေတဲ့လူတွေ အခုမှ အသက်ဖြောင့်ဖြောင့်ရှူလို့ ရသွားကြပုံပင်။

ဝေါခနဲ အသံထွက်လာသည်။

"စိုင်းစက္က ကွ"

"ဘလက်တိုက်ဂါးကွ"

"ဟေး"

"ဟေး"

အားပေးတဲ့လူက နည်းနေတော့ အသံက သိပ်မထွက်။

ကွက်တိကွက်ကျား ထွက်လာတဲ့ အသံ။

"ဘဲခက် ဘယ်လိုဖြစ်တာလဲ သမီး"

ဦးထီးမိုးစံ ...

လှုပ်လှုပ်ရွရွ ဖြစ်ချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂနာမငြိမ် ဖြစ်ချင်နေသည်။

ဘခက် ခံလိုက်ရတာကို ကြည့်ပြီး ဦးထီးမိုးစံ ရင်မောနေရပြီ။

"ဟော"

ဦးထီးမိုးစံ မေးတာကို အိုင်းရှမ်း မဖြေနိုင်။

အခြေအနေက သူတစ်ပြန် ကိုယ်တစ်ပြန်ပဲ။

ဖျန်ဖြေဖို့ မပြောနဲ့ ...

မျက်တောင်ခတ်ဖို့တောင် အချိန်မရ။

အနာခံပြီး အတင်းဝင်လုံးတဲ့ ဘခက် ...

ဒူးတွေ တံတောင်တွေနဲ့ ဘယ်ဝိုက် ညာဝိုက် ထိုးချက် တိုက်ချက်တွေက ကြောက်ခမန်းလိလိ အရှိန်မြင့်တက်လာသည်။

စိုင်းစက္က ...

ဘခက်ကို အကာပ်မခံပါ။

"ဘခက်"

"ကျားမနိုင်ဘခက်"

"ဆော်ထား"

"အပြတ်တီးထား"

ဘခက်ဘက်က အသံဗေ ပြန်ထွက်လာသည်။





"ဟင်"

"ဟာ"

အာမေဋိတ်အသံတွေ ညံသွားသည်။

သည်တစ်ကွက်မှာလည်း ဘခက် ခံလိုက်ရ၍ ဖြစ်သည်။

ဘခက်ရဲ့ အပေါ်ဝဲဘက် မျက်ခုံး။

ကွဲထွက်သွားသည်။

စိုင်းစက္ကရဲ့ လက်ဝါးစောင်း ခုတ်ရိုက်ချက်။

ဘခက် ဘယ်လိုမှ မခံနိုင်။

စိုင်းစက္က အတွင်းအားကို ထည့်ပြီးသား။

ဝါးဘိုးဝါးပင်ကြီးတွေကို ခုတ်ရိုက်လေ့ကျင့်ထားတဲ့ စိုင်စက္ကရဲ့ လက်ဝါးစောင်းတွေ။

ဓားတစ်ချောင်းလို ထက်နေသည်။

မိုးကြိုးသွားလို မာနေသည်။

ဘခက် မျက်နှာပေါ်ကို သွေးတွေ စီးကျနေပြီ။

"ဘလက်တိုက်ဂါးကွ"

"ဘလက်တိုက်ဂါး"

"ဟေး"

လူးလူး မကြည့်ရဲပါ။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေကို စုံမှိတ်ထားမိသည်။

ပွဲက ...

တော်တော်ကြမ်းတဲ့ပွဲ။

သူသေကိုယ်သေ ...

အပြတ်ဆော်နေသည်။

မညှာကြ။

ညှာရကောင်းမှန်းလည်း မသိကြ။

"ဖြောင်း"

"ဘောင်း"

"ဟာ"

ကျားမနိုင်ဘခက် ...

စိုင်းစက္ကရဲ့ အားနည်းချက်ကို သိသွားပြီ။

လက်မောင်း ...

အထိမခံနိုင် ...

အဲဒီနေရာကို ထိလိုက်တိုင်း တွန့်ဆုတ်သွားတဲ့ စိုင်းစက္ကရဲ့မျက်နှာ။

"ဟိတ်"

"ဟိတ်"

အော်သည်။



အသံပေးရင်း ဝိုက်လက်သီးတွေ ပင့်လက်သီးတွေနဲ့ စိုင်းစက္ကရဲ့ လက်မောင်းရိုးတွေ ပြုတ်ထွက်သွားအောင် အတင်း တက်ပြီး ဘခက် လိုက်ထိုးနေသည်။

"ခွပ်"

"ဒုတ်"

"အင့်"

ထိပြီ။

"အား"

စိုင်းစက္ကာ လည့်ထွက်သွားသည်။

မျက်လုံးထဲမှာ တစ်ချက်ပြာပြီး မိုက်ခနဲ ဖြစ်သွားသည်။

"စိုင်း"

"သတိထား"

"ဟင်"

လူအုပ်ထဲက ထွက်လာတဲ့ လူးလူးရဲ့ အသံ။

စိုင်းစက္ကာ ဆစ်ချက်တွေသွားသည်။

အာရုံတွေက လူးလူးဆီကို မထင်မှတ်ဘဲ ရောက် သွားသည်၊

"ဖြောင်း"

www.burmeseclassic.com

www.burmeseclassic.com



"ခုတ်"

"ခွဲ"

"ခုပ်"

ဘခက် လက်သီးတွေ ...

စိုင်းစက္ကဆီ အဆက်မပြတ် ပြေးဝင်လာသည်။

"ဟာ"

"သေပြီ"

စိုင်းစက္က ယိုင်ထိုးသွားသည်။

ခေါင်းကို ထူမတ်နိုင်အောင် မနည်း ကြိုးစားနေမိပေမဲ့ မျက်လုံးတွေက ပြာနေသည်။

"စိုင်း"

"စိုင်း"

လူးလူး ပြေးသွားချင်ပေမဲ့ ပြေးသွားလို့မရ။

လူနှစ်ယောက်က လူးလူးကို ဘေးတစ်ဖက်တစ်ချက်ဆီကနေ ညှပ်ထိန်းထားသည်။

"ဟိတ် ... မလှုပ်နဲ့၊ အေးအေးဆေးဆေး ထိုင်ကြည့်စမ်း"

ခပ်မာမာ အမိန့်ပေးလိုက်တဲ့ အသံ။

စိုင်းစက္က ဆုံးဖြတ်လိုက်ပြီ။



ဘခက်ကို သက်ညှာလို့ မဖြစ်တော့ပြီ။

မော်ဝင်ကွန်ဖူး ...

စိုင်းစက္က မျက်လုံးတွေကို ပိတ်ပစ်လိုက်သည်။

အာရုံတွေကို စုစည်းလိုက်သည်။

ခန္ဓာကိုယ်ထဲက ရှိသမျှ အားတွေကို ညှစ်ထုတ်လိုက်သည်။

ကြွက်သားတွေ လှုပ်လာသည်။

သွေးတွေ ပူခြစ်လာသည်။

စိုင်းစက္က အာရုံခံထားတာ ဘခက်ရဲ့ အသက်ရှူသံ။

မြွေဟောက်တစ်ကောင် ပါးပျဉ်းထောင်ပြီး တရှူးရှူး မှုတ်နေတဲ့ အသံ။

သည်အသံ ဘယ်ကနေ ပြေးအုပ်လာမလဲ။

အရှေ့လား ...

အနောက်လား ...

ဒါမှမဟုတ် ...

တောင်လား ...

မြောက်လား ...

သူ့မှာ လက်နက်မရှိ ...

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မှာလည်း လက်နက်မပါ ...

ဒူးနဲ့ ပြေးတိုက်မလား တိုက် ...

ခေါင်းနဲ့ ပြေးဆောင့်မလား ဆောင့် ...

လက်သီးနဲ့ ပြေးထိုးမလား ထိုး ...

"ဟိတ်"

အသံပေးလိုက်တာ ဘခက် မှားသွားသည်။

ပြေးဝင်လာတဲ့ ဘခက် မိုက်မဲလွန်းအား ကြီးသွားသည်။

သူ ထင်ထားတာက ...

စိုင်းစက္က မူးနောက်သွားပြီ ထင်လိုက်တာ ...

မော်တော်ရပ်ရင်း ငြိမ်နေတဲ့ စိုင်းစက္က ...

အတွင်းအားတွေအားလုံး ခြေဖဝါးထိပ်က ခြေချောင်းလေး ဆယ်ချောင်းထိပ်မှာ သွားစုပစ်လိုက်သည်။

"ဟား"

ဖျတ်ခနဲ ...

ဆတ်ခနဲ ...

စိုင်းစက္က တစ်ကိုယ်လုံး လေထဲကို ရှစ်ပေလောက် မြောက်တက်သွားပြီ။

ပြေးဝင်လာတဲ့ ဘခက် အရှိန်မထိန်းနိုင်။



လေထဲကနေ အောက်ပြန်ကျလာတဲ့ စိုင်းစက္က။

ဘခက် ခေါင်းပေါ်ကို ကျွက်တိပဲ။

"ဖြောင်း"

"ရှုတ်"

တစ်ချက်တည်းပဲ ...

ပန်းရိုးကို ရိုးပစ်လိုက်တဲ့ တိုက်ကွက် ...

မော်ဝင်ကွန်ဖူးထဲက အသက်ညှာဆုံး တိုက်ကွက်။

တံတောင်နဲ့ ရိုက်ချိုးပစ်လိုက်တာပါ။

"ဟာ"

ဘခက် လဲကျသွားပြီ။

စိုင်းစက္ကကတော့ လေထဲမှာ တစ်ပတ်လည်ပြီး ခပ်လှမ်းလှမ်းက ဝါးကြမ်းခင်းပေါ်မှာ မတ်မတ်ရပ်လျက်သား။

"ဘုရား ... ဘုရားသခင်"

လူးလူး ဘုရားတ,နေသည်။

မျက်တောင်မခတ်မိအောင် အံ့ဩနေသည်။

ဘခက် ပြန်မထနိုင်တော့။

စိုင်း ...

နောက်တစ်ကွက်ကို ထပ်ကစားဖို့ အားယူလိုက်သည်။

www.burmeseclassic.com

စိမ့်ကြီးမြိုင်ချောင်း ...

ရေကဲ တရကြမ်းစီးနေသည်။

"စိုင်း မလုပ်နဲ့"

လူးလူး အော်လိုက်တာ နောက်ကျသွားသည်။

လဲကျနေတဲ့ ဘခက်ကို ဆွဲမ,လိုက်ပြီး စိမ့်ကြီးမြိုင်ချောင်းထဲကို ဇွမ်းခနဲနေအောင် စိုင်း ပစ်ချလိုက်ပါပြီ။

"ဟာ"

"ဟင်"

"အို"

အိုင်းရှမ်း တစ်ဖွဲ့လုံး ဘယ်သူမှ အသက်မရှူနိုင်တော့။

မယုံနိုင်လောက်အောင် ဖြစ်နေသည်။

အားလုံး ကြက်သေ သေဖြိုး မီးကို ရေနဲ့ငြိမ်းထားသလို ငြိမ်ကျသွားသည်။

သတိပြန်ဝင်လာတာ ...

စိုင်းစက္ကကို အားပေးနေတဲ့ စိမ့်ကြီးမြိုင်ရွာသားတွေ။

ဘခက်ကို မုန်းနေတဲ့ ရွာခံလူတွေ ...

ဘခက် နိပ်စက်လာတာ ကြာပြီ ...

ဘခက် အနိုင်ကျင့်လာတာ ကြာပြီ ...



"ဟေး"

"ဟေး"

"ဘလက်တိုက်ဂါး ကွ"

"ဘလက်တိုက်ဂါး နိုင်ပြီကွ"

"နိုင်ပြီ"

"နိုင်ပြီ"

"ရှီး ... ဖြောင်း ... ဖြောင်း"

"ဒိုင်း"

"ဒိုင်း"

"ဟာ"

မထင်မှတ်တဲ့ နေရာက ပေါ်လာတဲ့ သေနတ်သံတွေ ...

လုံခြုံရေး အစောင့်တွေနဲ့ ပစ်ခတ်ကြတဲ့ သေနတ်သံတွေ ...

"စိုင်း"

"လူးလူး"

လူးလူးကလည်း စိုင်းဆီကို ပြေးလာသည်။

စိုင်းကလည်း လူးလူး ရှိနေတဲ့ သဲသောင်ပြင်ဘက်ကို ခုန်ဆင်းလိုက်သည်။

www.burmeseclassic.com



"လာ … လူးလူး"

"ဒိုင်း"

"ဒိုင်း"

"ဒက်"

"ဒက်"

အိုင်းရှမ်း အဖွဲ့က လူတွေနဲ့ သက်ဆိုင်ရာ လုံခြုံရေး တပ်ဖွဲ့တွေ တိုက်ပွဲဖြစ်ကြပြီ။

လောဘသမားတွေ …

ဥပဒေအပြင်ဘက်ကို ရောက်နေတဲ့ ခုစရိုက်သမားတွေ …

ရာဇဝတ်ဘေးကနေ ဘယ်လိုလုပ် ပြေးလို့လွတ်လာမှာလဲ။

"စိုင်း"

လူးလူး တရှတ်တိုက် ပါလာသည်။

လူအုပ်ထဲက အတင်းတိုးထွက်သည်။

လူအုပ်ကြီးနောက်မှာ မြင်းတစ်ကောင် …

စိုင်းစက္ကနှင့် လူးလူး …

စက္ကနဲ့ဗိုင်း အတွင်းမှာပင် မြင်းကြီးပေါ်ကို ရောက်သွားကြပြီ။



"နေခဲ့တော့ စိမ့်ကြီးမြိုင်"

"ဖြောင်း"

"ဖြောင်း"

မြင်းခွာသံတွေ ညံသွားသည်။

တိုက်ပွဲနဲ့ လွတ်ရာဆီကို ပြေးထွက်လာခဲ့တဲ့ စိုင်းစက္ကနဲ့ လူးလူး …

တစ်ယောက်ကို တစ်ယောက် …

တင်းကျပ်စွာ ပွေ့ဖက်လို့ …

"စိုင်း"

"စိုင်းရယ်"

"စိုင်းအတွက် လူးလူး စိတ်ပူလိုက်ရတာကွယ်"

နှစ်ယောက်ကြားမှာ လေတိုးလို့မရ။

အအေးဓာတ်တွေ တိုးလို့မရ …

နှစ်ယောက်သား ပူးကပ်နေသည်။

ရေတွေ တဝေါဝေါ ဆင်းနေတဲ့ ချောင်းကြီးတစ်ခုဘေးမှာ …

"ချစ်တယ် လူးလူးရယ် … လူးလူးကို စိုင်း အရူးအမူးချစ်တယ်"

"အို"

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ ...

နိုင်းနဲ့လူးလူးကို ဘယ်သူမှ ခွဲလို့မရတော့ ...

အားလုံး အေးချမ်းတိတ်ဆိတ် ငြိမ်သက်သွားခဲ့ရပါပြီ။

အားလုံးကို ချစ်ခင်လေးစားစွာနဲ့
ထာဝရဆုံမိကျမှာ
ကျေးဇူးတင်လျက်ပါပဲလို့

နိုင်ရွှေဝင်

www.burmeseclassic.com